The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 37
တနင်္လာနေ့တိုင်းထုတ်ဝေသည်
September 30, 2019

# မြန်မာနိုင်ငံ ဝန်ဆောင်မှုကုန်သွယ်ရေး ကဏ္ဍမြှင့်တင်ခြင်း စီမံကိန်း မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

စာမျက်နှာ - ၆ ➤





# မြန်မာ့သကြားနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ

စာမျက်နှာ - ၈ ➤



## ဒေသငါးမျိုးများ မျိုးသုဉ်းခြင်းမှ ကာကွယ်နိုင်ရန် ငါးမျိုးသစ်များ ဖော်ထုတ်မျိုးပွားနိုင်ရေး အရှိန်မြှင့်ဆောင်ရွက်နေ

စာမျက်နှာ - ၂၄ ➤

## လစဉ် ကျပ်တစ်သိန်းငါးသောင်း ကျော်ပေးသွင်းရုံဖြင့် ကိုယ်ပိုင်အိမ်ဆောက်လုပ်နိုင်မည့်ဝန်ဆောင်မှု မိတ်ဆက်

စာမျက်နှာ - ၂၆ ➤

## သဘာဝမြစ်ငါးတန်ကို သားဖောက်၍ ပြည်ပနိုင်ငံများသို့ တင်ပို့သွားမည်

စာမျက်နှာ - ၂၆ ➤


GREAT WALL
TRADITIONAL MEDICINE MANUFACTURING
ဂရိတ်ဝေါ
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
E-mail : mgmgoogw@gmail.com
www.greatwallmyanmar.com


MILAN
since 1918, SPAIN
Copper Sharpeneraser
Underground Sharpeneraser
Silver Sharpeneraser
Super Hero Sharpeneraser
Sways Sharpeneraser
Milan Stationery Myanmar
@milanstationerymm
09-89366441, 09-89366442

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဩစတြေးလျနိုင်ငံသံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Andrea Faulkner ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။



တွေ့ဆုံစဉ် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေး၊ ASEAN-Australia Free Trade Agreement ဆိုင်ရာကိစ္စရပ်များနှင့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှတင်ပို့သည့် လယ်ယာထွက်ကုန်များ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီရေးနှင့် Sanitary and Phytosanitary (SPS) စံနှုန်းများအား လိုက်နာဆောင်ရွက်သွားနိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ အခြေခံအဆောက်အဦနှင့် Logistics ကဏ္ဍတို့တွင် ငွေကြေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ မြန်မာ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ Ease of Doing Business အဆင့်တိုးတက်ရေးအတွက် ဆောင်ရွက်နေမှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ Adviser ဖြစ်သူ Mr. Charles Roberge ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန (ITC) မှ Adviser ဖြစ်သူ Mr. Charles Roberge ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၂၆ ရက် ညနေ ၃ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၂)၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy) နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးမူဘောင် (Export Development Frame) အား အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) မှ ပံ့ပိုးကူညီပေးမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ MOC(IR)

# ဒုတိယဝန်ကြီး ဦးအောင်ထူး မဲခေါင်သိပ္ပံမှ ကိုယ်စားလှယ်အဖွဲ့နှင့် EIF အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် စက်တင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီတွင် မဲခေါင်သိပ္ပံ (MI) Study Team မှ Mekong Institute, Trade and Investment Facilitation Department (TIF) ၏ Director ဖြစ်သူ Mr. Dutta Madhuriya ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် EIF အတွင်းရေးမှူးရုံးမှ Executive Director ဖြစ်သူ Mr. Ratnakar Adhikari ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ(၂)၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။



မဲခေါင်သိပ္ပံ (MI) Study Team မှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် လန်ချန်း-မဲခေါင် ဒေသတွင်းနိုင်ငံများရှိ အထူးစီးပွားရေးဇုန်များ ဆောင်ရွက်နေမှု အခြေအနေများကို SEZ Online Platform ဖြင့်သတင်းအချက်အလက်များ ရယူဆောင်ရွက်နိုင်ရေး၊ အထူးစီးပွားရေးဇုန်များ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးမြှင့်ရေး၊ အထူးစီးပွားရေးဇုန်များတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ လာရောက်နိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

EIF အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် Enhanced Integrated Framework (EIF) ၏ လုပ်ငန်းစဉ်အဆင့်တစ်ခုအဖြစ် Myanmar Services Trade Enhancement (M-STEP) အား တရားဝင်မိတ်ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့မှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး EIF အကူအညီဖြင့် စွမ်းဆောင်ရည်မြှင့်တင်မှုကဏ္ဍ၊ E-commerce ကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကူအညီများ ဆက်လက်ရယူ၍ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံများပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
အောင်သူရ

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၇၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၁၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်နှင့်ဆန်ကွဲ တန်ချိန်ငါးသောင်းခန့် တင်ပို့ပြီး ယခင်တစ်ပတ်ထက် ပိုမို

စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာနှစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၉၁၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ စခန်းအလိုက် ဆန်တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၇၁၆၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၆၁၀ နီးပါး၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၃၇၀ကျော်ဖြစ်သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၁၄၀၀ကျော်ပိုမိုတင်ပို့နိုင်ခဲ့သည်။ ယခုတစ်ပတ်ဆန်ကွဲတင်ပို့မှုမှာ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ခုနစ် တန်ကျော်နှင့်မြဝတီကုန်သွယ်ရေးဇုန်မှ တန်ချိန် ၃၆၀၀ နီးပါး ဖြစ်သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ စက်တင်ဘာ ၁၅ ရက် မှ ၂၁ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်တန်ဖိုးရှိ ညှော်မထဆန်၊ ငစိန်ဆန်နှင့် ပေါင်းဆန် တန်ချိန် ၂၂၄၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်ရေကြောင်းမှ အာရှ၊အာဖရိကနှင့် အီးယူနိုင်ငံများသို့ တင်ပို့ပြီး အာရှနိုင်ငံများတွင် တရုတ်နိုင်ငံသို့တန်ချိန် ၁၅၈၀၀ ကျော်၊ ရုရှားနိုင်ငံသို့ တန်ချိန် ၁၂၀၀၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၅၂၀ ကျော်တင်ပို့ခဲ့ပြီး စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့်မလေးရှားနိုင်ငံများသို့လည်းတင်ပို့ခဲ့သည်။ အာဖရိကတွင် မက်ဒါဂါစကားနိုင်ငံသို့တန်ချိန် ၁၅၀၀ ကျော်နှင့် အီးယူနိုင်ငံများသို့တန်ချိန် ၂၁၀၀ ကျော်တင်ပို့ခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ်ရေကြောင်းမှဆန်ကွဲကို တန်ချိန်၁၀၀၀၀ ကျော် တင်ပို့ပြီး ပို့ကုန်ဝင်ငွေအမေရိကန်ဒေါ်လာ နှစ်သန်းကျော်ရရှိခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုများမှာ ဂျီဘူတီသို့တန်ချိန် ၂၀၀၀ ကျော်၊ အီသီယိုးပီးယားနိုင်ငံသို့တန်ချိန်၁၀၀၀၊ အီးယူသို့ တန်ချိန် ၆၄၀၀ ကျော်တင်ပို့ခဲ့ပြီး ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ မက်ဒါဂါစကားနှင့်နီဂျာနိုင်ငံများသို့လည်းတင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၄၀ ကျော်ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ်ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာဆန်တန်ချိန် ၃၁၅၀၀ ကျော်နှင့်ဆန်ကွဲတန်ချိန် ၁၃၇၀၀ ကျော်ဖြစ်ကြောင်းသိရသည်။

**ယဉ်ယဉ်အေး**



## ဧရာဝတီတိုင်းဒေသကြီး၌ စပါးဈေးနှုန်းများ ကျဆင်း

ဧရာဝတီတိုင်းဒေသကြီး ဆန်၊ စပါးဈေးကွက်၌ စက်တင်ဘာလအတွင်း ဈေးနှုန်းကျဆင်းကာ အရောင်းအဝယ်အေးလျက်ရှိပြီး ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်တို့တွင် ပေါ်ဆန်းစပါးဈေးနှင့် ညှော်မထမိုးစပါးဈေးများ ကျဆင်းလျက်ရှိသည်။

ပုသိမ်ခရိုင်တွင် ပေါ်ဆန်းစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ်ကိုးသိန်းခွဲ၊ ၁၀ သိန်းဝန်းကျင်မှ ယခုကျပ် ရှစ်သိန်းခွဲ၊ ကျပ်ကိုးသိန်း မိုးညှော်မထစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၅၀၀၀၀၊ ကျပ် ၅၉၀၀၀၀ မှ ယခု ကျပ် ၅၃၀၀၀၀၊ ကျပ် ၅၄၀၀၀၀ ခန့်ဈေး၊ မြောင်းမြခရိုင် ပေါ်ဆန်းစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၈၈၀၀၀၀-၉၃၅၀၀၀ မှ ယခု ကျပ် ၈၃၀၀၀၀- ၈၅၀၀၀၀ နှင့် မအူပင်ခရိုင်တွင် ပေါ်ဆန်းစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၉၃၅၀၀၀ မှ ယခု ကျပ် ၈၃၀၀၀၀ နှင့် ဖျာပုံခရိုင်တွင်ပေါ်ဆန်းစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၉၀၀၀၀၀၊ ၉၂၀၀၀၀ မှ ယခု ကျပ် ၇၁၀၀၀၀၊ ၇၅၀၀၀၀ ဝန်းကျင်ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ဆန်စပါးသတင်းများအရ သိရသည်။

ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်တို့တွင် စပါးလက်ကျန်များရှိနေပြီး ရန်ကုန်ဈေးကွက်နှင့် အထက်အညာဒေသမှ ဝယ်လိုအားလျော့နည်းလျက်ရှိချိန် အရောင်းအဝယ်အေးသည့်အတွက် စပါး၊ ဆန်ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်းသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## မြစ်ကြီးနား ဆန်ဈေးကွက်တွင် နေရာယူထားသည့် ရွှေဘိုပေါ်ဆန်းမွှေး

ကချင်ပြည်နယ်မြစ်ကြီးနားမြို့၏ ဒေသထွက်ဆန်များဖြစ်သည့်ဆင်း(၃)၊ စောရှုပ်၊ ငွေတိုးနှင့် ၇၀၀ ပိုဆန်များမှာ အစေးဓာတ်များ၍ ဒေသခံများသာ စားသုံးမှုရှိသည့်အတွက် ဈေးကွက်ထဲတွင်ဈေးနိမ့်နေကြောင်း တွေ့ရှိရသည်။

ကချင်ပြည်နယ်တွင် အောက်ပိုင်းဆန်များက ဆန်ဈေးကွက်ထဲတွင် ထိပ်ဆုံးကနေရာယူထားခြင်းမှာ ကချင်ပြည်နယ်တွင် ညှော့ဝန်ထမ်းများနှင့် ညှော့လုပ်သားအများစုမှာ အောက်ပိုင်းမှရောက်ရှိလာသည့် ဆန်မာများကို သာစားသုံး၍ စားသုံးသူ၏ လိုအပ်ချက်အရ ဈေးကွက်ထဲတွင်ထိပ်ဆုံးက ဖြစ်လာသည်ကိုတွေ့ရှိရသည်။

ဈေးနှုန်းမြင့်သည့် ပေါ်ဆန်းမွှေးကို စီးပွားရေးအဆင်ပြေပြီး ဝင်ငွေကောင်းသည့် လုပ်ငန်းရှင်များကသာ စားသုံးကြပြီး လက်လုပ်လက်စားများဖြစ်သည့် ညှော့လုပ်သားများက ဈေးနှုန်းချိုသာသည့်ရွှေငါး(မနော်)နှင့်၇၂ (ဆဲဗန်းတူး)ဆန်များကို စားသုံးမှုများသည့်အတွက် ဒေသထွက်ဆန်များထက် အောက်ပိုင်းဆန်မာများက ဈေးကွက်ထဲတွင် အရောင်းသွက်လျက်ရှိကြောင်း မြစ်ကြီးနားမြို့ပေါ်ရှိ ဆန်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောပြသည်။

မြစ်ကြီးနားမြို့ပေါ်ရှိ ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်းမွှေးဆန်(ရိုးရိုး) ဟောင်းတစ်အိတ်လျှင် ၆၀၀၀၀၊ ပေါ်ဆန်းမွှေး(ရိုးရိုး)သစ် တစ်အိတ်လျှင် ကျပ် ၅၈၀၀၀၊ ပဒေသာဆန်(ရိုးရိုး) တစ်အိတ်လျှင် ကျပ် ၄၇၀၀၀၊ လုံးသွယ်မွှေးဆန် (ရိုးရိုး) ဟောင်း တစ်အိတ်လျှင် ကျပ် ၅၅၀၀၀၊ လုံးသွယ်မွှေးဆန်(ရိုးရိုး) သစ် တစ်အိတ်လျှင် ကျပ် ၄၆၀၀၀၊ ဧရာမင်းဆန် (ရိုးရိုး) တစ်အိတ်လျှင် ကျပ် ၄၁၀၀၀၊ ဆင်း(၃)ဆန် (ရိုးရိုး) တစ်အိတ်လျှင် ကျပ် ၃၂၀၀၀၊ မနော်(ရွှေငါး) (ရိုးရိုး) တစ်အိတ်လျှင် ကျပ် ၃၁၀၀၀၊ ၇၂ (ရိုးရိုး)တစ်အိတ်လျှင် ကျပ် ၂၅၀၀၀အသီးသီး ရှိကြောင်း သိရသည်။

**ဌေးလှိုင်**

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၂၇-၉-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၅ | ၄၀၆ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၅ | ၃၉၆ | △ | ၃၁၅ | ၃၁၅ | □ | ၄၀၅ | ၄၀၀ | ▽ | ၃၆၅ | ၃၆၀ | ▽ |
| ဆန်ဖြူ ၁၀% | ၃၉၄ | ၃၉၅ | △ | ၃၁၃ | ၃၁၃ | □ | - | - | - | ၃၆၀ | ၃၅၅ | ▽ |
| ဆန်ဖြူ ၁၅% | ၃၉၃ | ၃၉၄ | △ | ၃၁၀ | ၃၁၀ | □ | - | - | - | ၃၅၅ | ၃၅၀ | ▽ |
| ဆန်ဖြူ ၂၅% | ၃၈၈ | ၃၈၈ | □ | ၃၀၅ | ၃၀၄ | ▽ | ၃၆၃ | ၃၆၃ | □ | ၃၃၁ | ၃၃၀ | ▽ |
| ပေါင်းဆန် | ၄၃၃ | ၄၂၉ | ▽ | - | - | - | ၃၆၈ | ၃၆၈ | □ | ၃၉၃ | ၃၉၃ | □ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၂၇-၉-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၀၀၀ | □ | ၁၈၅၀၀ | □ | ၉၂၀၀ | □ | ၄၂၀၀၀ | □ |
| ပုသိမ် | ၅၃၃၀ | □ | ၂၂၅၀၀ | □ | ၈၇၀၀ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၁၀၀၀ | □ | ၉၂၀၀ | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၆၀၀၀ | □ | ၁၇၀၀၀ | □ | ၅၂၀၀၀ | □ |
| စစ်တွေ | ၅၂၀၀ | □ | ၂၃၀၀၀ | □ | ၉၆၀၀ | □ | ၃၉၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၉၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၀၀၀ | □ | ၂၉၀၀၀ | □ | - | - | ၅၄၀၀၀ | □ |
| မန္တလေး | ၇၂၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၂၀၀၀ | △ |
| မကွေး | ၇၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၆၀၀၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | □ | ၂၂၀၀၀ | □ | ၉၃၀၀ | □ | ၄၀၀၀၀ | □ |
| လှိုင်ကော် | ၈၉၄၆ | □ | ၄၄၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၂၀၀ | □ | ၂၃၀၀၀ | □ | - | - | ၄၄၀၀၀ | □ |
| ဘားအံ | ၆၀၀၀ | ▽ | ၂၄၀၀၀ | □ | - | - | ၄၈၃၀၀ | ▽ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

**၂၀-၉-၂၀၁၉ မှ ၂၆-၉-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း**

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 575 | 41 | - | - | - | 616 |
| | Form AANZ | 11 | - | - | - | - | 11 |
| | Form AHK | - | - | - | - | - | - |
| | Form AI | 176 | 12 | - | - | - | 188 |
| | Form CHINA | - | - | - | - | - | - |
| | Form AJ | 23 | 1 | - | - | - | 24 |
| | Form AK | 237 | 15 | - | - | - | 252 |
| | Form D | 1 | 1 | - | - | - | 2 |
| | Form DFTP | 7 | 7 | - | - | - | 14 |
| | Form E | 143 | 11 | - | - | - | 154 |
| | Form Korea | 121 | - | - | - | - | 121 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1315 | 88 | - | - | 0 | 1403 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၇-၉-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၀/၉ | ၂၇/၉ | ပြောင်းလဲမှု | ၂၀/၉ | ၂၇/၉ | ပြောင်းလဲမှု | ၂၀/၉ | ၂၇/၉ | ပြောင်းလဲမှု | ၂၀/၉ | ၂၇/၉ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၆၅ | ၁၂၉၂ | ▲ | ၁၂၅၀ | ၁၂၈၃ | ▲ | ၁၁၅၀ | ၁၁၅၀ | ■ | ၁၁၇၅ | ၁၂၀၀ | ▲ |
| ပဲစင်းငုံ | ၁၃၉၆ | ၁၃၇၂ | ▼ | ၁၄၅၀ | ၁၄၃၃ | ▼ | ၁၄၆၅ | ၁၄၂၅ | ▼ | ၁၄၅၀ | ၁၄၃၅ | ▼ |
| ပဲတီစိမ်း | ၁၉၃၅ | ၁၈၀၀ | ▼ | ၁၉၀၂ | ၁၈၆၇ | ▼ | ၁၈၁၆ | ၁၈၁၆ | ■ | ၁၇၆၅ | ၁၇၆၅ | ■ |
| ကုလားပဲရိုးရိုး | ၁၀၀၀ | ၁၀၀၀ | ■ | ၁၃၈၀ | ၁၃၈၀ | ■ | ၁၃၆၈ | ၁၃၅၈ | ▼ | ၁၃၈၀ | ၁၃၇၀ | ▼ |
| ပဲလွန်းဖြူ | ၁၁၃၀ | ၁၁၁၅ | ▼ | ၁၂၀၀ | ၁၂၀၀ | ■ | ၁၁၀၅ | ၁၁၀၅ | ■ | ၁၁၆၀ | ၁၁၆၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၁၈၁၃ | ၁၇၇၈ | ▼ | ၁၄၂၀ | ၁၃၆၈ | ▼ | ၁၅၉၅ | ၁၅၉၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၄.၉.၁၉)ထိ | ယခုတစ်ပတ် (၂၁.၉.၁၉)ထိ | (၁.၁.၁၉) မှ (၂၁.၉.၁၉) ထိ |
| မတ်ပဲ | ၂၉ဂဂ၅၁ | ၁၁၆၀၇ | ၃၁၀၄၅ဂ |
| ပဲတီစိမ်း | ၁ဂ၅၄၆၂ | ၂၄၂၉ | ၁ဂ၇ဂ၉၁ |
| ပဲစင်းငုံ | ၁၁ဂ၆၂ဂ | ၉၂၆ဂ | ၁၂၇ဂ၉၆ |
| ကုလားပဲ | ၄ဂ၁၃၁ | ၁၁ | ၄ဂ၁၄၂ |
| ပဲလွန်းဖြူ | ၃၃၃၉၉ | ၂၆၆ | ၃၃၆၆၅ |
| မြေထောက်ပဲ | ၉၁၄၇ | ၄၇ | ၉၁၉၄ |

## ဟင်္သာတမတ်ပဲဈေးငြိမ်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတကုန်စည်ဒိုင်တွင် စက်တင်ဘာလ တတိယပတ်က တစ်တင်းလျှင် ကျပ် ၂၅၃၀၀ ဈေးဖြစ်ခဲ့သော မတ်ပဲသည် စက်တင်ဘာ ၂၆ ရက်တွင်လည်း ကျပ် ၂၅၁၀၀-၂၅၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး နေ့စဉ်အိတ် ၂၀၀၀ မှ ၂၅၀၀ အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

အစေ့ထုတ်ပြောင်း တစ်တင်းလျှင်ကျပ် ၈၈၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေပြီး ယခင်တစ်ပတ်ကထက် ကျပ် ၂၀၀ ခန့်၊ ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင် ကျပ် ၁၀၁၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခင်တစ်ပတ်ကထက် ကျပ် ၂၀၀ ခန့် ကျဆင်းခဲ့သည်။ ပဲတီစိမ်း(ဆီပြောင်) မျိုးတစ်တင်းလျှင် ကျပ် ၄၄၀၀၀၊ ပဲတီစိမ်း (ဝါးခယ်မ)မျိုးတစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဈေးဖြင့် အရောင်းသွက်လျက်ရှိကြောင်း သိရှိရသည်။ **မောင်မောင်မြတ်ခိုင်**

## ပြည်ပဲတီစိမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ်ပြည်ဈေးကွက်သို့ပဲတီစိမ်းသီးနှံ ဝင်ရောက်မှု နည်းသွားခဲ့သည်။ တစ်ရက်အိတ် ၁၅၀/၂၀၀ ခန့်သာ ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်ပြီး ရန်ကုန်နှင့် မန္တလေးလိုင်းသမား ပုံမှန်ဝယ်ယူနေသည့်အတွက် ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲဈေးနှုန်းမှာအရည်အသွေးလိုက်၍ ဈေးပေးဝယ်ယူကြခြင်းကြောင့် ရိုးရိုးစတစ်တင်း ကျပ် ၂၉၅၀၀ နှင့်ထိပ်စတစ်တင်း ကျပ် ၃၃၀၀၀ တို့ဖြင့် ရောင်းဝယ်နေကြသည်။ ပဲတီစိမ်းသီးနှံသည် နှစ်စဉ်ဈေးကောင်းရသည့် ပဲသီးနှံဖြစ်နေခဲ့ပြီး ယခင်နှစ်က မတ်ပဲ၊ ပဲစင်းငုံသီးနှံများ ဈေးအေးချိန်မှာပင် အဆိုပါပဲက တစ်တင်း ကျပ် ၂၇၀၀၀/၂၈၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့် သီးနှံဖြစ်ကြောင်းသိရသည်။ **ခင်ဆွေဝင်း (ပြည်)**

## ပြည်ပဲကြီးသီးနှံ ဈေးကောင်းရလျက်ရှိ

ယခုတစ်ပတ်ပြည်ဈေးကွက်၌ ပဲကြီးသီးနှံပဲ အဝင်မရှိဘဲ လက်ကျန်လှောင်ပဲများရှိမှုအပေါ် ရောင်းဝယ်မှု ဖြစ်လျက်ရှိသည်။ ဒေသတွင်း ပဲကြော်ဖိုလုပ်ငန်းသမားများ နေ့စဉ်ဝယ်ယူနေပြီး တစ်ရက်အိတ် ၂၀၀ ကျော်အရောင်း အဝယ်ဖြစ်ခဲ့သည်။ ပဲဈေးမှာ (ရွှေကျွန်း) တစ်တင်း ကျပ် ၃၄၀၀၀၊ (ကမ်းနား)တစ်တင်း ကျပ် ၃၂၀၀၀ တို့ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်ရောင်းဝယ်နေခဲ့ပြီး ပဲကြီးသီးနှံမှာ ကုလားပဲသီးနှံထက်ဈေးပိုရရှိနေပြီး ယခင်နှစ်ကလည်း ပဲကြီးသီးနှံ ဈေးကောင်းရခဲ့သည့်အတွက် ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရခဲ့သည့်သီးနှံဖြစ်သည်။

ယခင်နှစ်က စက်တင်ဘာလကုန်ရက်အတွင်း ပဲကြီးသီးနှံကို မျိုးပဲဝယ်ယူမှုများ ရှိခဲ့သည့်အတွက် တစ်တင်း ကျပ်ငါးသောင်းနီးပါးထိ ရရှိခဲ့သည်။ **ခင်ဆွေဝင်း(ပြည်)**

## တည်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်း လက်ကားဈေးကြီး အတွင်းသို့ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၁၂၀၀ မှ ၁၄၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၂၀၀ မှ ၃၅၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်)ကျပ် ၃၅၀ မှ ၅၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၈၀၀ မှ ၂၀၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး) ကျပ် ၈၀၀ မှ ၂၀၀၀ အတွင်း၊ ဘူးသီး (လုံး)ကျပ် ၁၀၀၀ မှ ၁၈၀၀ အတွင်း၊ မုန်ညှင်း(ထုပ်) ကျပ် ၁၂၀၀ မှ ၁၆၀၀အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၈၅၀ မှ ၁၁၀၀ အတွင်း၊ ကြက်သွန်ဖြူ (ရှမ်း) (ပိဿာ) ကျပ် ၂၅၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၃၀၀၀ မှ ၃၃၀၀ အတွင်း၊ ချင်း (ပိဿာ)ကျပ် ၂၈၀၀ မှ ၃၂၀၀ အတွင်း၊ ဆလတ်ရွက် (စီး) ကျပ် ၁၅၀၊ ရုံပတီသီး(တောင့်) ကျပ် ၁၂ မှ ၁၃ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၂၀၀ မှ ၂၅၀ အတွင်း၊ ချဉ်ပေါင်ရွက် (စီး)ကျပ် ၄၀ မှ ၈၀ အတွင်း၊ ခရမ်းသီး (ရှည်)(လုံး) ကျပ် ၁၀၀ မှ ၂၀၀ အတွင်း၊ သံပရာသီး (လုံး) ကျပ် ၃၀ မှ ၇၀ အတွင်း၊ ပဲသီး (စီး) ကျပ် ၇၀ မှ ၂၀၀ အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း) (ပိဿာ) ကျပ် ၈၀၀ မှ ၉၀၀ အတွင်း၊ ဖရဲသီး (လုံး)ကျပ် ၁၈၀၀ မှ ၃၅၀၀ အတွင်း၊ ဖရဲသီး(လုံး) (ကြီး/လတ်/သေး)ပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိသည်။

ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး(ထိုင်ဝမ်)၊ ပန်းဂေါ်ဖီ၊ ဘူးသီး၊ မုန်ညှင်းထုပ်၊ ကြက်သွန်နီ (ဆိပ်ဖြူ)၊ ကြက်သွန်ဖြူ(ရှမ်း)၊ သံပရာသီးနှင့် ဖရဲသီးတို့မှာ ဈေးတက်နေခဲ့ကြောင်း သိရသည်။ **ခိုင်ရွှေ (ရန်ကုန်)**

## ပြည်ဈေးကွက်တွင် မိုးမြေပဲဆန် ဈေးအနည်းငယ်ပြန်ကျ

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်မြေပဲဆန်ဈေး အနည်းငယ်ပြန်ကျလာသည်ကို တွေ့ရသည်။ ဈေးကွက်တွင် မြေပဲဆန် ဝင်ရောက်မှုမှာ တစ်နေ့လျှင်အိတ် ၁၀၀၀ ခန့်နီးပါး ဝင်ရောက်လာသည့်အတွက် ပစ္စည်းများလှိုင်လာ၍ ဈေးအနည်းငယ်ပြန်ကျလာသည်။ ဆီစက်များ၊ ပွဲရုံများမှလည်း အဝယ်ရှိခြင်း၊ ရန်ကုန်၊မန္တလေး ဝယ်လက်များမှ အဝယ်ရှိခြင်းတို့ကြောင့် ဈေးကွက်တွင်တစ်နေ့လျှင်အိတ် ၈၀၀ ခန့် အရောင်းအဝယ်ပုံမှန်ဖြစ်နေသည်။

ယခုတစ်ပတ်မြေပဲဆန်ဈေးများမှာ ဆီဆန် (ဖြူ)တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ (နီ) တစ်ပိဿာလျှင် ကျပ် ၃၁၀၀ ဖြစ်ပြီး လုံးဆန် (ဖြူ) တစ်ပိဿာလျှင် ကျပ် ၃၁၀၀၊ (နီ)တစ်ပိဿာလျှင်ကျပ် ၃၄၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပြန်ကျလာသည်။ **ဝေဝေမင်း (ပြည်)**

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲမျိုးစုံနှင့် နှမ်း အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲ၊ နှမ်းမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ်၏ ပဲဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ်ထွက်ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၉၀၀၀ ဖြင့် အိတ် ၁၀၀၊ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီ အဟောင်း တစ်တင်းလျှင် ကျပ် ၂၆၉၀၀ ဖြင့် အိတ် ၁၀၀၊ကုလားပဲဝါHLတစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဖြင့်အိတ် ၅၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၉၂၀၀ ဖြင့် အိတ် ၃၀၀၊ ပဲတီစိမ်းသေးတစ်တင်းလျှင် ကျပ် ၃၅၅၀၀ ဖြင့်အိတ် ၂၀၀၊ ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၂၅၈၀၀ ဖြင့် အိတ် ၁၀၀၊ ကုလားပဲဝါ လုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၅၅၀၀ ဖြင့်



အိတ် ၅၀၊ အညာဒေသထွက် နှမ်းအမျိုးမျိုးဖြစ်သည့် နှမ်းနက်(ဂွ) တစ်တင်းလျှင် ကျပ် ၆၄၀၀၀ ဖြင့် အိတ် ၃၀၀၊ နှမ်းဝါ (ယော) တစ်တင်းလျှင် ကျပ် ၄၆၃၀၀ ဖြင့် အိတ် ၅၀မှ ၁၀၀၊ နှမ်းညို တစ်တင်းလျှင် ကျပ် ၄၃၈၀၀ ဖြင့် အိတ် ၁၀၀ ၊ ပြောင်းဖူးစေ့(CP) တစ်တင်းလျှင် ကျပ် ၇၃၀၀ ဖြင့် အိတ် ၃၀၀ ဥပုသ်နေ့မှလွဲ၍ ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲတီစိမ်းမှာ ရန်ကုန်နှင့် မန္တလေးမြို့သို့ အိတ် ၄၅၀ တင်ပို့လျက်ရှိသည်။

ရေစကြိုကုန်စည်ဒိုင်၏ ယခုတစ်ပတ်ဈေးနှုန်းမှာ စွန်တာနီတစ်တင်းလျှင် ကျပ် ၁၈၅၀၀၊ စွန်တာနီ/ ပြာ တစ်တင်းလျှင်ကျပ် ၁၉၀၀၀၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၅၅၀၀၊ ကုလားပဲဖြူလုံးကြီး V2တစ်တင်းလျှင် ကျပ် ၂၅၅၀၀၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၅၃၀၀၊ ထောပတ်ပဲ တစ်တင်းလျှင် ကျပ် ၂၂၅၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ **လှိုင်ဥမ္မာဦး (ပခုက္ကူ)**

## ရေနံ့ချောင်းတွင် မိုးရွာသွန်းမှုကြောင့် မြေပဲဈေးကျနေ

မကွေးတိုင်းဒေသကြီး ရေနံ့ချောင်းမြို့နယ်မြေပဲများလှိုင်လှိုင် နုတ်သိမ်းနေရာ မိုးအဆက်မပြတ် ရွာသွန်းသောကြောင့် မြေပဲဈေးကျဆင်းလျက်ရှိကြောင်း တောင်သူများနှင့်ပွဲစားများထံမှသိရသည်။

“ယခင်တစ်ပတ်တွင် မြေပဲတစ်တင်း ကျပ် ၁၄၀၀၀ နဲ့ ရောင်းရတယ်။ မြေပဲဝယ်သူကလည်း ယာထဲအထိလိုက်ဝယ်တယ်။ မြို့ပေါ်တက်ပွဲစားထံရောင်းရင်လည်း ကျပ် ၁၅၀၀၀ ရောင်းရတယ်။ အရောင်းအဝယ်သွက်တဲ့အတွက် တောင်သူတွေ အဆင်ပြေတယ်။ ယခုမြေပဲတစ်တင်း ကျပ် ၁၀၀၀၀ ရောင်းရတယ်။ ဈေးအလွန်အကျံကျတယ်။ ဘာကြောင့်ဈေးကျလဲဆိုတော့ ယခုတစ်ပတ်မှာ မိုးအဆက်မပြတ်ရွာတယ်။ မြေပဲဥတွေမှာ အစိုဓာတ်ပါတာကြောင့် ဈေးကျတာတို့ဖြစ်တယ်” ဟု ရေနံ့ချောင်း မြို့နယ် လေးတိုင်စဉ်ကျေးရွာအုပ်စုမှတောင်သူအမျိုးသားတစ်ဦးက ပြောသည်။

ယခုတစ်ပတ်တွင် အထက်ပါဒေသရှိကျေးရွာများတွင် မိုးအဆက်မပြတ် ရွာသွန်းခဲ့ကြောင်း ကျေးရွာအချို့၌ မြေပဲစိုက်ခင်းများ အလုပ်သမားရှာမရခြင်းကြောင့် မြေပဲခင်းများ အညှောင့်များထွက်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

**ဆန်းညွန့်(ရေနံ့ချောင်း)**




# မြန်မာနိုင်ငံ ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍ မြှင့်တင်ခြင်း စီမံကိန်း မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

မြန်မာနိုင်ငံဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍမြှင့်တင်ခြင်း စီမံကိန်း မိတ်ဆက်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက် ၉း၃၀ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ ကျင်းပရာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ World Trade Organization (WTO) Enhanced Integrated Framework (EIF)အစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ Focal Pointဖြစ်သူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးနှင့် ဆွစ်ဇာလန်နိုင်ငံ၊ဂျီနီဗာမြို့ရှိEIF Executive Director ဖြစ်သူ Dr. Ratnakar Adhikariတို့ တက်ရောက်၍ အဖွင့်အမှာစကားအသီးသီး ပြောကြားခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍတွင် ကုန်စည်ကုန်သွယ်ရေးသည် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရှိကြောင်း၊ ကုန်သွယ်ရေးကဏ္ဍအောင်မြင်ရန်မှာ ကုန်စည်ကုန်သွယ်ရေးသာမက ဝန်ဆောင်မှုကုန်သွယ်ရေးပါ တိုးတက်မှုရှိရန် လိုအပ်ပါကြောင်း၊ ဒါကြောင့် မြန်မာနိုင်ငံ၏ဝန်ဆောင်မှုကဏ္ဍတိုးတက်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ၏ ဂျီဒီပီနှင့်အလုပ်အကိုင်ရနိုင်စွမ်းကို အထောက်အကူပြုနိုင်မည့် မြန်မာနိုင်ငံဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍမြှင့်တင်ခြင်းစီမံကိန်းMyanmar Services Trade Enhancement Project (M-STEP) ကို ၂၀၁၉ ခုနှစ်၊ ဇွန်လမှ ၂၀၂၂ ခုနှစ်၊ ဇွန်လအထိ သုံးနှစ်ကြာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုကဏ္ဍသည် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပြီး လူငယ်စွန့်ဦးတီထွင်သူများ၊ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများ၌ ယှဉ်ပြိုင်မှုရှိလာရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ EIF Executive Director ဖြစ်သူDr. RatnakarAdhikari က အဖွင့်အမှာစကားပြောကြားရာတွင် မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ခြင်း (LDC Graduation) ကိုရရှိတော့မည်ဖြစ်သဖြင့် နိုင်ငံအတွက် အလွန်ပင် အရေးကြီးသော ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍအား ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ရတော့မည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှု ကုန်သွယ်ရေးတောင့်တင်းခိုင်မာစေရန် ခရီးသွားလုပ်ငန်းကဏ္ဍ၊ ဘဏ်လုပ်ငန်းကဏ္ဍ၊ ပို့ကုန်ထုတ်လုပ်ရေးကဏ္ဍတို့၌ကျယ်ပြန့်စွာလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့်ပတ်သက်သည့် ဖြေလျှော့မှုများကိုလည်း လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Enhanced Integrated Framework အစီအစဉ်မှလည်း မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် မောင်းနှင်အားဖြစ်နိုင်သော ဝန်ဆောင်မှုကဏ္ဍအတွက် လိုအပ်သည့်နေရာ၌ ဆက်လက်ထောက်ပံ့ကူညီပေးမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ယခင်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်သည်ကိုတွေ့ရှိရသည့်အတွက် ယခုစီမံကိန်းတွင်လည်း ထိရောက်စွာအကောင်အထည် ဖော်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းပြောကြားခဲ့သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ပီပြင်စွာဆောင်ရွက်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများအားလုံး ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေး Current Situation and Potential for e-Commerce in Myanmar ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ခဲ့ပါသည်။ စကားဝိုင်း ဆွေးနွေးပွဲတွင် ဒစ်ဂျစ်တယ်အသုံးပြု စီးပွားရေးလုပ်ငန်းများ အားလုပ်ကိုင်ကြသည့် Online Shop လုပ်ငန်းမှ RGO –47၊ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုလုပ်ငန်းများဖြစ်ကြသည့် CB Bank ၊ Shop.com ၊ Za Information Technology၊ ငွေကြေးပေးချေမှု ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသည့် KBZ Bank၊ SBS၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ ဖြစ်ကြသည့် Kargo Co.,Ltd နှင့် DHL တို့၏ ကိုယ်စားလှယ်အသီးသီးများက ပါဝင်ဆွေးနွေးခဲ့ကြပြီး စီမံကိန်းပါ Component များ အားအကောင်အထည် ဖော်ရမည့် သက်ဆိုင်ရာ နယ်ပယ်များအလိုက် ဘာသာရပ်ဆိုင်ရာ တာဝန်ခံကိုယ်စားလှယ်များက ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

## WTO

မြန်မာနိုင်ငံ ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍမြှင့်တင်ခြင်း စီမံကိန်းသည် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ပီပြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ဆောင်မှုကုန်သွယ်ရေးအား တိုးမြှင့်ဆောင်ရွက်ရန်ရည်ရွယ်၍ ရေးဆွဲပုံဖော်ထားခြင်းဖြစ်ပါသဖြင့် မြန်မာနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ် အသုံးပြုကူးသန်းရောင်းဝယ်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အောင်မြင်လိုသော လက်တွေ့လုပ်ငန်းများကို Show Case အဖြစ် ပြခန်း ၁၀ ခန်း ခင်းကျင်းပြသရာ ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ လာရောက်လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် အဆိုပါ စီမံကိန်း၏ ကြီးကြပ်လမ်းညွှန်မှုဆိုင်ရာ ကော်မတီဖွဲ့စည်းပုံနှင့် သုံးနှစ်တာအတွင်း ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးနိုင်ရေးအတွက် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမင်းမင်း၊ EIF အတွင်းရေးမှူးရုံးမှ Executive Directorဖြစ်သူ Mr. RatnakarAdhakari၊ စီမံကိန်း Sub-Contractor များဖြစ်သည့် UNCTADနှင့် World Bank တို့အပြင် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများဖြစ်ကြသည့် UNDP၊ Universal Postal Union (UPU)၊ European Union ၊ USAID၊ Australia Group နှင့် GIZ တို့ပါဝင်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ World Trade Organization (WTO) Enhanced Integrated Framework (EIF) အစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ Focal Point ဖြစ်သူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်၍ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ EIF Executive Director ဖြစ်သူ Dr. Ratnakar Adhikari နှင့်တကွ စီမံကိန်းစာချုပ်ပါ အဖွဲ့များဖြစ်သည့် UNCTAD ၊ World Bank၊ EU တို့အပြင် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်း(၆)ဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ International Trade Adviser ဖြစ်သူ Mr. Sven Sylvain Callebautနှင့်တကွ ကုန်သွယ်မှုနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**စာမျက်နှာ ၁၆ သို့**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၆.၉ . ၂၀၁၉ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - PACAO | TEU 809 တင် TEU 752 ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - SINAR SOLO | TEU 915 တင် TEU 620 ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - ALS SUZURAN | TEU 440 တင် TEU 635 ချဆဲ |
| အလုံဆိပ်ကမ်း(၃) | - BHI HUA | Steel Product ၅၀၇၂ ချဆဲ |
| စက်မှုဆိပ်ကမ်း(၂) | - SINAR BANDUNG | TEU ၇၆၀ ချဆဲ |
| စက်မှုဆိပ်ကမ်း(၄) | - MCC HALONG | TEU 403တင် TEU 377 ချဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - ALEA | ဆန် ၂၂၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - BLUE LOTUS | Urea(In Bulk) ၁၂၀၀၀ ချဆဲ |
| MIPL ဆိပ်ကမ်း | - INDUSTRIAL GUIDE | Steel Product ၁၂၉၇၃ ချဆဲ |
| WILMAR JETTY | - SANTA VICTORIA | Wheat (In Bulk) ၁၄၃၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်းသစ်(၁) | - UNI PROFIT | Steel ၈၃၀၀ ချဆဲ |
| ELITE JETTY | - MT.OCEAN MORAY | Mogas92Ron ၁၀၉၂၄ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| EREM | ဆန် တန် ၂၃၅၀၀ တင်ရန် | W'AFERICA | ၂၇.၉.၂၀၁၉ |
| CHRISTINA SELMER | Coal (In Bulk) ၂၇၂၀၀ ချရန် | INDONISIA | ၂၈.၉.၂၀၁၉ |
| MANDARIN FORTUNE | Steel Product ၃၁၇၄၀ ချရန် | CHINA | ၁.၁၀.၂၀၁၉ |
| VF GLORY | Ammonium Nitrate ၅၃၂၅ ချရန် | THAI | ၁.၁၀.၂၀၁၉ |
| MU MAIN SONG | G/C ၁၂၁၆ ချရန် | CHINA | ၂.၁၀.၂၀၁၉ |
| MAT SUMAE | Urea(In Bulk) ၁၁၅၀၀ ချရန် | CHINA | ၄.၁၀.၂၀၁၉ |
| VICKING DIAMOND | Unit Vehicle(RO/RO)၁၁၄ ချရန် | JAPAN | ၄.၁၀.၂၀၁၉ |
| WOOH YUN GREEN | Steel Plate ၂၀၂၈ ချရန် | JAPAN | ၆.၁၀.၂၀၁၉ |
| ZEA CHALLENGER | Project Cargo ၂၆၂ ချရန် | JAPAN | ၁၂.၁၀.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၆.၉.၂၀၁၉ |
| MCC SEOUL | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၈.၉.၂၀၁၉ |
| UNI ANGEL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၉.၂၀၁၉ |
| BL PL BLESSING | SINGAPORE | အလုံဆိပ်ကမ်း | ၂၈.၉.၂၀၁၉ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၉.၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၉.၂၀၁၉ |
| ALS SUMIRE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၀.၉.၂၀၁၉ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁၀.၂၀၁၉ |
| ISEACO FORTUNE | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၃.၁၀.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.KIRANA HASTA | MOGAS (92Ron) | SINGAPORE | ၂၈.၉.၂၀၁၉ |
| MT.SK LINE-1 | P.Oil(In Bulk) | INDONESIA | ၂၈.၉.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၂၉.၉.၂၀၁၉ |
| MT.ROYAL36 | P.Oil(In Bulk) | INDONESIA | ၂၉.၉.၂၀၁၉ |
| MT.DENKO BRIGHT | Diesel Oil | SINGAPORE | ၃၀.၉.၂၀၁၉ |
| MT.YU DONG | Diesel Oil | SINGAPORE | ၃ ၁၀.၂၀၁၉ |
| MT.OCEAN MARLIN | MOGAS (92Ron) | SINGAPORE | ၆.၁၀.၂၀၁၉ |
| MT.FLY GURNARD | Diesel Oil | SINGAPORE | ၆.၁၀.၂၀၁၉ |
| MT.VL 21 | P.Oil(In Bulk) | INDONESIA | ၆.၁၀.၂၀၁၉ |
| MT.GLPRY OCEAN | Diesel Oil | SINGAPORE | ၇.၁၀.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၇.၁၀.၂၀၁၉ |
| MT.DENKO BRIGHT | Diesel Oil | SINGAPORE | ၈.၁၀.၂၀၁၉ |
| MT.PRIMROSE | P.Oil(In Bulk) | INDONESIA | ၁၀.၁၀.၂၀၁၉ |
| MT.THBRESA LEO | P.Oil(In Bulk) | INDONESIA | ၁၁.၁၀.၂၀၁၉ |

## ကြက်သွန်

# ပြည်ကြက်သွန်ဖြူဈေးကွက်၌ ရှမ်းစနှင့် ကြူကုတ်စ ဈေးအတက်အကျဖြစ်နေ

ယခုတစ်ပတ်ပွဲရုံများသို့ ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်နေသော်လည်း ရှမ်းစနှင့် ကြူကုတ်စဈေးနှုန်း အတက်အကျဖြင့် ဝင်ရောက်လာသည်ကို တွေ့ရသည်။ ရှမ်းစကို ကျိုင်းတုံ၊ တာချီလိတ်၊ မြဝတီတို့ဘက်မှ အဝယ်လိုက်နေခြင်းကြောင့် ဈေးအနည်းငယ်တက်လာပြီး ကြူကုတ်စကတော့ အဝင်များကာ ဈေးကျလာကြောင်းသိရသည်။

ယခုတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းများမှာ (ပွဲရုံဈေး) တစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၂၉၀၀-၃၀၀၀ နှင့် (ကြူကုတ်စ) ကျပ် ၂၅၀၀-၂၇၀၀ တို့ဖြစ်သည်။ လက်လီဈေးများတွင် (ရှမ်းစ)များကို ကျပ် ၃၅၀၀-၃၈၀၀ နှင့် (ကြူကုတ်စ) ကျပ် ၃၀၀၀-၃၂၀၀ တို့ဖြင့် ရောင်းချနေသည်။ ဒေသတွင်းဈေးများတွင်ကြူကုတ်စကိုပို၍ အရောင်းအဝယ်ဖြစ်နေသည်။

**နီနီဝင်း (ပြည်)**

# ပြည်ကြက်သွန်နီ ဈေးမြင့်တက်လျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်၌ ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လျက်ရှိသည်။ ကျောက်ပန်းတောင်း၊ ဆိပ်ဖြူဘက်မှ ကြက်သွန်နီများ ဈေးကွက်အတွင်း အများဆုံးဝင်ရောက်လျက်ရှိပြီး နှစ်ရက်ခြားလျှင် ပိဿာ ၃၀ ဝင်အိတ် ၈၀၀ ခန့် ဝင်ရောက်မှုရှိသည်။ ကြက်သွန်နီများ ဘင်္ဂလားဒေ့ရှ်၊ မြဝတီ၊ မူဆယ်ဘက်တို့မှ တောင်သူဆီ တိုက်ရိုက်ဝယ်ယူမှုများရှိကြောင်း သိရသည်။

ပွဲစားများက ဈေးကောင်းပေးဝယ်ယူမှုကြောင့် တောင်သူများ တွက်ခြေကိုက်လျက်ရှိပြီး ဒေသတွင်း ဈေးနှုန်းများလည်း မြင့်တက်သွားသည်။ ပြည်ဈေးကွက်အတွင်း၌လည်း ကြက်သွန်နီတစ်ပိဿာကို လက်လီ/လက်ကား ကျပ် ၂၀၀ခန့် မြင့်တက်သွားပြီး ပွဲရုံဈေး တစ်ပိဿာကို (ကြီး/လတ်/သေး) ကျပ် ၁၂၅၀/၁၂၀၀-၁၁၀၀/၉၀၀-၈၅၀ နှင့် လက်လီ ဈေးအသေးများတွင် တစ်ပိဿာကို (ကြီး/လတ်/သေး)ကျပ် ၁၄၅၀-၁၄၀၀/၁၃၅၀-၁၃၀၀-၁၂၀၀/၁၁၀၀-၁၀၀၀ နှုန်းတို့ဖြင့်ရောင်းဝယ်လျက်ရှိနေသည်။

**ဝင်းလှဲ့ဝါ(ပြည်)**

# ပခုက္ကူနှင့် ဆိပ်ဖြူကုန်စည်ဒိုင်တို့တွင် ကြက်သွန်နီ ဈေးကောင်းရနေ




ယခုတစ်ပတ် ပခုက္ကူ ကြက်သွန်နီ ကုန်ဝယ်ဒိုင်တွင် ယောဒေသနှင့်အခြားနယ်များမှ ကြက်သွန်နီများ လှိုင်လှိုင်အရောင်းအဝယ်ဖြစ်နေသည်။ ကြက်သွန်နီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်က ကြက်သွန်နီဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၇၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်၏ ကြက်သွန်နီဈေးနှုန်းမှာ ထိပ်စ တစ်ပိဿာလျှင်ကျပ် ၈၃၀-၉၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၆၅၀ - ၇၀၀၊ အနိမ့်စတစ်ပိဿာလျှင်ကျပ် ၄၅၀-၅၅၀-၆၀၀ ဖြင့် ကုန်ချိန် ၁၀၀၀၀၀ မှ ၁၆၀၀၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်နေပြီး မြန်မာပြည်အောက်ပိုင်းနှင့် အခြားဒေသများသို့ တင်ပို့လျက်ရှိသည်။

ဆိပ်ဖြူကုန်စည်ဒိုင်၏ ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၈၅၀၊ အလတ်စ တစ်ပိဿာလျှင် ၆၉၅ ကျပ်၊ အနိမ့်စ တစ်ပိဿာလျှင် ၅၃၅ ကျပ်ပေါက်ဈေးဖြင့် ကုန်ချိန် ၅၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန် ဘုရင့်နောင်၊ ပြည်၊ မြဝတီ နှင့် အခြားမြို့များသို့ နေ့စဉ်တင်ပို့လျက်ရှိသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

## နှမ်း

# မန္တလေးကုန်စည်ဒိုင်တွင် နှမ်းဈေး အနည်းငယ်ကျဆင်း

မန္တလေးကုန်စည်ဒိုင် နှမ်းဈေးကွက်သို့ ပြည်၊အောင်လံ၊ တောင်တွင်းကြီး၊ မကွေး၊ တပ်ကုန်းနှင့် ပျဉ်းမနားတို့မှ နှမ်းသစ်များဝင်ရောက်နေပြီး နှမ်းသစ်ပေါ် ချိန်ဖြစ်သောကြောင့် နှမ်းဈေးအနည်းငယ် ကျဆင်းလာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

ယခုတစ်ပတ်တွင် ဈေးကွက်သို့ နှမ်း ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ဈေးနှုန်းမှာ နှမ်းဖြူ (ရိုးရိုး)ကျပ် ၁၅၆၀၀၀ မှ ၁၄၈၀၀၀၊ နှမ်းညို ကျပ် ၁၃၄၀၀၀မှ ၁၄၂၀၀၀၊ နှမ်းနက်(ရိုးရိုး)ကျပ် ၂၃၂၀၀၀မှ ၂၂၅၀၀၀၊ နှမ်းနက်(စမုံ) ကျပ် ၂၆၀၀၀၀ မှ ၂၃၇၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကာလတူ ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက နှမ်းဖြူမှာဈေးငြိမ်နေကြောင်း၊ နှမ်းညိုကျပ် ၄၀၀၀ မှ ၉၀၀၀ ဈေးကျဆင်း လာပြီး နှမ်းနက်(စမုံ) ကျပ်၈၀၀၀မြင့်တက်လာသည်။မိုးရာသီကာလဖြစ်သောကြောင့် အစိုဓာတ်များကျန်ရှိ၍ သိုလှောင်ရန်အတွက်အခက်အခဲရှိကြောင်း၊ တရုတ်လမ်းကြောင်း အနည်းငယ်ပွင့်လာပြီး နယ်စပ်အဝယ်ရှိခြင်းတို့ကြောင့် နှမ်းဈေးအနည်းငယ်မြင့်တက်လာသည်။

ပြည်၊ အောင်လံ၊ တပ်ကုန်းနှင့်ပျဉ်းမနားမှဝင်ရောက်သည့်နှမ်းနက်များမှာ မိုးထိထား၍ အက်စစ်ဓာတ်မလွတ်ကြောင်း၊ ယင်းအစများကို မျက်မြင်ကြိုက်ရောင်းကြိုက်ဝယ်ဈေးဖြစ် ပြီး တောင်တွင်းကြီးနှင့် မကွေးတို့မှ ဝင်ရောက်လာသည့် အက်စစ်လွတ် နှမ်းနက်(ထိပ်စ)မှာ တရုတ်ဝယ်လက်ဝယ်ယူမှုရှိကြောင်း၊ အလတ်စ၊ အောက်စများကို ရန်ကုန်လက်မှ ဝယ်ယူကြောင်း သိရသည်။

**မြင့်မြင့်လှိုင်**

# ပြည်ဈေးကွက်တွင် စမုံနက်နှမ်းဈေး ပြန်ကျလာ

ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ဈေးကွက်တွင်မိုးနှမ်းနီနှင့်နှမ်းနက်ဈေးငြိမ်နေပြီး စမုံနက်နှမ်းဈေးမှာ အနည်းငယ်ပြန်ကျလာသည်။ ဈေးကွက်သို့ဝင်ရောက်မှုမှာ နေ့စဉ်ဝင်ရောက်မှုရှိနေသည့်အတွက် ဈေးကွက်တွင် နှမ်းအရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိသည်။ ကြံခင်း၊ မြန်အောင်နှင့်ပေါက်ခေါင်းဘက်မှ နေ့စဉ်ပုံမှန်အဝင်ရှိနေသည်။ မိုးနှမ်းနီမှာ ဝင်ရောက်မှုနည်းသည့်အတွက် ဆီစက်လုပ်ငန်းရှင်များနှင့်ပွဲရုံလုပ်ငန်းရှင်များက ဆီကြိတ်ရန်နှင့်လှောင်ထားရန် အဝယ်ရှိနေသည်ကိုတွေ့ရသည်။

နှမ်းနက်နှင့်စမုံနက်နှမ်းကို မန္တလေးဝယ်လက်များကလည်း ဝယ်ယူနေသည်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၄၅၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၆၆၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၇၈၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးကျလာသည်ကိုတွေ့ရသည်။

**ဝေဝေမင်း(ပြည်)**

## နှနွင်း

# နနွင်းတင်ပို့မှု လျော့နည်း

စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း နနွင်း ၄၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၂၅ တန်နှင့် စင်ကာပူနိုင်ငံသို့ ၁၈ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နနွင်း ၂၂၅ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ၁၈၂ တန် တင်ပို့မှုလျော့နည်းခဲ့သည်။ နနွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၉၈၀ ဝန်းကျင်ရရှိခဲ့သည်။ ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၂၅၃၀ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## ချင်း

# အဝင်များလာသည့် ရှမ်းချင်း

ယခုတစ်ပတ် အောင်ပန်းဈေးကွက်၌ ချင်း(သစ်)များ အဝင်များလာပြီး သီတင်းကျွတ် ကာလနီးလာသည်နှင့်အမျှ နယ်အစုံကဝင်လာသည့် ချင်း(စို)က ငါးရက်တစ်ဈေးမှာ ပိဿာချိန်ထောင်ချီပြီး အဝင်ရှိနေသည်။ ယခုလောလောဆယ် ဈေးကွက်၌ ချင်း(နု)များသာ အဝင်များနေပြီး ပြည်တွင်းသုံးဝယ်လက်များသာ အဝယ်ရှိနေသည်။ အောင်ပန်းဈေးကွက်၌ ချင်း(စို)သစ်က တစ်ပိဿာကို အနိမ့်ဆုံး ကျပ်၇၀၀ မှ အမြင့်ဆုံးကျပ် ၉၀၀ ဈေးရှိပြီး ဥမကကျပ် ၂၂၀၀ ဈေးရှိကြောင်းသိရသည်။

**ဇေခိုင်၊ တောင်ကြီး**

# ယခင်တစ်ပတ်ထက် ချင်းတင်ပို့မှုပိုခဲ့

စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း ချင်း ၈၂ ဒသမ ၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သာ တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က ချင်း၅၄ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ၂၈ ဒသမ ၂တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇၈၈၅ ဒေါ်လာ ဝင်ငွေ ရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## မန်ကျည်း

# လက်ကျန် မန်ကျည်းမှည့်ဟောင်း နယ်ဝယ်လက်တင်ပို့မှုရှိနေ

ပြည်မန်ကျည်းမှည့်ပွဲရုံ၌ မန်ကျည်းမှည့်ဟောင်းလက်ကျန်များကို ရခိုင်ဘက်မှ ပြန်လည်အဝယ်ရှိလာသည်။ မန်ကျည်းမှည့်လက်ကျန်ဈေးလည်း ဈေးကောင်းရနေပြီး ဒေသတွင်းလက်လီသမားများ ဝယ်ယူမှုရှိခြင်းကြောင့် အရောင်းအဝယ်ပြန်ဖြစ်နေသည်။

ယခုတစ်ပတ် မန်ကျည်းမှည့်ဈေး (ပွဲရုံဈေး) ကျပ် ၂၅၀၀ နှင့် (ကျောက်ပန်းတောင်း) မန်ကျည်းမှည့်ကတော့ ကျပ် ၃၃၀၀ ဖြစ်သည်။ ဒေသတွင်းလက်လီဈေးများတွင် ကျပ် ၃၀၀၀ ဈေးဖြင့်ရောင်းချလျက်ရှိနေသည်။ လက်ကျန်နည်းလာလေ နယ်မန်ကျည်းမှည့် ဝင်ရောက်မှုများကာ ဈေးမြင့်ခြင်းကြောင့် လှောင်လက်မန်ကျည်းသမားတို့ဈေးကောင်းရနေဆဲဖြစ်သည်။

**နီနီဝင်း(ပြည်)**

# ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နှင့်ဗီယက်နမ်နိုင်ငံတို့သို့ မန်ကျည်းတင်ပို့

စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း မန်ကျည်းသီး ၂၅၆ ဒသမ ၈၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၂၅ တန်၊ ယူအက်စ်အေသို့ ၂ ဒသမ ၈၈ တန် နှင့် ဗီယက်နမ်နိုင်ငံသို့ ၂၉ တန် တင်ပို့ခဲ့သည်။

ယခင်တစ်ပတ်က မန်ကျည်းတန်ချိန် ၃၅၀ တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၉၃ ဒသမ ၁၂ တန် တင်ပို့မှုလျော့နည်းခဲ့သည်။ မန်ကျည်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၃၀ ဝန်းကျင်ရရှိခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၃၇၀၆ ဒေါ်လာဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**



# မြန်မာ့သကြားနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ

[မျိုးသူ(ကုန်သွယ်မြှင့်)]

အိန္ဒိယနိုင်ငံ၏ ကြံနှင့် ပတ်သက်ပြီး ၂၀၁၉-၂၀၂၀ ထုတ်လုပ်မှုရာသီတွင် သကြားတင်ပို့မှု တိုးမြှင့်နိုင်ရေးအတွက် အစိုးရမှ အထောက်အပံ့ပေးမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံတွင်ရှိသော မြန်မာနိုင်ငံ၏ စီးပွားရေးသံမှူး ဦးနေအေးလွင်၏ အစီရင်ခံစာကို ဖတ်ရသည့်အခါ မြန်မာနိုင်ငံ၏ ကြံ၊ သကြားအခြေအနေများကိုလည်း မကြာခင်က သွားရောက်တက်ခဲ့ရသည့် မြန်မာနိုင်ငံ နေပြည်တော်တွင် ကျင်းပပြုလုပ်သော ကြံသကြားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို သတိရပြီး မြန်မာနိုင်ငံ၏ ကြံသကြားအခြေအနေနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေများကို စာဖတ်သူများအား အခြေအနေမှန်များကို တင်ပြလိုလာပါသည်။ မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်ခန့်က သကြားစက်များကို အစိုးရကသာပိုင်ဆိုင်ပြီး သကြားကြိတ်ခွဲသည့် ရာသီတွင် သကြားစက်များ ကုန်ကြမ်းမပြတ်ရေးအတွက် ကြံသယ် ကားများ၊ ရထားတွဲများ စီစဉ်ပေးခြင်း၊ ကြံဒိုင်များကို ကြံခင်းနား အရောက် ဖွင့်လှစ်ပေးခဲ့ခြင်းများကို ပြန်ပြောင်းသတိရမိပါသည်။ ထိုအချိန်ဆိုလျှင် ပျဉ်းမနား၊ တပ်ကုန်းတစ်ဝိုက်တွင် ကြံသကာဖိုများ၊ သကာရည်ဖိုများပင် ပိတ်ပင်ခြင်း၊ ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ခဲ့ရသည်။ နောက်ပိုင်းတွင် အစိုးရပိုင် သကြားစက်များကို ငှားရမ်းခဲ့ပြီး အစိုးရကဝယ်ယူခြင်း၊ ကြိတ်ခွဲခြင်းများ ပြုလုပ်ခြင်း မရှိတော့ပါ။ အဆိုပါကာလတွင် သကြားစက်များသည် ပုဂ္ဂလိကပိုင်များအဖြစ် ရပ်တည်လာပြီး ပြည်တွင်းသကြားဈေးကွက်အတွက် အဓိကတာဝန်ယူလာသည်ကိုတွေ့ရပါသည်။ ကြံသကြားကဏ္ဍတွင် ကြံကို ဦးတည်ပြောသော်လည်း သကြားရရှိနိုင်သည့်သီးနှံများမှာ ကြံအပြင် သကြားမုန်လာကဲ့သို့ သကြားထုတ်နိုင်သည့် သီးနှံများလည်း ရှိသေး ကြောင်း သိရပါသည်။ မြန်မာနိုင်ငံတွင် သကြားကို ဆာလ်ဖာနည်းဖြင့် ထုတ်လုပ်သဖြင့် လုံးဝဆွတ်ဆွတ်ဖြူသော သကြားကို မထုတ်လုပ်နိုင်ကြောင်း သိရပါသည်။ refined sugar ခေါ် ဆွတ်ဆွတ်ဖြူသော သကြားမျိုးသာလျှင် နို့ဆီနှင့် မုန့်လုပ်ရာတွင် အနံ့အသက်ကောင်းကြောင်း၊ အရောင်ကောင်းကြောင်း သိရပါသည်။

## မြန်မာ့ကြံသကြားထုတ်လုပ်မှု

မြန်မာနိုင်ငံတွင် ကြံစိုက်ဧကမှာ တစ်နှစ်ထက်တစ်နှစ်တိုးတက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ခုနှစ် တွင် ကြံရိတ်သိမ်းဧကမှာ ၄၁၀၈၀၀ ရှိပြီး အထွက်နှုန်းမှာ ၂၅ ဒသမ ၆ တန်ခန့် ထွက်ရှိသဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြံတန်ချိန်၁၀ ဒသမ ၅သန်းအထိထွက်ရှိသည်ဟု သိရသည်။ သကြားအနေဖြင့် ထုတ်လုပ်နိုင်မှုမှာ သကြားတန်လေးသိန်းမှငါးသိန်းခန့်အထိထွက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ တွင် သကြား စားသုံးမှုမှာလည်း တန်ချိန်လေးသိန်းကျော်ရှိသည်ဟု သိရပြီး ထုတ်လုပ်မှုနှင့် စားသုံးမှုမှာ မျှခြေအဆင့်ရှိနေသဖြင့် ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ပိုလျှံမှုမရှိကြောင်းသိရှိရသည်။ ထို့ပြင် ပြည်ပသို့ တင်ပို့နိုင်သည့် အရည်အသွေးရှိသော သကြားမျိုးလည်း များစွာ ထုတ်လုပ်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။ ။

ထိုအခြေအနေတွင် ပြည်ပမှ သကြားများ တရားမဝင်ဝင်ရောက်လာသည်များရှိပြီး အဆိုပါ ဝင်ရောက်မှု များပြားလာပါက ပြည်တွင်းသကြားလိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှုတို့တွင် ပျက်ပြားလာပြီး ပြည်တွင်းတွင် သကြားလက်ကျန်များပြားလာကြောင်း လည်း သိရှိရသည်။ ယခုအခါ ပြည်ပတွင်လည်း သကြားဈေးများကျဆင်းပြီး ကမ္ဘာ့သကြား လက်ကျန် များပြားသဖြင့်လည်းကောင်း၊ ပြည်တွင်းတွင်လည်း သကြားလက်ကျန်များပြားခြင်းကြောင့်လည်းကောင်း၊ ပြည်တွင်းသကြားဈေးကွက်မှာ ကျဆင်းလာသည်ဟု ဆိုပါသည်။

## ကမ္ဘာ့သကြားတင်ပို့သူများနှင့် တင်သွင်းသူများ

ကမ္ဘာတွင် သကြားအများဆုံးတင်ပို့သည့် နိုင်ငံများမှာ အစဉ်အလိုက်တင်ပြရမည်ဆိုပါက ဘရာဇီး၊ ထိုင်း၊ ဩစတြေးလျ၊ အိန္ဒိယ၊ ဂွါတီမာလာ၊ အီးယူနိုင်ငံများ၊ ကျူးဘား၊ ကမ္ဘောဒီးယားနှင့် ဆွစ်ဇာလန်တို့ဖြစ်ကြသည်ဟု ဆိုသည်။ တင်သွင်းသည့်နိုင်ငံများကို ကြည့်မည်ဆိုပါက တရုတ်နိုင်ငံ၊ အီးယူနိုင်ငံများ၊ အင်ဒိုနီးရှား၊ အမေရိကန်၊ ယူအေအီး၊ မလေးရှား၊တောင်ကိုရီးယား၊ အယ်လ်ဂျီးရီးယားနှင့် နိုင်ဂျီးရီးယား တို့ဖြစ်သည်ဟု ဆိုပါသည်။ ဤနေရာတွင် တရုတ်နိုင်ငံ၏ သကြားတင်သွင်းမှုသည် အလွန်များပြားသဖြင့် လည်းကောင်း၊ ကိုတာစနစ်ဖြင့် ထိန်းသိမ်းထားသဖြင့်လည်းကောင်း ကမ္ဘာ့သကြားဈေးနှုန်းအခြေအနေကို တရုတ်နိုင်ငံမှ ဆုံးဖြတ်နိုင်သကဲ့သို့ ဖြစ်နေသည် ဟုပင်ဆိုနိုင်ပါသည်။ တရုတ်အစိုးရသည် တရုတ်နိုင်ငံအတွင်း ရှိနိုင်ငံပိုင်ကုမ္ပဏီများအား ကိုတာစနစ်ဖြင့်သကြားတင်သွင်းမှုကို အများအပြားခွင့်ပြုပြီး အခွန်ကို ၁၅ ရာခိုင်နှုန်းသာ ကောက်ခံသည်ဟု ဆိုပါသည်။ အဆိုပါ တင်သွင်းခွင့်ရသည့် နိုင်ငံပိုင်ကုမ္ပဏီများသည် ဝယ်ယူလိုသော အခြားနိုင်ငံမှကုမ္ပဏီများထံမှ သတ်မှတ် အရည်အသွေးမီသည့် သကြားများကို သေချာစိစစ်ဝယ်ယူသည်ကို တွေ့ရပါသည်။ ကိုတာအပြင်မှ တင်သွင်းမည်ဆိုပါက အခွန်ကို ၈၅ ရာခိုင်နှုန်းအထိ ကောက်ခံထားသဖြင့် အခွန်များပြားမှုကို နိုင်ငံငယ်များမှ ခံနိုင်ခြင်းမရှိသည်ကို တွေ့ရပါသည်။

## လက်ရှိမြန်မာနိုင်ငံ၏ သကြားဈေးကွက်အခြေအနေ

လက်ရှိမြန်မာနိုင်ငံအတွင်းရှိ သကြားဈေးကွက်အခြေအနေမှာ သကြားစက်များတွင် သကြားလက်ကျန်များကျန်ရှိနေပြီး သကြားဈေးကျဆင်းနေသည်ဟု ဆိုပါသည်။ သို့ရာတွင် တောင်သူများကြံစိုက်ပျိုးမှုမပျက်စေရန် သင့်တော်သည့်ဈေးများဖြင့် သကြားစက်အလိုက် ကြံများဝယ်ယူသွားမည်ဟုလည်း သိရှိရပါသည်။ မြန်မာနိုင်ငံရှိသကြားစက်များအနေဖြင့် သကြားထုတ်လုပ်မှု အများစုသည် ပြည်တွင်းဈေးကွက်အတွက်သာဖြစ်ပြီး ပြည်ပတင်ပို့နိုင်သည့် အရည်အသွေးမျိုးရရှိရန် ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်ရမည်ဟုဆိုပါသည်။ သကြားတစ်ပိဿာ ထုတ်လုပ်မှုကုန်ကျစရိတ်သည် ပြည်တွင်းတွင် များပြားနေသည်မှာ သကြားစက်များမှ သကြားအပြင် အခြားထုတ်လုပ်နိုင်သည့် အီသနောလောင်စာဆီ ထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းခြင်း စသည်တို့ကို မပြုလုပ်နိုင်ခြင်း တို့ကြောင့်ဖြစ်သည်ဟု ဆိုပါသည်။ လောင်စာဆီ အီသနောနှင့် လျှပ်စစ်ထုတ်လုပ်ခြင်းများမှာ လွယ်မယောင်နှင့် ခက်သည့် ကာလလတ်၊ ကာလရှည်စီမံကိန်းများအဖြစ် ဆောင်ရွက်ရမည်ဟု သုံးသပ်မိပါသည်။

## ကြံ၊ သကြားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်မှ အသံများ

ကြံ၊ သကြားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်အား စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၀ရက်မှ ၁၁ ရက်အထိ နှစ်ရက်တိုင်ကျင်းပပြီး ဆွေးနွေးခဲ့ပါသည်။ ပထမနေ့ဖြစ်သော စက်တင်ဘာ ၁၀ ရက်တွင် တောင်သူများ၊ လုပ်ငန်းရှင်များ၊ သကြားစက်ပိုင်ရှင်များနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ပြီး အကြေအလည်ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ အထူးသဖြင့် လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာနှင့် မြန်မာနိုင်ငံရှိ ကြံ သကြားအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ သဘောထားများ၊ သက်ဆိုင်ရာအစိုးရဌာနများမှ ကူညီဆောင်ရွက်ပေးသင့်သောအချက်များ၊ ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးကြခြင်းဖြစ်ပါသည်။ အနာဂတ်အတွက် ပုံဖော်ကြခြင်းဖြစ်ပါသည်။ ထိုသို့ညှိနှိုင်းဆွေးနွေးကြရာတွင် ကြံသကြားတောင်သူများ၊ သကြားစက်ပိုင်ရှင်များ ကုန်သည်လုပ်ငန်းရှင်များမှ သက်ဆိုင်ရာဝန်ကြီးဌာနများအတွက် ချက်ချင်းဆောင်ရွက်ပေးစေလိုသော အချက်များ၊ ကာလတို၊ ကာလလတ် နှင့် ကာလရှည် အဖြစ်ဆောင်ရွက်ပေးစေလိုသော အချက်များကို ဖော်ထုတ်ခဲ့ကြပါသည်။ အဆိုပါအချက်များကို ဒုတိယနေ့ဖြစ်သော ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် တက်ရောက်ချီးမြှင့်ပေးသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နှင့် တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီး များ အားစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင့်ထွန်းက တင်ပြခဲ့ပါသည်။ အဆိုပါအချက်များမှာ ချက်ချင်းဆောင်ရွက်ပေးစေလိုသော အချက်များအနေဖြင့် ကြံစိုက်ခင်းများမှစက်ရုံသို့ကြံသယ်ယူရာတွင် တိုးဂိတ်ဖြတ်သန်းခ၊ တံတားဖြတ်သန်းခနှင့် မြို့ဝင်ကြေးများ ကင်းလွတ်ခွင့်ရရှိရေး၊ ပြည်တွင်း သကြားလုပ်ငန်းများယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကာလအထိ Re-export သကြားတင်သွင်းခွင့်အား ပိတ်ပင်ထားရှိရေး၊ တရားမဝင်သကြားများ ဝင်ရောက်နေမှုအား တရားမဝင် ကုန်သွယ်မှုတားဆီးရေးကော်မတီမှ ပိုမိုထိရောက်စွာ တားဆီးပေးရေး၊ import sugar တင်သွင်းမှုအား သက်ဆိုင်သူများပါဝင်သည့် Board ဖွဲ့စည်းဆောင်ရွက်၍ ပေးသွင်းခွင့်ပြုရေး၊ တင်သွင်းသကြားများဈေးကွက်တွင် တိုက်ရိုက်ရောင်းချပါက သွင်းကုန်ပို့ကုန် ဥပဒေဖြင့် ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ကြေညာဆောင်ရွက်ခွင့်ပြုရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သကြား တင်ပို့ရောင်းချနိုင်ရေးအတွက် GtoG ရောင်းချခွင့်ရရှိရေး တို့ဖြစ်ပြီး ကာလလတ်ဆောင်ရွက်ပေးစေလိုသော အချက်များအနေဖြင့် လယ်မြေတွင် ကြံသီးနှံပြောင်းလဲစိုက်ပျိုးခွင့်ရရှိရေး၊ ပုံစံ (၇) မရှိသော်လည်း နှစ်စဉ်ကြံစိုက်ပျိုးနေသည့် မြေများအား လုပ်ပိုင်ခွင့်ရရှိရေး၊ MADB ဘဏ်ချေးငွေအား နှစ်ချင်းချေးငွေစနစ်မှ နှစ်နှစ် Term loan စနစ်ဖြင့် ချေးယူခွင့် ရရှိရေး၊ ကြံစိုက်တောင်သူများ စက်မှုလယ်ယာစနစ်သို့

**စာမျက်နှာ ၁၆ သို့**

## ယခုတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၈၀၀၀၀ ကျော်ဝင်

စက်တင်ဘာ ၁၅ ရက်မှ ၂၁ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၇၃၁၆၃၉ တန်ဖိုးရှိ ဒီဇယ် ၆၇၀၁၄ ဒသမ ၄၆ တန်နှင့် အမေရိကန်ဒေါ်လာ ၉၉၃၉၆၉၇ တန်ဖိုးရှိ ဓာတ်ဆီ ၁၉၉၀၉ ဒသမ ၁၄ တန်၊ စုစုပေါင်း ၈၆၉၂၃ ဒသမ ၆၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဓာတ်ဆီတန်ချိန် ၅၁၃၆၈ ဒသမ ၆၂ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၃၁၄၅၉ ဒသမ ၄၈ တန် တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။

နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၈၅၉၆၃ တန်ဖိုးရှိဒီဇယ် ၁၀၇၂ ဒသမ ၃၀ တန်နှင့် အမေရိကန်ဒေါ်လာ ၁၀၃၀၈၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၀၃ ဒသမ ၉၅ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့်ဈေးနှုန်းများ

၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ် လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၃၄၉၀ တန်ဖိုးရှိ ကြက်သွန်နီ ၈ ဒသမ ၉ တန်တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ဘက်မှတစ်ဆင့် ပြန်လည်တင်သွင်းမှုများမှာ အမေရိကန်ဒေါ်လာ ၇၃၈၀ တန်ဖိုးရှိ ဟင်းချိုမှုန့် ၆ ဒသမ ၁၃ တန်၊ အမေရိကန်ဒေါ်လာ ၆၀၀ တန်ဖိုးရှိဘာလီကော်ဖီမစ် ၀ ဒသမ ၃၀ တန်တို့ဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏတန်ဖိုး ၃၁၄၇၀ ဒေါ်လာ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရသည်။

စက်တင်ဘာလ ၁၈ ရက်မှ ၂၄ ရက်အတွင်း ကယားပြည်နယ်မှမန္တလေးမြို့သို့ ဒေသထွက်ညော့မထဆန်အိတ် စုစုပေါင်း ၂၂၅၀ အိတ် တန်ချိန်အားဖြင့် ၁၁၂ ဒသမ ၉၈ တန်ခန့်တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မြို့မှ လွိုင်ကော်မြို့သို့ ဆန်တင်သွင်းမှုမှာ ၂၃၀၀ အိတ်၊ မန္တလေးမြို့မှ ၁၀၂၀ အိတ်၊ ရွှေဘိုမြို့မှ ၁၃၇၀ အိတ်တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၄၆၉၀ အိတ် တန်ချိန်အားဖြင့် ၂၃၅ ဒသမ ၄၉ တန်တင်သွင်းခဲ့ကြောင်းသိရှိရသည်။

ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့် အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၆၃၈၀ အိတ် တန်ချိန်အားဖြင့် ၃၁၂ ဒသမ ၅၃တန်၊ နှမ်းတင်ပို့မှုအနေဖြင့် ၅၉၀၀ အိတ် တန်ချိန်အားဖြင့် ၂၈၉ ဒသမ ၀၂ တန် တင်သွင်းခဲ့ပါကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ သိရှိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော စပါးဈေးနှုန်းများမှာ ညော့မထ(နွေ) စပါးတင်း ၁၀၀ လျှင် ကျပ် ၈၉၄၆၀၀ ဈေးပေါက်ကြောင်း၊ ပြည်နယ်အတွင်းအရောင်းအဝယ်ဖြစ်လျက်ရှိသော ဆန်များမှာ ပေါ်ဆန်း၊ ညော့မထ၊ ငစိန်တို့ဖြစ်ပြီး ဆန်အိတ်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၇၀၀၀၊ ညော့မထဆန်တစ်အိတ်လျှင် ကျပ် ၄၄၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၇၅၀၀ ဈေးပေါက်ပြီး တစ်ပြည်ဈေးနှုန်းများမှာပေါ်ဆန်းဆန်တစ်ပြည်လျှင် ကျပ် ၂၈၅၀၊ ညော့မထဆန် တစ်ပြည်လျှင် ကျပ် ၁၈၅၀၊ ငစိန်ဆန် တစ်ပြည်လျှင် ကျပ် ၁၂၀၀ နှုန်းဖြစ် ဈေးပေါက်လျက်ရှိကြောင်း ကုန်သည်/ပွဲစားများထံမှသိရှိရသည်။ **ဖြိုးဝေအောင်(လွိုင်ကော်)**

## Energy NYMEX 27-9-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 56.15 | -0.36 | -0.46 |
| Brent Crude Futr (USD/bbl) | 62.21 | -0.53 | -0.84 |
| Gasoline Rbob Fut (Cent/gal) | 165.10 | -1.02 | -0.61 |
| Natural Gas Futr (USD/MMBtu) | 2.44 | 0.00 | 0.04 |
| Heating Oil Futr (Cent/gal) | 194.33 | -1.73 | -0.60 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 23-September | 18.28 | 2299.65 | 1755.05 | 5729.08 | 954.00 |
| 24-September | 17.77 | 2300.98 | 1751.74 | 5742.30 | 949.00 |
| 25-September | 17.89 | 2288.63 | 1734.33 | 5717.18 | 950.00 |
| 26-September | 17.71 | 2299.43 | 1725.95 | 5709.90 | 927.00 |
| 27-September | 17.93 | 2339.11 | 1720.44 | 5721.36 | 925.00 |

## ပြည်တွင်းငွေလဲနှုန်း ဈေးငြိမ်ခဲ့

ပြည်တွင်းငွေလဲဈေးကွက်သည် စက်တင်ဘာလနောက်ဆုံးပတ်အတွင်း ဈေးငြိမ်နေခဲ့သလိုအရောင်းအဝယ်ဖြစ်မှုလည်း နည်းခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကရည်ညွှန်းငွေလဲနှုန်းကို ယခင်ရက်သတ္တပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၄ကျပ် သတ်မှတ်ခဲ့ရာမှ ယခုရက်သတ္တပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၁ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဈေးကွက်အတွင်း အမေရိကန်ဒေါ်လာကို ရောင်းလိုအားများသော်လည်း ဝယ်လိုအားနည်းခဲ့သောကြောင့် အရောင်းအဝယ်နည်းခဲ့ကြောင်း၊ ပြည်တွင်းရွှေဈေးနှုန်းမှာ ယခုလအတွင်း ပြန်လည်ကျဆင်းလာခြင်းကြောင့် ဒေါ်လာကိုစိတ်ဝင်စားလာခြင်း၊ နိုင်ငံတကာကုန်သွယ်ရေးနွေးနွေးခြင်း၊ရင်းနှီးမြှုပ်နှံမှု အားနည်းခြင်းတို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ယခုနှစ် စီးပွားရေးတိုးတက်မှုနှုန်းကျဆင်းနိုင်ဟု ခန့်မှန်းမှုများမှာ နိုင်ငံတကာဈေးကွက်အတွင်း အမေရိကန်ဒေါ်လာဈေးနှုန်းအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း၊ အမေရိကန်နိုင်ငံရေးလောကတွင်လည်း မငြိမ်သက်မှုများရှိလာရာ အလားအလာများကို စောင့်ကြည့်နေကြကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် စက်တင်ဘာ ၂၃ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး၁၅၃၄ကျပ်၊ဝယ် ဈေး ၁၅၃၀ကျပ်မှ စက်တင်ဘာ ၂၅ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၃၂ကျပ်၊ဝယ်ဈေး၁၅၂၈ကျပ်သို့ ရောက်ရှိလာခဲ့ပြီး စက်တင်ဘာ ၂၇ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၃၂ကျပ်၊ဝယ်ဈေး၁၅၂၉ကျပ်ရှိခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး အနည်းငယ်တက်ခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးသည် ယခုရက်သတ္တပတ်အတွင်း ရွှေတစ်ကျပ်သားလျှင် ကျပ်၁၂၄၅၀၀၀သို့ပင် ရောက်ရှိခဲ့သော်လည်း ရက်သတ္တပတ် ကုန်ဆုံးချိန်တွင် ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

“ဒီတစ်ပတ်ထဲကိုပြည်တွင်းရွှေ ဈေးက ကျပ် ၁၂၄၅၀၀၀ထိ ရောက်ခဲ့ပေမယ့် နောက်ပိုင်းပြန်ကျသွားတယ်။ အဓိကကတော့ ကမ္ဘာ့ရွှေဈေးတက်သွားချိန်မှာ ပြည်တွင်းရွှေဈေး လိုက်တက်မလားဆိုပြီး မျှော်လင့်ချက်နဲ့ ဈေးတက်သွားတယ်လို့မြင်တယ်။ ကမ္ဘာ့ရွှေ ဈေးကလည်း ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနွေးကွေးမှုကြောင့် ပြန်လိုက်ကျတယ်။ ဒီတစ်ပတ်ထဲ ထူးခြားဖြစ်စဉ်တွေကတော့ အမေရိကန်နဲ့ ဂျပန်ကုန်သွယ်ရေးသဘောတူညီမှုရတာနဲ့ အမေရိကန်နိုင်ငံရေးလောကတင်းမာမှုတွေ လောက်ပဲရှိတယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူ တစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် စက်တင်ဘာ ၂၃ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၄၀၀၀၀ရှိခဲ့ရာမှ စက်တင်ဘာ ၂၅ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၄၅၀၀၀ သို့ မြင့်တက်ခဲ့သော်လည်း စက်တင်ဘာ ၂၇ရက်တွင်ကျပ် ၁၂၃၁၀၀၀ သို့ပြန်လည် ရောက်ရှိခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေ ဈေးကွက်၌ စက်တင်ဘာ ၂၃ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၂၀ ဒေါ်လာရှိခဲ့ရာမှ စက်တင်ဘာ ၂၅ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၃၀ဒေါ်လာသို့ ဈေးမြင့်တက်ခဲ့သော်လည်း စက်တင်ဘာ ၂၇ရက်တွင် တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၅၀၀ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## Securities ကုမ္ပဏီကိုယ်စားလှယ် လိုင်စင်စာမေးပွဲအစီအစဉ်ထုတ်ပြန်

ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ (Securities Company)ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်အရည်အချင်းစစ် စာမေးပွဲပြုလုပ်မည့် အစီအစဉ်ကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)က ကြေညာခဲ့သည်။

ဖြေဆိုသူအနေဖြင့် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်စာမေးပွဲလျှောက်လွှာကို www.secm.gov.mm တွင် Download ရယူနိုင်မည်ဖြစ်ပြီး စာမေးပွဲကြေး ကျပ်တစ်သောင်းကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂) တွင်ဖွင့်လှစ်ထားသည့် ငွေစာရင်းအမှတ် MD - ၀၁၀၁၂၃ သို့ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လျှောက်လွှာများကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၊အမှတ် ၂၁-၂၅၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ်(တိုင်းရုံး)ဒုတိယထပ်၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့တွင် အောက်တိုဘာ ၃၁ရက်နောက်ဆုံးထားလက်ခံမည်ဖြစ်ပြီး ဖုန်း- ၀၁- ၃၇၃၉၅၉၊၀၁- ၃၇၃၁၉၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း၊ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက လိုင်စင်ကြေးအဖြစ် တစ်ဦးလျှင် ကျပ်ငါးသောင်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company) ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်အရည်အချင်းစစ် စာမေးပွဲကျင်းပမည့်နေ့ရက်၊ အချိန်နှင့်နေရာကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများအဖြစ် KBZ Stirling Coleman, Myan-mar Securities Exchange Centre,CB Securities, AYA Trust, KTz Ruby Hill နှင့် UAB Securitiesတို့မှ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

September 27, 2019
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.48 |
| BDT | Bangladesh Taka | 84.52 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 7.13 |
| EUR | Euro | 0.92 |
| H KD | Hong Kong Dollars | 7.84 |
| I NR | India Rupees | 70.83 |
| I DR | Indonesia Rupiahs | 14176.12 |
| JPY | Japan Yen | 107.83 |
| MYR | Malaysia | 4.18 |
| PKR | Pakistan Rupees | 156.85 |
| PHP | Philippines Pesos | 51.88 |
| RUB | Russia Rubles | 64.36 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1198.96 |
| LKR | Sri Lanka Rupe | 181.95 |
| THB | Thailand Baht | 30.63 |
| GBP | United Kingdom Pounds | 0.81 |
| VND | VietnamDon | 23192.24 |

*Source:xe.com*

## World Gold Price

September- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 23 | 1518 | 1516 | 1516 |
| 24 | 1525 | 1523 | 1523 |
| 25 | 1533 | 1532 | 1532 |
| 26 | 1512 | 1511 | 1511 |
| 27 | 1500 | 1499 | 1499 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 23-9- 2019 | 1238.50 | 1238.00 |
| 24-9- 2019 | 1241.00 | 1241.00 |
| 25-9- 2019 | 1246.50 | 1245.80 |
| 26-9- 2019 | 1236.50 | 1236.70 |
| 27-9- 2019 | 1234.00 | 1235.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 23 | 7.10 | 30.48 | 84.49 | 70.94 |
| 24 | 7.11 | 30.53 | 84.46 | 71.87 |
| 25 | 7.11 | 30.59 | 84.27 | 71.05 |
| 26 | 7.13 | 30.62 | 84.79 | 70.89 |
| 27 | 7.13 | 30.63 | 84.52 | 70.83 |

## ဘိလပ်မြေ

# ယခုတစ်ပတ် ရေလမ်းမှ ဘိလပ်မြေ ပြန်လည်တင်သွင်း

စက်တင်ဘာ ၁၅ ရက် မှ ၂၁ ရက်သီတင်းပတ်အတွင်းအမေရိကန်ဒေါ်လာ ၃၂၄၃၈ တန်ဖိုးရှိ ဘိလပ်မြေ ၁၇၆ ဒသမ ၂၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှ ၁၂၅ တန်နှင့် မလေးရှားနိုင်ငံမှ ၅၁ ဒသမ ၂၀ တန် တင်သွင်းခဲ့သည်။ နှစ်ပတ် ဆက်တိုက်တင်သွင်းမှု ပျောက်နေသောဘိလပ်မြေက ယခုတစ်ပတ်မှသာ ပြန်လည် တင်သွင်းခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၇၃၈၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၃၀၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၁၀၈၀ ကျော်အဝင်ပိုခဲ့သည်။ ယခုတစ်ပတ် ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၁၇၀ ကျော်နှင့် နယ်စပ်လမ်းမှ ဘိလပ်မြေ တန်ချိန် ၇၀၀၀ ကျော်ဝင်ခဲ့ကြောင်း သိရသည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်အနည်းငယ်ဖြစ်လာသော်လည်း ဘိလပ်မြေဈေးက နည်းနည်းကျလာကြောင်းသိရသည်။ ယခုတစ်ပတ် ဆင်မြန်မာက ကျပ်၁၅၀၊ ကြံ့နှစ်ကောင်(ပြာ)က ကျပ် ၃၀၀၊ ကြံ့နှစ်ကောင်(အနီ)က ကျပ် ၃၅၀ဈေးကျလာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၇၅၀၊ ဆင်မြန်မာ ကျပ် ၆၀၀၀၊ ကြံ့နှစ်ကောင် (နီ) ကျပ် ၆၀၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၆၂၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ်မှာ အရောင်းအဝယ် ပုံမှန်ရှိကြောင်း သိရသည်။ ကမ္ဘောဇဘိလပ်မြေနှင့် ကြံ့ဘိလပ်မြေက ကျပ် ၂၀၀ ဈေးကျလာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ယခုရက်ပိုင်း အပါချီနဲ့ ကမ္ဘောဇဘိလပ်မြေများက အရောင်းအဝယ်သွက်ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း)ကျပ် ၈၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၁၀၀၊ ကမ္ဘောဇ ကျပ် ၄၉၀၀၊ ကြံ့ကျပ် ၅၁၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ ဈေးကွက်ထဲအယ်လ်ဖာဘိလပ်မြေနှင့်ကြံ့နှစ်ကောင်ဘိလပ်မြေများက ဆက်လက်ပစ္စည်းပြတ်နေပြီး ဘိလပ်မြေဈေးများငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံးကျပ် ၅၀၀၀၊ ကြံ့နှစ် ကောင်ကျပ် ၅၄၀၀၊ အယ်လ်ဖာကျပ် ၅၃၀၀၊ ခရောင်း(၅၂၅) ကျပ် ၅၃၀၀၊ ခရောင်း (၄၂၅)ကျပ် ၄၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ် အပါချီနှင့် ကြံ့ဘိလပ်မြေက ကျပ် ၃၀၀ ဈေးကျလာသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၁၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၁၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၆၀၀၊အယ်လ်ဖာ ကျပ် ၅၉၀၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# ယခုတစ်ပတ် မြေဩဇာအဝင်နည်း

စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၆၆၆၁၂၆ တန်ဖိုးရှိ မြေဩဇာ ၈၄၉၈ ဒသမ ၂၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၄၀၀၊ တရုတ်နိုင်ငံမှ ၁၉၇၈ ဒသမ ၀၆ တန်၊ အီဂျစ်နိုင်ငံမှ တန်ချိန် ၈၄၀၊ အိန္ဒိယနိုင်ငံမှ ၈တန်၊ ကိုရီးယားနိုင်ငံမှ ၉၉၉ ဒသမ ၃ တန်၊ မက္ကဆီကိုနိုင်ငံမှ ၁၅ တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၁၀၀၊ နော်ဝေနိုင်ငံမှ ၄၉၈ ဒသမ ၉၆ တန်၊ ပိုလန်နိုင်ငံမှ ၁၆၈ တန်၊ ဆော်ဒီအာရေဗျနိုင်ငံ မှ ၂၀၁၃ ဒသမ ၁၂ တန်၊ ထိုင်းနိုင်ငံမှ ၈၇၇ ဒသမ ၈၄ တန်နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၆၀၀တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ဆော်ဒီအာရေဗျနိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊တီစူပါ(၄၆%)၊ ယူရီးယား၊ ကွန်ပေါင်း(၁၆း၁၆း၈)၊ ကွန်ပေါင်း(၁၆း၂၄း၂၅)၊ အော်ဂဲနစ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာ တန်ချိန် ၁၁၉၂၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန်၃၄၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

# တောင်ကြီးမြေဩဇာဈေးကွက် အရောင်းအေး

စက်တင်ဘာ ၁၄ ရက်မှ ၂၀ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာတန် ၁၉၁၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၀၁၃၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၉၇၀ ကျော် အဝင်လျော့ခဲ့ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့် မကွေးနှင့်မန္တလေးတို့၌ အရောင်းပုံမှန်ရှိပြီး မော်လမြိုင်နှင့်တောင်ကြီးတွင် အရောင်းပါးကြောင်းသိရသည်။

**မန္တလေးဈေးကွက်၌** ယခုတစ်ပတ်မှာလည်း အရောင်းအဝယ်ကောင်းကြောင်း သိရသည်။ ယူရီးယား(ရွှေတောင်-တရုတ်)က ကျပ် ၁၅၀၀၊ ပိုတက်က ကျပ် ၁၃၀၀ ဈေးမြင့်ပြီး အာမို(၁၅)ပတ်လည်က ကျပ် ၅၀၀ ဈေးကျကာ ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ(၄၆%-တရုတ်)ကျပ် ၂၄၅၀၀၊ မြွားသီးစုံကျပ် ၁၈၄၀၀၊ ပန်းသီးစုံကျပ် ၁၈၅၀၀၊ အာမို(၁၆း၁၆း၈) ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၀၀၀၊ ပိုတက် ကျပ်၂၇၇၀၀၊ မြွားကမ္ဘာ ကျပ် ၁၈၄၀၀၊ မြွား(၁၅း၇း၈)က ကျပ်၂၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**တောင်ကြီးဈေးကွက်၌** စိုက်ပျိုးရာသီချိန်မဟုတ်ခြင်းက တစ်ကြောင်း၊ မိုးများပြီး တောင်သူများမြေဩဇာအသုံးပြုမှုနည်းနေသောကြောင့် ယခုတစ်ပတ် အရောင်းအဝယ်ပါးပြီး ဈေးငြိမ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၈၅၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၅၈၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၉၈၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ်၁၆၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၇၀၀၀၊ မြွားကမ္ဘာကျပ် ၁၉၅၀၀၊ ပုလဲ-မြင်းပျံ ကျပ် ၂၉၅၀၀၊ ရွှက်ဖျန်း ကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

**မကွေးဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် အာမို(၁၅)ပတ်လည်က ကျပ် ၃၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)နှင့် တီစူပါက ကျပ် ၂၀၀ ဈေးကျလာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၉၆၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၉၀၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၉၀၀၀၊အာမို၁၅း၁၅း၁၅ကျပ် ၃၉၇၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၂၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၁၀၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၂၀၅၀၀၊ မြွားကမ္ဘာ(၁၅း၇း၈) ကျပ် ၂၂၅၀၀၊ တီစူပါ က ကျပ် ၂၅၅၀၀၊ ဇာမနီကျပ် ၂၀၅၀၀၊ တောင်သူမ ကျပ် ၁၉၀၀၀၊ တက်တိုး ကျပ် ၂၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မော်လမြိုင်ဈေးကွက်၌** ယခုတစ်ပတ် အရောင်းအဝယ်ပုံမှန်လေး ပြန်ဖြစ်လာသော်လည်း မြေဩဇာဈေးက အပြောင်းအလဲမရှိ ငြိမ်နေသည်။

## နှံ့ဆီ/နှံ့မှုန့်

# ယခုတစ်ပတ် နှံ့ဆီတစ်မျိုးသာအဝင်ရှိ

စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက် အတွင်း အမေရိကန်ဒေါ်လာ ၂၇၁၇၀၀ တန်ဖိုးရှိ နှံ့ဆီ ၂၆၁ ဒသမ ၃၉၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။

ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၂၁၇ ဒသမ ၆၂ တန်နှင့် စင်ကာပူနိုင်ငံမှ ၄၃ ဒသမ ၇၇၆ တန် တင်သွင်းခဲ့သည်။ တင်သွင်းခဲ့သည့်တံဆိပ်များမှာ တီးပေါ့၊ ကောင်းဘဲလ်နှင့် Hawk တို့ဖြစ်သည်။

ယခင်သီတင်းပတ်က နှံ့ဆီ ၂၁၈ ဒသမ ၈၈ တန် အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၄၂ ဒသမ ၅၁၆ တန် ပိုမို တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နှံ့မှုန့် တင်သွင်းမှုမရှိခဲ့ကြောင်း သိရသည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၉ မှ ၂၀/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၉ မှ ၁၃/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၉.၁၀ | ၅၆.၉၀ | (+) | ၂.၉၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၀၀.၀၀ | ၁၄၅.၀၀ | (+) | ၅၅.၀၀ |
| ၅။ | တာချီလိတ် | ၄၅၀၀.၀၀ | ၃၂၀၀.၀၀ | (+) | ၁၃၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| ၈။ | မြိတ် | ၂၅၇၅.၀၀ | ၂၉၀၀.၀၀ | (-) | ၃၂၅.၀၀ |
| | စုစုပေါင်း | ၇၃၈၄.၁၀ | ၆၃၀၁.၉၀ | (+) | ၁၀၈၂.၉၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၉ မှ ၂၀/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၉ မှ ၁၃/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၆၈၅.၂၅ | ၄၃၁၁.၇၅ | (+) | ၃၇၃.၅၀ |
| ၂။ | လွယ်ဂျယ် | ၃၇၆၄.၈၅ | ၄၀၆၇.၇၀ | (-) | ၃၀၂.၈၅ |
| ၃။ | ချင်းရွှေဟော် | ၉၇၇၇.၄၅ | ၉၄၅၃.၆၅ | (+) | ၃၂၃.၈၀ |
| ၄။ | ကန်ပိုက်တီ | ၉၃၆.၀၀ | ၆၇၈.၀၀ | (+) | ၂၅၈.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | ၁၆၁၅.၀၀ | (-) | ၁၆၁၅.၀၀ |
| ၉။ | တမူး | - | ၉.၀၀ | (-) | ၉.၀၀ |
| | စုစုပေါင်း | ၁၉၁၆၃.၅၅ | ၂၀၁၃၅.၁၀ | (-) | ၉၇၁.၅၅ |

ခင်မိုးသူ

# ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း/အမှုထမ်းများအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများအပြင် ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းစဉ်များကို စနစ်တကျသိရှိလိုက်နာဆောင်ရွက်ပြီး ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုမှ ပြည်ပကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်နိုင်စေရန် ရည်ရွယ်၍ "ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှု အလုပ်ရုံဆွေးနွေးပွဲ"ကို စက်တင်ဘာ ၂၃ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသည်။

အခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနသုံးခုမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သည့် ကုန်သွယ်မှုလုပ်ငန်း များဖြင့် အမျိုးသား စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် ပြည်တွင်း၌ရှိသော စက်မှုလက်မှုကဏ္ဍ၊ လယ်ယာကဏ္ဍ၊ သားငါးနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ စသည့်ကဏ္ဍများမှ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်အောင် ဦးစွာလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမှသာလျှင် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုကိုပြုလုပ်နိုင်ပြီး အမျိုးသား စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သကဲ့သို့ ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော ကုန်သွယ်မှု ပမာဏတိုးတက်ရေး ဆောင်ရွက်ရန်၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင် ဆောင်ရွက်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ထွက်ကုန်များ ဈေးကွက်ဝေစု ပိုမိုရရှိအောင် ဆောင်ရွက်ရန်၊ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်၊ စားသုံးသူအခွင့်အရေးကာကွယ်ရေးနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်နိုင်ရန်လည်းလိုအပ်ကြောင်း၊ ဝန်ကြီးဌာန၏ မျှော်မှန်းချက်နှင့်ရည်မှန်းချက်များ ရရှိစေရန် ဝန်ကြီးဌာန အောက်ရှိဦးစီးဌာနများ အပါအဝင် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန် ကောင်းကောင်းနှင့် ဆောင်ရွက်နေသကဲ့သို့ အမျိုးသားစီးပွားရေးတိုးတက်ရန်အတွက် ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းဈေးကွက်၌ ဖြစ်ပေါ်နေသည့် လယ်ယာထွက်ကုန်သီးနှံများ၊ အခြေခံစားကုန်များ၊ ဆေးဝါး၊ လူသုံးကုန်နှင့် ဆောက်လုပ်ရေးပစ္စည်းများ၏ ဈေးနှုန်းအတက်/အကျနှင့် ပြည်တွင်းမှာကုန်သွယ်မှုပြုနေသော အခြေအနေများကို နေ့စဉ် ပုံမှန်စိစစ် သုံးသပ်တင်ပြခြင်းကိုလည်းကောင်း၊ လယ်ယာထွက်ကုန်သီးနှံများ၊ အခြေခံစားကုန်များ၏ စိုက်ပျိုးထုတ်လုပ်ထွက်ရှိမှု၊ စားသုံးမှု၊ သုံးစွဲမှု၊ ပိုလျှံမှုနှင့် ပြည်ပတင်ပို့နိုင်မည့်အလားအလာများကို သုံးသပ်တွက်ချက်ခြင်းကိုလည်းကောင်း၊ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးလာရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများ ချမှတ်ခြင်းကိုလည်းကောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ကုန်သွယ်မှုလုပ်ငန်းများကို အဓိကလုပ်ဆောင်နေသော ဌာနဖြစ်သကဲ့သို့ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာမှသာလျှင် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်ဖန်တီးပေးနိုင်မှု အလားအလာကောင်းများရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားဖို့လည်း လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများက ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပို့ချခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ အရာထမ်း၊ အမှုထမ်း ၄၈ ဦး တက်ရောက်ခဲ့ကြသည်။

DOCA(Domestic)

## ပြည်တွင်းဆီဈေးနှုန်းများ (၂၇-၉-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၈၀၀၀ | ၈၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၈၀၀၀ | ၈၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၆၆၀၀ | ၆၈၀၀ | △ | ၆၆၀၀ | ၆၈၀၀ | △ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၇၅၀၀ | ၇၅၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၅၀ | ၁၆၅၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)ဈေးနှုန်း

၂၇-၉-၂၀၁၉ US$/Ton

| အမျိုးအစား | စက်တင်ဘာဒုတိယပတ် | စက်တင်ဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၂၆.၅၀ | ၅၂၅.၀၀ | ▽ |
| RBD P.Olein | ၅၃၃.၅၀ | ၅၃၀.၅၀ | ▽ |
| RBD P.Stearin | ၅၃၈.၅၀ | ၅၃၄.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၇-၉-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၁၉.၃၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၅၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၁၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၁.၄၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၂.၄၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၁ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၅၆၄.၅၉၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၇-၉-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 567 ဒေါ်လာနှင့် USD ဈေး ၁၅၃၂ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၇-၉-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၃၂ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## ပုံမှန်ရောင်းဝယ်မှုဖြစ်နေသည့် ပြည်မတ်ပဲ

ပြည်ပဲမျိုးစုံဈေးကွက်မှာမတ်ပဲသီးနှံ အဝင်သိပ်မရှိတော့ဘဲ လက်ကျန်ပဲများဖြင့် ရောင်းဝယ်နေခဲ့သည်။ ရန်ကုန်ဝယ်လက် နေ့စဉ်အဝယ်ရှိခဲ့သော်လည်း ရောင်းချမှုနည်းပါးသည့်အတွက် တစ်ရက်အိတ် ၁၅၀/၂၀၀ ခန့်သာ ရောင်းဝယ်မှုဖြစ်ခဲ့ကြသည်။ ပဲဈေးမှာ ယခင်တစ်ပတ်ထက်ဈေးနည်းနည်းပိုလာသည့်အတွက်တစ်တင်းကျပ် ၂၅၀၀၀ ရှိခဲ့ပြီး ယခင်နှစ်ထက်လည်း ဈေးပိုနေခဲ့ကြောင်းသိရသည်။ ယခင်နှစ်က မတ်ပဲဈေးမှာဈေးအေးခဲ့တဲ့သီးနှံထဲ ပါဝင်နေပြီး ကျပ်နှစ်သောင်းအောက်သာရရှိခဲ့သည့်အတွက် ယခုနှစ်ဈေးသည် အေးနေသည်ဆိုသော်လည်း ယခင်နှစ်ထက်ကျပ် တစ်သောင်းနီးပါး ဈေးပိုနေကြောင်းသိရပါသည်။

**ခင်ဆွေဝင်း(ပြည်)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက်မှ မြေ (၃၀' x ၂၀')အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၃) နှစ်သက်တမ်း (၁) နှစ် တစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသည်။

၂။ အဆိုပါ မြေကွက်အား ၉-၁၀-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ အဆိုပြုလျှောက်လွှာ ဝယ်ယူရမည်ဖြစ်ပါ သည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်တွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ ရုံးအမှတ်(၅၂)၊ နေပြည်တော်၌ အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ တင်ဒါယှဉ်ပြိုင်ရမည့်နေ့ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၃။ စိတ်ပါဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာ ဝယ်ယူနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို ရောင်းချမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း - ၀၄၂-၂၄၅၂၃ နှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး**
**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ စားသုံးသူရေးရာဦးစီးဌာန**

Vol: 19, No.37 Monday September 30 2019

## မကွေးကုန်စည်ဒိုင်၌ မြေပဲဈေးနှုန်းများ ကျဆင်း

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် မိုးမြေပဲများ ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မကွေးကုန်စည်ဒိုင်တွင် စက်တင်ဘာ ၁၇ ရက်မှစ၍ မိုးမြေပဲများ လှိုင်လှိုင်ဝင်ရောက်လာသော်လည်း ဝယ်လိုအား နည်းသွားရာ မြေပဲ(လုံးဆန်၊ ဆီဆန်၊ ပဲတောင့်)ဈေးနှုန်းများ ကျဆင်းသွားသည်။ စက်တင်ဘာလ၏ တတိယပတ် မြေပဲလုံး ဆန်ဖြူ တစ်ပိဿာလျှင် ကျပ် ၃၄၀၀၊ မြေပဲလုံးဆန်နီတစ်ပိဿာလျှင် ကျပ် ၄၂၀၀၊ မြေပဲဆီဆန်ဖြူတစ်ပိဿာလျှင် ကျပ် ၃၂၀၀၊ မြေပဲတောင့် ၂၅ ပေါင် တစ်တင်းလျှင် ကျပ် ၁၆၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုစက်တင်ဘာလစတုတ္ထပတ် စက်တင်ဘာ ၂၄ ရက်တွင် မြေပဲလုံးဆန်ဖြူတစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ မြေပဲလုံးဆန်နီတစ်ပိဿာလျှင် ကျပ် ၃၉၅၀၊ မြေပဲဆီဆန်ဖြူတစ်ပိဿာလျှင် ကျပ် ၂၉၀၀၊ မြေပဲတောင့် ၂၅ ပေါင် တစ်တင်းလျှင် ကျပ် ၁၅၀၀၀ တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ယခင်ကာလတူ စက်တင်ဘာ ၁၇ ရက်နှင့် နှိုင်းယှဉ်ပါက မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ကျပ် ၄၀၀၊ မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ကျပ် ၂၅၀၊ မြေပဲဆီဆန်ဖြူတစ်ပိဿာလျှင် ကျပ် ၃၀၀၊ မြေပဲတောင့် ၂၅ ပေါင်တစ်တင်းလျှင် ကျပ် ၁၀၀၀ ဈေးကျသွားကြောင်း သိရှိရသည်။

**လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

## သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်း အခြေအနေ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် စက်တင်ဘာ ၁၈ရက်မှ ၂၄ ရက်အတွင်း ဖြစ်ပေါ်ခဲ့သော သစ်သီးဝလံဈေးနှုန်း အခြေအနေများမှာ ဖျာပုံနှင့် ကျိုက်လတ်မှ သံပရာအကြီး တစ်လုံး ကျပ် ၆၀၊ အလတ်ကျပ် ၄၀၊ အသေး ကျပ် ၂၀နှင့် ၂၅ကျပ်၊ (မြန်မာ) မာလကာ အကြီးတစ်လုံး ကျပ် ၁၀၀၊ အလတ် ကျပ် ၆၀၊ အသေး ၃၅ ကျပ်ရှိပြီး မှော်ဘီ၊ တိုက်ကြီးမှ (ကီလို) မာလကာ အကြီးတစ်လုံး ကျပ် ၃၅၀၊ အလတ်ကျပ် ၂၀၀၊ အသေးကျပ် ၁၀၀ ဈေးရှိသည်။

ဝမ်းတွင်းမှဖရဲ (၂၁၁) အလုံးကြီး တစ်လုံးကျပ် ၁၃၀၀၊ အလတ်မှာ ကျပ် ၁၀၀၀၊ အသေးမှာကျပ် ၈၀၀ နှင့်ကျပ်၅၀၀ ၊(၈၅၅) ဖရဲမှာ အလုံးကြီးတစ်လုံး ကျပ်၃၅၀၀၊ အလတ်မှာကျပ် ၂၅၀၀၊ အသေးကျပ် ၂၀၀၀ နှင့် ကျပ် ၁၅၀၀ ဈေးရှိကြောင်း သိရသည်။ ပြည်မှ ဩဇာသီး အလုံး ၂၀ ပါတစ်ခြင်းမှာ ကျပ် ၈၀၀၀၊ အလုံး ၃၀ ပါခြင်းမှာ ကျပ် ၅၀၀၀ နှင့် ဟသ်ာတ (တွင်းကောက်)မှ ကန်စွန်းဥအလုံးကြီး တစ်ပိဿာ ကျပ် ၁၀၀၀၊ အလတ် တစ်ပိဿာ ကျပ် ၇၀၀ အသေး ကျပ် ၄၀၀ နှင့် ၃၀၀ ရှိပြီး တောင်ငူမှ ဒူးရင်းမှာ အလုံးကြီးတစ်လုံးကျပ် ၄၀၀၀၊ အလတ်မှာ ကျပ် ၃၀၀၀၊ အသေးကျပ် ၂၀၀၀နှင့် ကျပ် ၂၅၀၀ ရှိကြောင်း သိရှိရသည်။

တိုက်ကြီးမှ ကျွဲကော (ပန်းရောင်)အကြီး တစ်လုံး ကျပ် ၁၃၀၀၊ အလတ်မှာ ကျပ် ၁၀၀၀၊ အသေး ကျပ် ၇၀၀နှင့် ပီလောပီနံအလုံးကြီး တစ်ပိဿာ ကျပ် ၆၀၀၊ အလတ် ကျပ် ၅၀၀၊ အသေးကျပ် ၃၀၀ ရှိပြီး ပျဉ်းမနား ငှက်ပျောသီးအကြီးတစ်လုံး ကျပ် ၄၀၊ အလတ် ကျပ် ၃၀၊ အသေး ကျပ် ၂၀ နှင့် ၂၅ ကျပ်ရှိပါသည်။ ပြင်ဦးလွင်မှ နဂါးမောက် (အနီ) ၁၈ လုံးပါ ဂျပ်ဖာ တစ်ဖာ ကျပ် ၁၃၀၀၀၊ ၂၄ လုံးပါ တစ်ဖာမှာ ကျပ် ၁၀၀၀၀၊ အလုံး ၄၀ ပါ တစ်ဖာမှာ ကျပ် ၇၀၀၀ နှင့် ပုပ္ပားမှ နဂါးမောက် (အနီ) ၁၈လုံးပါ ဂျပ်ဖာတစ်ဖာကျပ် ၁၀၀၀၀၊ ၂၄ လုံးပါတစ်ဖာမှာ ကျပ် ၇၀၀၀၊ အလုံး ၄၀ ပါ တစ်ဖာမှာ ကျပ် ၅၀၀၀ ဈေးတို့ အသီးသီးရှိကြောင်း သီရိမင်္ဂလာ ဈေးရှိသစ်သီးဝလံကုန်စည်ဒိုင်မှ စုံစမ်းသိရှိရသည်။

**West DOCA (ygn)**

## စက်တင်ဘာလအတွင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်တင်ပို့ ကြက်သွန်နီ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သို့ ကြက်သွန်နီများ နေ့စဉ်တင်ပို့လျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၂၃ ရက်အတွင်း ကြက်သွန်နီကား ၃၈၈ စီး၊ တန်ချိန် ၆၄၆၄ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၁ ဒသမ ၆၀၉ သန်းဖိုး တင်ပို့နိုင်ခဲ့သည်။

ငွေဈေးမှာ တစ်ဒေါ်လာ ကျပ် ၁၅၂၀၊ မြန်မာငွေကျပ် ၁၀၀ လျှင် သုည ဒသမ ၀၄၆၈ ယွမ်၊ တစ်ယွမ်လျှင် ၂၁၅ ကျပ်ပေါက်ဈေးရှိခဲ့ပြီး ကြက်သွန်နီ တစ်တန်ဈေးမှာ တရုတ်ယွမ်ငွေ ၁၇၂၀-၁၇၆၇၊မြန်မာကျပ်ငွေ ၃၇၀၀၀၀-၃၈၀၀၀၀၊ တစ်ပိဿာ ၂ ဒသမ ၇/ ၂ ဒသမ ၈ ယွမ်၊ မြန်မာကျပ်ငွေ ၅၉၄-၆၁၀ ဈေးနှုန်းဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သဖြင့် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သောကြက်သွန်နီဈေးမှာ ပြောင်းလဲမှု အနည်းငယ်သာရှိခဲ့သည်။

ဩဂုတ် ၁ ရက်မှ ၂၃ရက်အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီဈေးမှာ တစ်ပိဿာ ကျပ် ၆၄၀ ဝန်းကျင်ရှိပြီး စက်တင်ဘာ ၁ ရက်မှ ၂၃ ရက်အတွင်း တစ်ပိဿာ ကျပ် ၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သောကြောင့် ကာလတူ ဈေးနှုန်းနှင့်နှိုင်းယှဉ်လျှင် ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၄၀ ဝန်းကျင် ကျဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သလို တင်ပို့မှုတွင် ဩဂုတ် ၁ ရက်မှ ၂၃ ရက်အတွင်း ၄၀၅၇ တန်၊ စက်တင်ဘာ ၁ ရက်မှ ၂၃ ရက် အတွင်း ၆၀၆၄ တန် တင်ပို့နိုင်ခဲ့သဖြင့် စက်တင်ဘာ တင်ပို့မှုသည် ဩဂုတ်လတင်ပို့မှုထက် ၂၀၀၇ တန်ပိုမိုခဲ့သည်။

ငွေဈေးမှာ စက်တင်ဘာ ၁ ရက်မှ ၂၃ ရက်အတွင်း တစ်ယွမ်လျှင် ၂၁၅ ကျပ် ဝန်းကျင် ဖြစ်ပေါ်ခဲ့ပြီး မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်စာရင်းအရသိရသည်။

**ထွန်းမင်းထွန်း**

## နေကြာဈေးကွက် ယခင်နှစ်ထက် ပိုမိုတိုးတက်လာ

ဆီထွက်သီးနှံဖြစ်သော ယခုနှစ်နေကြာဈေးကွက်၌ နေကြာဆီစားသုံးမှုများလာ၍ စိုက်ပျိုးမှု တိုးတက်လာကြောင်းသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးရာသီ နေကြာစိုက်ဧကမှာ သုံးသောင်းကျော်စိုက်ပျိုးနိုင်ခဲ့ပြီး ယင်းမာပင်ခရိုင်နှင့် စစ်ကိုင်းခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြောင်းသိရသည်။

နေကြာတစ်တင်းဆီကြိတ်လျှင် နေကြာစေ့အရည်အသွေးပေါ် လိုက်၍ ဆီလေးပိဿာမှ လေးပိဿာခွဲထိ ထွက်ရှိသည်။ ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်ပေါက်ဈေးနှုန်းမှာ နေကြာတစ်ပိဿာ ကျပ် ၁၉၀၀ နှုန်းပေါက်ပြီး ယခင်နှစ်ပေါက်ဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၁၂၀၀-၁၂၅၀ ပေါက်ပြီး နှိုင်းယှဉ်ပါက နေကြာစေ့တစ်ပိဿာ ပျမ်းမျှ ကျပ် ၇၀၀ ခန့်ဈေးပိုနေပြီး ယခုနှစ်တွင် အရောင်းအဝယ်သွက်နေသည်။ နေကြာဆီပေါက်ဈေးနှုန်းမှာ လက်ကား တစ်ပိဿာ ကျပ် ၄၈၀၀ မှ ၅၀၀၀ ထိ၊ လက်လီတစ်ပိဿာ ကျပ် ၅၅၀၀ မှ ၆၀၀၀ နှုန်းထိ၊ နေကြာဖတ် တစ်ပိဿာ ကျပ် ၆၅၀-၆၇၅ နှုန်းပေါက်လျက်ရှိကြောင်းသိရသည်။

**ကြည်ကြည်နွယ်**

## တမူးနယ်စပ်မှ အိန္ဒိယသို့ တစ်ပတ်အတွင်း တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းတန်ဖိုး

စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အတွင်း တမူးနယ်စပ်မှ အိန္ဒိယသို့ တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းအမျိုးအစားများမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ စက်မှုကုန်ကြမ်း ပစ္စည်းများနှင့် အခြားပစ္စည်းများ တင်ပို့ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ကွမ်းသီး၊ စားတော်ပဲနှင့် ကြက်သွန်ဖြူတို့၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာသန်းပေါင်း သုည ဒသမ ၈၃၇၊ ရေထွက်ပစ္စည်းများမှာ ငါးတန်၊ ငါးမြစ်ချင်း၊ ငါးမုတ် စသည်တို့၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာသန်းပေါင်း သုည ဒသမ ၀၂၉၊ စက်မှုကုန်ကြမ်းပစ္စည်းများမှာ သကြားဖြူ၊ စီးကရက်၊ ဘိလပ်ဖျော်စက်စသည်တို့၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၀၂၉ နှင့်နန့်ဖာလုံဈေးမှအခြားပစ္စည်းများတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၃၈၉ တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်းတင်ပို့ခဲ့သည့်ပစ္စည်းများတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁ ဒသမ ၂၈၄ တင်ပို့နိုင်ခဲ့ကြောင်း၊ ယခင်တစ်ပတ်အတွင်း တင်ပို့မှုတန်ဖိုးမှာအမေရိကန်ဒေါ်လာ သန်းပေါင်း ၁ ဒသမ ၆၇၅ တန်ဖိုး တင်ပို့နိုင်ခဲ့၍ ယခုတစ်ပတ်ပို့ကုန်တန်ဖိုးမှာ ယခင်တစ်ပတ်၏ ဒေါ်လာသန်းပေါင်း သုည ဒသမ ၃၉၁ လျော့နည်းခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ငွေလဲလှယ်မှုနှုန်းမှာ တစ်ရူပီးလျှင် မြန်မာငွေ ကျပ် ၂၀ ခန့်ရှိ ကြောင်းသိရသည်။

**ကြည်ကြည်နွယ်**

## မော်လမြိုင်မြို့ ရတနာထွန်းငါးဈေး၌ ငါး၊ ပုစွန်ဝင်ရောက်မှုနှင့် ဈေးနှုန်းများ

မွန်ပြည်နယ် မော်လမြိုင်မြို့ ရတနာထွန်းငါးဈေးတွင် စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ငါးမျိုးစုံ ပိဿာချိန် ၁၁၃၄၀၀ ခန့်၊ ပုစွန် ပိဿာချိန် ၃၆၀၀၀ ခန့်ဝင်ရောက်ခဲ့ကြောင်း သိရှိရသည်။

ငါးတစ်ပိဿာဈေးနှုန်းများမှာ ငါးမြစ်ချင်းကျပ် ၃၂၀၀-၃၆၀၀၊ ငါးကြင်း ကျပ် ၆၅၀၀-၇၀၀၀၊ တီလားပီးယား ကျပ် ၃၆၀၀-၄၂၀၀၊ ငါးပုတ်သင် ကျပ် ၂၈၀၀-၃၅၀၀၊ ငါးပုလွေ ကျပ် ၂၆၀၀-၃၀၀၀၊ ပင်လယ်ငါးခူ ကျပ် ၃၂၀၀-၄၀၀၀၊ ငါးတန်ကျပ် ၂၀၀၀-၃၂၀၀၊ ငါးကွန်းရှပ် ကျပ် ၈၅၀၀-၉၀၀၀၊ ကတ်ကတစ် ကျပ် ၁၀၀၀၀-၁၁၀၀၀၊ ငါးပါးကူ ကျပ် ၂၅၀၀-၃၀၀၀၊ ဒေသထွက်ငါးခူ ကျပ် ၄၀၀၀-၄၅၀၀၊ ငါးပြား ကျပ် ၄၀၀၀-၄၅၀၀၊ ပလာတူး ကျပ် ၃၀၀၀-၃၂၀၀၊ ငါးဖယ် ကျပ် ၁၀၅၀၀-၁၁၀၀၀၊ ရွှေငါး ကျပ် ၂၃၀၀-၂၅၀၀၊ ငါးခေါင်းပွ ကျပ် ၅၈၀၀-၆၂၀၀၊ ကင်းမွန် ကျပ် ၁၀၅၀၀-၁၁၀၀၀၊ ပုစွန်ကြော့ ကျပ် ၁၃၀၀၀-၁၄၀၀၀၊ ပုစွန်တုပ် ကျပ် ၁၅၀၀၀-၂၀၀၀၀ တို့ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ငါး၊ ပုစွန်များမှာ ထားဝယ်၊ ကျိုက္ခမီ၊ သံဖြူဇရပ်နှင့် စက်စဲနယ်ဘက်မှဝင်ရောက်ကြောင်း သိရှိရသည်။

**မိုးမိုး (မွန်)**

## ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ထောပတ်သီးစိုက် တောင်သူများ ဝင်ငွေကောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ထောပတ်သီးကို မြို့နယ်တိုင်းလိုလို စိုက်ပျိုးကြသည်။ အထူးသဖြင့် တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေ ပင်လောင်း၊ ဖယ်ခုံနှင့် ရွာငံမြို့နယ်များတွင် အများဆုံးစိုက်ပျိုးကြခြင်းဖြစ်သည်။ ဒေသတွင်းနှင့် ပြည်တွင်းဈေးကွက်များသို့ အများဆုံးတင်ပို့လျက်ရှိပြီး အချို့ထောပတ်သီးပွဲရုံများက ကျိုင်းတုံနှင့် တာချီလိတ်ဈေးကွက်များသို့ တင်ပို့လျက်ရှိကြောင်းသိရသည်။



ပြည်ပဈေးကွက်အနေဖြင့် နှစ်စဉ်ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ပြီး ဒုတိယအများဆုံးတင်ပို့သည့် နိုင်ငံက တရုတ်နိုင်ငံဖြစ်သည်။ ယခုနှစ် ထိုင်းနိုင်ငံဈေးကွက်အနေဖြင့် ထောပတ်သီးတစ်ကီလိုကို ဘတ် ၅၀ ရရှိခြင်းကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ထောပတ်သီးစိုက်တောင်သူများအနေဖြင့် ထောပတ်သီးမှ ဝင်ငွေကောင်းကောင်းရရှိနေကြောင်း သတင်းရရှိသည်။

**စောမောင် (တောင်ကြီး)**

# သဇင်မြေ ကုန်သွယ်မှုဇုန်ဟိုဒ္ဒာန၏ ကုန်သွယ်မှု အခြေအနေ

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မန်ကျည်းစေ့ တစ်ကီလိုဂရမ်လျှင် ၈၄ ဒသမ ၀၄ ကျပ်နှုန်းဖြင့် ၂၃၈၀၀၀ ကီလိုဂရမ် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ကီလိုဂရမ် ၁၇၄၀၀၀၊ တန်ဖိုး ၁၄၆၅၆၃၈၂ ဒသမ ၄၀ ကျပ် ပိုမိုတင်ပို့နိုင်ခဲ့သည်။ အလားတူ ကြက်သွန်နီ ကီလိုဂရမ် ၃၉၀၀၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၈၂၀ တင်ပို့ခဲ့ခြင်းကြောင့် ယခင်တစ်ပတ်ထက် ကီလိုဂရမ် ၁၉၀၀၀၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၇၂၂၀ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၉၄၄၄ တန်ဖိုးရှိ ဆီးသီးခြောက်၊ ချင်း(အစို)၊ မန်ကျည်းစေ့၊ ကြက်သွန်နီ၊ ဆီးယိုထုပ်၊ ဆီးဖတ်နှင့် ငါးမြစ်ချင်းတို့ တင်ပို့ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်ပစ္စည်းများအနေဖြင့် တီရှပ်နှင့် Woven Fabric (pieces)တို့တင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၆၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။

**မြသီဂီကျော်**

---

# မွန်ပြည်နယ်ထွက် ဆားဈေးနှုန်းဈေးကွက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ မွန်ပြည်နယ်တွင် ဆားကွင်း ၇၆ ကွင်း၊ လုပ်ကွက် ဧက ၃၀၀၀ မှ ဆားကြမ်း ၂၃၀၀၀ မက်ထရစ်တန် ထုတ်လုပ်နိုင်ပြီး ဆားချောကြိတ်စက် အရေအတွက် ၃၂ စက်မှ မက်ထရစ်တန် ၇၀၀၀ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ တွင် ဆားကြမ်း မက်ထရစ်တန် ၃၀၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့သော်လည်း ဩဂုတ်လအတွင်းမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၊ ပငကျေးရွာရှိ ဆားဂိုဒေါင်အများစု ရေနစ်မြုပ်ခဲ့ပြီး ဆားပိဿာချိန် ၄၇ သိန်းကျော်၊ ကာလပေါက်ဈေး သိန်းရှစ်ထောင်ခန့် ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း၊ ပြည်နယ်အတွင်း စားသုံးမှုအခက်အခဲ မရှိသော်လည်း အခြားဒေသသို့ ဖြန့်ဖြူးမှုအပိုင်းတွင် လျော့နည်းခဲ့ကြောင်း သိရှိရသည်။

လက်လီဆားဈေးကွက်တွင် ယခင်က ဆားကြမ်းတစ်ပိဿာ ကျပ် ၁၆၀ မှယခုကျပ် ၂၀၀ ထိမြင့်တက်ခဲ့သည့်အတွက် ဆားကြမ်းတစ်ပိဿာလျှင် ကျပ် ၄၀ မြင့်တက်ခဲ့ကြောင်း၊ ဆားချော(အိုင်အိုဒင်းဆား) ဈေးနှုန်းမှာ ဩဂုတ်လကုန်တွင် တစ်ပိဿာ ကျပ် ၃၀၀ မှ စက်တင်ဘာ ၂၄ ရက် ဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၄၀၀ ဖြစ်ပေါ်နေသည့်အတွက် ဆားချော တစ်ပိဿာလျှင် ကျပ် ၁၀၀ ထိ ဈေးမြင့်တက်ခဲ့ကြောင်း ဆားဈေးကွက်မှ သိရှိရသည်။

**ဝင်းမြတ် (ရာမညကုန်သွယ်မှုဇုန်ဟိုဒ္ဒာန)**

---

# မတ်ပဲတင်ပို့မှု ယခင်တစ်ပတ်ထက် လျော့နည်း

စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၁၁၆၀၇ ဒသမ ၅၀၂၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၅၂၁၈၆၁ ဒသမ ၈၇ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

တင်ပို့ခဲ့သောနိုင်ငံများမှာ ၁၇ နိုင်ငံရှိပြီး ကနေဒါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နယူးဇီလန်၊ မလေးရှား၊ တောင်အာဖရိက၊ ကာတာ၊ ဗီယက်နမ်၊ ဂျပန်၊ ပါကစ္စတန်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ထိုင်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်သည်။ အများဆုံး တင်ပို့ခဲ့သော နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ တန်ချိန် ၇၇၈၁ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၀၁၄၉၃ ဖြစ်ပြီး အနည်းဆုံး တင်ပို့ခဲ့သောနိုင်ငံမှာ တောင်အာဖရိကဖြစ်၍ တန်ချိန် သုံးတန် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၀၀ ဖြစ်ကြောင်းသိရသည်။

ယခင်တစ်ပတ်တင်ပို့မှုမှာ တန်ချိန် ၁၃၉၈၇ ဒသမ ၉၉ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၆၂၆၀၄၇ ဒသမ ၅၉ ဖြစ်သောကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၂၃၈၀ ဒသမ ၄၈၈၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၀၄၁၈၅ ဒသမ ၇၂ လျော့နည်းခဲ့သည်။ မတ်ပဲတစ်တန်ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၅၄၅ ခန့်ဖြစ်ပြီး ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၅၆၂ ခန့် ရရှိသောကြောင့် ယခုတစ်ပတ်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၇ ခန့် ကျဆင်းခဲ့ကြောင်းသိရသည်။

**စန်းစန်းမော်(မြှင့်တင်၊ပြည်တွင်း-ရန်ကုန်)**

---

# နှစ်စဉ်ဝင်ငွေတိုးဖို့ လျှော်ဖြူပင် စိုက်ကြပါစို့

စစ်ကိုင်းတိုင်းဒေသကြီးတွင် လျှော်ဖြူစိုက်ဧကပေါင်း ၁၀၀၀၀ ကျော်ထိရှိလာပြီး ခရိုင်အလိုက် အနေဖြင့် မုံရွာခရိုင်မှ ဧကပေါင်း ၆၇၀၀ ကျော်စိုက်ပျိုးထားကြောင်းသိရှိရသည်။ မုံရွာခရိုင်အတွင်းရှိ ဘုတလင်မြို့နယ်တွင် လျှော်ဖြူဧက ၁၂၀၀ ကျော်ခန့် စိုက်ပျိုးထားရှိပြီး အချို့လျှော်ဖြူ စိုက်ခင်းများမှာ အစေးစတင်ထုတ်ယူလျက်ရှိကြောင်း သိရှိရသည်။

ဘုတလင်မြို့နယ်အတွင်းရှိ လျှော်ဖြူစိုက်ခင်းများမှာ ရိုးနီး၊ ရိုးဖြူနှင့် ထိုင်ဝမ်မျိုးတို့ စိုက်ပျိုးထားရှိသည်။ ရိုးနီနှင့် ရိုးဖြူမျိုးများမှာ တစ်ပင်လျှင် ကျပ် ၂၀၀ ပေးရပြီး ထိုင်ဝမ်မျိုးမှာ တစ်ပင်လျှင် ကျပ် ၂၅၀ ပေးရကြောင်း သိရှိရသည်။ မြေတစ်ဧကလျှင် လျှော်ဖြူပင် ၁၅ပေခြားစိုက်လျှင် အပင် ၂၀၀ စိုက်နိုင်ပြီး၁၂ပေခြားစိုက်လျှင် အပင် ၃၀၀ နှင့် ၁၀ ပေခြားလျှင် အပင် ၄၀၀ စိုက်နိုင်ပြီး အပင်နှစ်နှစ်သားမှစ၍ အစေးထုတ်ယူနိုင်သည်။ သွင်းအားစုအနေဖြင့် တစ်နှစ်လျှင်အပင်ပေါ်မူတည်ပြီး မြေဩဇာ နှစ်ကြိမ်၊ သုံးကြိမ်ခန့် ကျွေးပေးရပြီး ပိုးသတ်ဆေး ၁၅ ရက်တစ်ကြိမ်ခန့် ဖျန်းပေးရသည်။ လျှော်ဖြူတစ်ဧက ကုန်ကျစရိတ်မှာ စတင်စိုက်ပျိုးသည့်ပထမနှစ်တွင် စုစုပေါင်း ကုန်ကျစရိတ် ကျပ်ငါးသိန်းခန့်ဖြစ်ပြီး နောက်နှစ်များတွင် ကျပ်သုံးသိန်းဝန်းကျင်ခန့်သာ ကုန်ကျကြောင်း သိရှိရသည်။

လျှော်ဖြူပင် နှစ်နှစ်သားတွင် စတင်အစေးထုတ်ယူရာတွင် တစ်ပင်လျှင် လျှော်ဖြူစေးတစ်ရက် တစ်ကျပ်သားခန့် ထွက်ရှိသည်။ဘုတလင်မြို့နယ်ရှိ လျှော်ဖြူစိုက်တောင်သူများမှာ လျှော်ဖြူစေးထုတ် ယူရာတွင် နည်းပညာ၊ လုပ်သားနှင့် ဈေးကွက်တို့ကြောင့် ကိုယ်တိုင်မထုတ်ယူဘဲ မုံရွာ၊မန္တလေး ပွဲစားများက ကိုယ်တိုင်လာရောက်၍ စိုက်ခင်းထဲမှ စိတ်ကြိုက်အပင်များကိုရွေး၍ တစ်ပင်လျှင် တစ်ရာသီ ကျပ် ၁၀၀၀၀ နှုန်းပေး၍ လာရောက်ထုတ်ယူနေပြီး အစေးထုတ်ယူ၍ အပင်ထိခိုက်သေဆုံးလျှင် လျော်ကြေးတစ်ပင်လျှင် ကျပ်တစ်သိန်းနှုန်း ပေးရပါမည်။ တစ်ရာသီလျှင် ရှစ်လသာ ထုတ်ယူခွင့်ပေးသည်။ တစ်ဧကအပင် ၄၀၀ ကျော်ရှိသော်လည်း၊ စိတ်ကြိုက်အပင် ၃၅၀ ခန့်ထုတ်ယူရပါက တစ်နှစ်လျှင် တစ်ဧကကျပ် ၃၅ သိန်းကျော်ရရှိပြီး စိုက်ပျိုးသည့်တောင်သူအတွက် အကျိုးအမြတ်များစွာ ရရှိသော သီးနှံဖြစ်ပါသည်။ လျှော်ဖြူပင်သည် နှစ်ရှည်ပင်ဖြစ်၍ နှစ်စဉ်ဝင်ငွေတိုးနေသည်။

လျှော်ဖြူစေးကို ရေခဲမုန့်၊ ရွှေရင်အေး၊ ဖာလူဒါ စသည့် ရိုးရာစားသောက်ကုန်လုပ်ငန်းများ၊ လျှော်ဖြူစေးအား အမှုန့်ပြုလုပ်၍ အထည်အလိပ်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ ဖန်ထည်မှန်ထည်လုပ်ငန်း စသည့် စက်မှုကုန်ကြမ်း လုပ်ငန်းများအတွက်လည်း အသုံးပြုနေကြသည်။ ရိုးရာတိုင်းရင်းဆေးတွင်လည်း ဆီးရွှင်ဆေး၊ ဝမ်းနုတ်ဆေးများတွင် အသုံးပြုသည်။ အစေ့ကို လှော်၍စားပြီး အခေါက်မှလျှော်ထုတ်ယူ၍ ကြိုးအဖြစ်အသုံးပြုနေကာ လျှော်ဖြူပင်တစ်ပင်လုံး အသုံးဝင်သော အပင်ဖြစ်သည်။

လျှော်ဖြူပွဲစားများမှ ဝယ်ယူနေသော ဈေးနှုန်းများမှာ ကြာဆံအသန့် တစ်ပိဿာလျှင် ကျပ် တစ်သိန်း၊ ကြာဆံကျိုး (၈-၁၀)လက်မ တစ်ပိဿာလျှင် ကျပ် ရှစ်သောင်း၊ ကြာဆံကျိုးစ တစ်ပိဿာလျှင် ကျပ် ၅၀၀၀၀-၆၀၀၀၀၊ ရေခဲစ တစ်ပိဿာလျှင် ကျပ် ၂၄၀၀၀-၂၇၀၀၀ နှင့် အောက်ဆုံးစ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ၅၀၀၀ ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်းအသီးသီးပေးကာ ပွဲစားများက ဝယ်ယူနေသည်ဟု လျှော်ဖြူ စိုက်တောင်သူများထံမှသိရှိရသည်။

**ကျော်ဇင်ဝင်း(ဇေယျာကုန်သွယ်မှုဇုန်ဟိုဒ္ဒာန)**

---

# စံပြငါးဈေး ငါး၊ ပုစွန်အဝင်နှင့် ဈေးနှုန်းအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးတွင် စက်တင်ဘာ ၁၃ ရက်မှ ၂၄ ရက်အထိ ငါးမျိုးစုံ ပိဿာချိန် ၂၁၁၅၄၃၈ နှင့် ပုစွန် ပိဿာချိန် ၃၅၁၂၀ ဝင်ရောက်ခဲ့သည်။

ငါးအဝင်နှင့်ဈေးနှုန်းများမှာ ငါးခူ၊ ငါးကျည်း တစ်ပိဿာ ကျပ် ၇၅၀၀-၁၂၀၀၀ ဈေးနှင့် အဝင် ၂၁၈၂ ပိဿာ၊ ငါးရံ့တစ်ပိဿာကျပ် ၆၅၀၀-၁၀၀၀၀ ဈေးနှင့် အဝင် ၁၃၉၈ ပိဿာ၊ ငါးရှဉ့် တစ်ပိဿာ ကျပ် ၇၀၀၀-၉၀၀၀ ဈေးနှင့် အဝင်ပိဿာ ၁၃၀၀၊ ငါးမြစ်ချင်း တစ်ပိဿာကျပ် ၃၀၀၀-၄၅၀၀ ဈေးနှင့် အဝင် ၆၃၂၂၆၈ ပိဿာ၊ ငါးကြင်း တစ်ပိဿာကျပ် ၄၅၀၀-၆၅၀၀ ဈေးနှင့် အဝင် ၄၉၄၁၅၈ ပိဿာ၊ ငါးခေါင်းပွ တစ်ပိဿာကျပ် ၂၀၀၀-၄၀၀၀ ဈေးနှင့် အဝင် ၁၀၀၂၉၃ ပိဿာ၊ ငါး သလောက် တစ်ပိဿာ ကျပ် ၁၃၀၀၀-၂၅၀၀၀ ဈေးနှင့် အဝင် ၆၂၉၀ ပိဿာ၊ ငါးတန် တစ်ပိဿာကျပ် ၃၀၀၀-၅၅၀၀ ဈေးနှင့် အဝင် ၄၃၂၇၆၇ ပိဿာ၊ ကကတစ် တစ်ပိဿာ ကျပ် ၉၀၀၀-၁၁၀၀၀ ဈေးနှင့် အဝင် ၃၄၈၃ ပိဿာ၊ ကသပေါင်း တစ်ပိဿာကျပ် ၉၀၀၀-၁၃၀၀၀ ဈေးနှင့် အဝင် ၁၆၀၁ ပိဿာ၊ ငါးမျိုးစုံ တစ်ပိဿာ ကျပ် ၂၀၀၀-၇၅၀၀ ဈေးနှင့် အဝင် ၄၃၉၆၉၈ ပိဿာ၊ ပုစွန်ကြော့ တစ်ပိဿာ ကျပ် ၃၅၀၀-၄၀၀၀) ဈေးနှင့် အဝင် ၃၂၀၄၅ ပိဿာ၊ ပုစွန်စပ်တုပ် တစ်ပိဿာ ကျပ် ၁၅၀၀၀-၂၀၀၀၀ ဈေးဖြင့် ၁၆၁၄ ပိဿာ၊ ပုစွန်တုပ်ကြီး တစ်ပိဿာကျပ် ၂၅၀၀၀-၂၇၀၀၀ ဈေးဖြင့် အဝင် ၁၄၆၁ ပိဿာ ဝင်ရောက်ခဲ့သည်။

လက်လီဈေးများဖြစ်သော ပုဇွန်တောင်ဈေးနှင့် သဃ်န်းကျွန်းစံပြဈေးတို့တွင် ငါးကြင်းတစ်ပိဿာ ကျပ် ၉၀၀၀-၁၀၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၅၀၀၀ ၊ ပုစွန်ကြော့ တစ်ပိဿာ ကျပ် ၁၀၀၀၀-၁၂၀၀၀ ရောင်းချလျက်ရှိပြီး ယခင်တစ်ပတ်ထက် ငါးဈေး တစ်ပိဿာလျှင် ကျပ် ၅၀၀-၁၀၀၀ ခန့်ဈေးတက်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။

**ခင်မာဌေး(ရန်ကုန်)**

---

# မကွေးကုန်စည်ဒိုင်တွင် ဈေးတက်လာသော နှမ်းနီ၊ ညိုကျား

မကွေးတိုင်းဒေသကြီး၌ ယခုတစ်ပတ်အတွင်း နှမ်းမျိုးစုံ ဝင်ရောက် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ မိုးမိ၍နှမ်းတချို့ အရည်အသွေးကျဆင်းကာ ဝယ်လိုအားကြောင့် နှမ်းဈေး ကျသွားသော်လည်း ယခုတစ်ပတ်အတွင်း မိုးရွာသွန်းမှု လျော့နည်းသွားကာ နှမ်းအရည်အသွေးကောင်းများ ဝင်ရောက် အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် ဝယ်လက်အကြိုက် နှမ်းနီ၊ နှမ်းညိုကျားတို့ ဈေးမြင့်တက်သွားသည်။

မကွေးကုန်စည်ဒိုင်တွင် ယခင်တစ်ပတ် စက်တင်ဘာ ၁၇ ရက်တွင် နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၃၄၀၀၀၊ နှမ်းညိုကျား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၂၈၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

ယခုတစ်ပတ် စက်တင်ဘာ ၂၄ ရက်တွင် မိုးနှမ်းများ အရည်အသွေးကောင်း၍ ဆီစက်များ၏ ဝယ်လိုအားကြောင့် နှမ်းနီ၊ ညိုကျားဈေးများ မြင့်တက်လျက်ရှိရာ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ နှမ်းညိုကျား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၃၄၀၀၀၊ ဈေးတို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်တွင်မိုးနှမ်းများ ဝင်ရောက်မှုများပြားလာပြီး အရည်အသွေးကောင်း၍ ဆီစက်များ၏ ဝယ်လိုအားကြောင့် နှမ်းဈေးများ မြင့်တက်သွားရာ ယခင်တစ်ပတ်ဈေးထက်နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၆၀၀၀၊ နှမ်းညိုကျား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၆၀၀၀ စီ ဈေးမြင့်တက်၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဇုန်ဟိုဒ္ဒာန)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၂ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Argentina နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၄ ဒသမ ၅၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဗီယက်နမ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ အီဂျစ်၊ ဂျော်ဒန်၊ ကင်ညာ၊ ကူဝိတ်၊ နယူးဇီလန်၊ တောင်အာဖရိက၊ စပိန်၊ ဆွစ်ဇာလန်နှင့် တူရကီ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၈ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ရုရှား၊ နော်ဝေ၊ ဒိန်းမတ်၊ ဆွီဒင်၊ ဖင်လန်နှင့် ဘယ်လ်ဂျီယံ စသည့် နိုင်ငံပေါင်း ၁၂ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၃၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းဖြင့်ဈေးနှုန်း မြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၈ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၇ ဒသမ ၆၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဗီယက်နမ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဘာဘေဒို၊ အီဂျစ်၊ ဟန်ဂေရီ၊ ဂျော်ဒန်၊ ကင်ညာ၊ ကူဝိတ်၊ နယူးဇီလန်၊ တောင်အာဖရိက၊ စပိန်၊ တူရကီနှင့် ဆွစ်ဇာလန် စသည့်နိုင်ငံများ အပါအဝင် ၆၄ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ရုရှား၊ မက္ကဆီကို၊ ကိုလံဘီယာ၊ နော်ဝေ၊ ဆွီဒင်နှင့် ဖင်လန်စသည့် နိုင်ငံ ၁၀ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၇ ဒသမ ၆၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင်ဖြစ် ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၇ | ၀.၅၈ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၁ | ၀.၈၆ |
| ၃ | ထိုင်း | လီတာ | ၁.၁၇ | ၀.၈၆ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့် လည်းကောင်း၊ ညှော့မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၁ ဖြင့် လည်းကောင်းဖြစ်ပေါ်ခဲ့ပြီး ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၅ ဖြင့်လည်းကောင်း၊ ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၃ ဒေါ်လာဖြင့် လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၅ ဖြင့် လည်းကောင်း၊ ညှော့မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၅ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပါကစ္စတန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းများ အနည်းငယ် ကျဆင်းခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းများတည်ငြိမ်နေခဲ့သည်ကို လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် အာဖရိကနိုင်ငံများအနေဖြင့် အိန္ဒိယဆန်အပေါ် ဝယ်လိုအား ငြိမ်နေသော်လည်း အိန္ဒိယနိုင်ငံ၏ ငါးမှတ်ပေါင်းဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်က တစ်တန်လျှင် ၃၆၉-၃၇၆ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် ၃၇၂-၃၇၉ ဒေါ်လာသို့ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။ ရူပီးငွေဈေးသည် ယခုတစ်ပတ်အစောပိုင်းတွင် နှစ်ပတ်တာအနိမ့်ဆုံးရောက်ရှိနေရာမှ ပြန်လည်မြင့်တက်လာခဲ့ပြီး အဓိကဝယ်လက်နိုင်ငံဖြစ်သည့် ဘီနင်အပါအဝင် အနောက်အာဖရိကနိုင်ငံများ၏ အိန္ဒိယဆန်ဝယ်ယူမှုမှာ တုံ့ဆိုင်းလျက်ရှိသည်ဟု Olam India ဆန်လုပ်ငန်း၏ ဒုတိယဥက္ကဋ္ဌ Nitin Gupta ကပြောကြားခဲ့သည်ကို သိရှိရသည်။ ၂၀၁၈-၂၀၁၉ ရာသီအတွင်း အိန္ဒိယနိုင်ငံ၏ စပါးထုတ်လုပ်မှုမှာ နှစ်အလိုက် ၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တန်ချိန် ၁၁၅ သန်းသို့ရောက်လာနိုင်သော်လည်း အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းများသည် ပါကစ္စတန်၊ ထိုင်း စသော အာရှနိုင်ငံများ၏ဈေးကွက်နှင့် အပြိုင်ဈေးကွက် စိန်ခေါ်မှုများ၊ ပြိုင်ဆိုင်မှုများနှင့် ဆက်လက်ယှဉ်ပြိုင်ရနိုင်ဖွယ်ရှိကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံတွင် ဆန်ဝယ်လိုအား ကျဆင်းလာခြင်းကြောင့် ဆန်ဈေးနှုန်းများမှာ ၁၂ နှစ် အတွင်း အနိမ့်ဆုံးနှုန်းထားဖြစ်ပေါ်နေခဲ့ပြီး အစိုးရက ဆန်ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ပုဂ္ဂလိကလုပ်ငန်းများက ရင်းနှီးမြှုပ်နှံလာစေရေး အားပေးသွားဖွယ်ရှိကြောင်း သိရှိရသည်။ ဗီယက်နမ်နိုင်ငံ တွင် ငါးမှတ်ဆန်ဈေးမှာ ၂၀၀၇ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း အနိမ့်ဆုံးဖြစ်သော တစ်တန်လျှင်၃၁၅-၃၂၅ ဒေါ်လာနှုန်းတွင် ဆက်လက်ရပ်တည်ခဲ့ကြောင်း ဟိုချီမင်းစီးတီးမြို့မှ ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ ဆန်စာချုပ်သစ်များ မချုပ်ဆိုနိုင်ခြင်းသည် ဗီယက်နမ်ဆန်ဈေးကို ကျဆင်းစေခြင်းဖြစ်ပြီး လက်ရှိဆန်ဈေးမှာ နှစ်ဦးပိုင်းထက် ၁၃ ရာခိုင်နှုန်းခန့် နိမ့်ကျလျက်ရှိကြောင်း သိရှိရသည်။ ဗီယက်နမ်အစိုးရသည် ပြည်တွင်းဆန်စက်လုပ်ငန်းနှင့် သိုလှောင်မှုစနစ်များကို အဆင့်မြှင့်တင်ရာ၌ ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံလာစေရန် အားပေးသွားဖွယ်ရှိကြောင်း သိရှိရသည်။

ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံး ထိုင်းနိုင်ငံတွင် ဆန်ဝယ်လိုအားနည်းခြင်းနှင့် ယခုနှစ်ဆန်း ကတည်းက ဘတ်ငွေအားကောင်းနေသဖြင့် ထိုင်းဆန်ဈေးမှာ ပြိုင်ဘက်နိုင်ငံများထက် ဈေးကြီးမြင့်နေခဲ့ပြီး ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းတွင် ရေကြီးနေခြင်းနှင့် ပိုဂျူးမုန်တိုင်းကြောင့် လယ်ယာမြေဟက်တာ ၂၄၀၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ခြင်းတို့ကြောင့် ထိုင်းဆန်ရောင်းလိုအား အပေါ် စိုးရိမ်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ သို့ရာတွင် ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုသည် နှစ်ကုန် ချိန်တွင်ဖြစ်ပေါ်မည့် ဆန်ရောင်းလိုအားကို မည်မျှထိခိုက်စေနိုင်မည်ကိုစောင့်ကြည့်သွားရမည်ဖြစ်ကြောင်း ဗန်ကောက်မြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းဆန်စပါးဈေးကွက်နှင့် ပတ်သက်သည့် သတင်းများအနေဖြင့် လာမည့် ငါးနှစ်မှ ၁၀ နှစ် အတွင်း မျိုးစေ့တင်ပို့ရောင်းချနိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်ရောက်ရှိရန် မျှော်မှန်းချက်ထား ဆောင်ရွက်နေကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားခဲ့သည်ကို သိရှိရသည်။ ယင်းမျှော်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် မျိုးစေ့ကဏ္ဍတွင် စိုက်ပျိုးမျိုးစေ့ဌာနခွဲ၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနများ၊ မျိုးစေ့ထုတ်ကုမ္ပဏီများ၊ မျိုးစေ့ထုတ်လုပ်သည့် တောင်သူအစုအဖွဲ့များအားလုံး တက်ညီလက်ညီ အတူတကွပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များနှင့် ကြုံတွေ့နေရသည့်အတွက် ရာသီဥတုဖောက်ပြန်မှုကို ပြန်လည်တုံ့ပြန်နိုင်မည့် မျိုးကောင်းမျိုးသန့်များ၊ မျိုးသစ်များဖြင့် အစားထိုးပြောင်းလဲနိုင်မှ တောင်သူများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်ရေးကိုလည်း အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တစ်ဖက်တွင်လည်း စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များကို တောင်သူများ အလွယ်တကူရရှိအသုံးပြုနိုင်ရန် မျိုးစေ့ထုတ်လုပ်မှုတွင် မျိုးစေ့အဆင့်အလိုက် သက်ဆိုင်ရာ မျိုးစေ့ထုတ်လုပ်သူများက ဆောင်ရွက်ပြီး ဈေးကွက်နှင့်ကိုက်ညီသည့် မျိုးများ၏ လိုအပ်သည့်ပမာဏကို စိုက်ပျိုးရာသီနှင့် အချိန်ကိုက်ထုတ်လုပ်နိုင်ရန် မျိုးစေ့ထုတ်လုပ်မှုစနစ်တစ်ရပ် တည်ဆောက်ရန်လိုအပ်လျက်ရှိပြီး လက်ရှိတွင်စီးပွားဖြစ် မျိုးစေ့ထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးအတွက် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် Welthun-gerhilfe က မျိုးစေ့ထုတ်လုပ်ပုံနည်းပညာများ၊ သွင်းအားစုများ၊ စီးပွားရေးနှင့် ဈေးကွက်ဆိုင်ရာနည်းပညာများ ထောက်ပံ့ပေးမှုလုပ်ငန်းများကို မျိုးစေ့ထုတ် အစုအဖွဲ့များ၊ မိတ်ဖက်ကုမ္ပဏီများမှ တစ်ဆင့် တောင်သူများထံရောက်ရှိစေရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၁၅ ကျပ်နှုန်းရှိပြီး ညှော့မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၁၉၇၈၀ မှ ၂၀၄၂၅ ကျပ်ကြားပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် စက်တင်ဘာ ၂၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၉ ကျပ်နှုန်းပေါက်ဈေးရှိကြောင်း သိရှိရသည်။

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၈ | ၀.၇၁ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၀ | ၁.၃၃ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၁ | ၀.၈၅ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၇ | ၀.၈၆ |
| ၉ | လာအို | လီတာ | ၁.၂၃ | ၀.၉၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ နှင့် ဒီဇယ်ဆီတစ် လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၇ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၈ ဒေါ်လာနှုန်းဖြင့် ၂၃ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက် ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၂၆ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | Monaco | လီတာ | ၁.၉၀ |
| ၃ | ကူဝိတ် | လီတာ | ၀.၃၅ | Iceland | လီတာ | ၁.၉၀ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၃၅ | ဘာဘေဒို | လီတာ | ၁.၈၉ |
| ၅ | အီရန် | လီတာ | ၀.၃၆ | နော်ဝေ | လီတာ | ၁.၈၇ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၈ | ဟောင်ကောင် | လီတာ | ၁.၈၉ |
| ၂ | အီရန် | လီတာ | ၀.၀၉ | Iceland | လီတာ | ၁.၈၂ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၈၀ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၇၈ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဆွီဒင် | လီတာ | ၁.၇၁ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၁ | ၀.၉၀ |
| ၂ | ဂျပန် | လီတာ | ၁.၂၉ | ၁.၁၂ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၈ | ၀.၉၈ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

## ကေသွယ်(တန့်ဆည်မြေ)

ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၀.၉.၂၀၁၉ | စည် | ၅၈.၁၃ |
| ၂ | ၂၃.၉.၂၀၁၉ | စည် | ၅၈.၆၄ |
| ၃ | ၂၄.၉.၂၀၁၉ | စည် | ၅၇.၂၉ |
| ၄ | ၂၅.၉.၂၀၁၉ | စည် | ၅၆.၄၉ |
| ၅ | ၂၆.၉.၂၀၁၉ | စည် | ၅၆.၄၁ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာတန်ဖိုး ပြန်လည်မြင့်တက်လာခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် စက်တင်ဘာ ၂၀ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၅၁၀ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာလ ၂၆ ရက်တွင် ၁၅၁၀ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်း ရွှေ ဈေးနှုန်းအနေဖြင့် စက်တင်ဘာ ၂၀ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၂၃၁၅၀၀ ကျပ်၊ စက်တင်ဘာ ၂၆ ရက်တွင် ကျပ် ၁၂၃၇၀၀၀ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ကမ္ဘာ့ရွှေဈေးအတက်အကျပေါ်တွင် မူတည်၍ ရွှေဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၆ ရက်အတွင်း ကမ္ဘာ့ရွှေ ဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိ ရသည်-

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၅၀ရာခိုင်နှုန်း၊ Annual Rate of Inflation ၈ ဒသမ ၃၅ ရာခိုင် နှုန်း၊ Year on Year Inflation ၁၀ ဒသမ ၈၇ ရာခိုင်နှုန်းရှိသည်ကို လေ့ လာသိရှိရသည်။

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၉.၂၀၁၉ | ၁၂၅၂၀၀၀ | ၁၅၂၀ |
| ၂ | ၂.၉.၂၀၁၉ | ၁၂၆၅၀၀၀ | ၁၅၂၅ |
| ၃ | ၃.၉.၂၀၁၉ | ၁၂၇၃၀၀၀ | ၁၅၃၂ |
| ၄ | ၄.၉.၂၀၁၉ | ၁၂၈၀၀၀၀ | ၁၅၄၀ |
| ၅ | ၅.၉.၂၀၁၉ | ၁၃၀၇၀၀၀ | ၁၅၄၂ |
| ၆ | ၇.၉.၂၀၁၉ | ၁၂၅၈၀၀၀ | ၁၅၀၇ |
| ၇ | ၈.၉.၂၀၁၉ | ၁၂၅၅၀၀၀ | ၁၅၀၇ |
| ၈ | ၉.၉.၂၀၁၉ | ၁၂၄၅၀၀၀ | ၁၅၁၀ |
| ၉ | ၁၀.၉.၂၀၁၉ | ၁၂၂၄၀၀၀ | ၁၄၉၄ |
| ၁၀ | ၁၁.၉.၂၀၁၉ | ၁၂၂၇၀၀၀ | ၁၄၉၂ |

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာ တွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၂-၉-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၀၉ ဒသမ ၁၅ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ် ပေါ်လျက်ရှိပြီး ၂၅-၉-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၄၀ ဒသမ ၅၀ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 25–Sep–19 | 12.39 cts/lb | 11.77 cts/lb | 340.50 $/T | 15.44 cts/lb |
| 24–Sep–19 | 12.13 cts/lb | 11.73 cts/lb | 332.35 $/T | 15.08 cts/lb |
| 23–Sep–19 | 11.91 cts/lb | 11.71 cts/lb | 330.25 $/T | 14.98 cts/lb |
| 20–Sep–19 | 11.78 cts/lb | 11.71 cts/lb | 326.65 $/T | 14.82 cts/lb |
| 19–Sep–19 | 11.70 cts/lb | 11.72 cts/lb | 323.55 $/T | 14.68 cts/lb |
| 18–Sep–19 | 11.75 cts/lb | 11.74 cts/lb | 323.55 $/T | 14.68 cts/lb |
| 17–Sep–19 | 11.75 cts/lb | 11.77 cts/lb | 323.40 $/T | 14.67 cts/lb |
| 16–Sep–19 | 11.90 cts/lb | 11.79 cts/lb | 323.95 $/T | 14.69 cts/lb |
| 13–Sep–19 | 11.62 cts/lb | 11.80 cts/lb | 319.15 $/T | 14.48 cts/lb |
| 12–Sep–19 | 11.52 cts/lb | 11.84 cts/lb | 312.50 $/T | 14.17 cts/lb |
| 11–Sep–19 | 11.55 cts/lb | 11.90 cts/lb | 309.35 $/T | 14.03 cts/lb |
| 10–Sep–19 | 11.60 cts/lb | 11.94 cts/lb | 303.70 $/T | 13.78 cts/lb |
| 9–Sep–19 | 11.62 cts/lb | 11.98 cts/lb | 305.45 $/T | 13.85 cts/lb |
| 6–Sep–19 | 11.69 cts/lb | 12.02 cts/lb | 306.85 $/T | 13.92 cts/lb |
| 5–Sep–19 | 11.67 cts/lb | 12.07 cts/lb | 306.15 $/T | 13.89 cts/lb |
| 4–Sep–19 | 11.74 cts/lb | 12.11 cts/lb | 307.00 $/T | 13.93 cts/lb |
| 3–Sep–19 | 11.88 cts/lb | 12.15 cts/lb | 308.80 $/T | 14.01 cts/lb |
| 2–Sep–19 | 11.90 cts/lb | 12.19 cts/lb | 309.15 $/T | 14.02 cts/lb |

၂၀၁၉ ခုနှစ် စက်တင်ဘာနောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင်ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၈၉ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံ တွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၂၀ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၅၄-၄၆၀၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၆၄-၅၉၂ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အိန္ဒိယနှင့် အမေရိကန်နိုင်ငံတွင်

စာမျက်နှာ ၁၇ သို့

# ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကုန်သွယ်မှုမြှင့်တင်ရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလုပ်ရုံဆွေးနွေးပွဲများ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း (၈) ကြိမ် ဆောင်ရွက်ခဲ့သည်။ မုံရွာခရိုင် အရာတော်မြို့ အခြေခံပညာအထက်တန်းကျောင်း ဆရာစံခန်းမ၌ စက်တင်ဘာ ၂၄ ရက်က ပဲမျိုးစုံနှင့်ဆီထွက်သီးနှံဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ရာ ဌာနဆိုင်ရာများ၊ တောင်သူများ၊ ကုန်သည်များ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနသုံးခုသည် တာဝန်သုံးရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်ရေးဦးစီးဌာနသည် ပို့ကုန်/သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ကြောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပြည်ပကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြောင်း၊ မိမိတို့ဌာနဖြစ်သော စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်အတူ ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နေကြောင်း၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းသည် ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍကို အထောက်အကူပြုသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံ အများဆုံးစိုက်ပျိုးထွက်ရှိမှုသည် မကွေးတိုင်းဒေသကြီးပြီးလျှင် စစ်ကိုင်းတိုင်းဒေသကြီးသည် အများဆုံးဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် ကြံသကြားဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကန့်ဘလူခရိုင် ကန့်ဘလူမြို့နှင့် ကသာခရိုင်၊ ထီးချိုင့်မြို့ ပဲတီစိမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ ဆန်စပါးရွှေဘိုပေါ် ဆန်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နှင့် တန့်ဆည်မြို့၊ ကန့်ဘလူခရိုင်၊ ဇီးကုန်းမြို့ ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကသာခရိုင်၊ ကသာမြို့တွင် အသီးသီးကျင်းပပြုလုပ်ခဲ့ကြောင်း၊ ဌာနအကြီးအကဲများ၏ စေတနာဖြင့် ယခုအရာတော်မြို့တွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲ ဒုတိယပိုင်းတွင်တောင်သူများ၏ ဆန္ဒများ/လိုအပ်ချက်များကို စားပွဲဝိုင်းဆွေးနွေးပွဲဖြင့် ဆွေးနွေးဖော်ထုတ်ပြီး ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ တောင်သူ/ပွဲစားများ၏ တင်ပြချက်များကို မည်ကဲ့သို့ အကောင်အထည်ဖော်ရမည်ဆိုသည့် အဖြေတစ်ခု ရရှိလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အရာတော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ထွန်းက အမှာစကားပြောကြားခြင်း၊ ခရိုင်စိုက်ပျိုးရေးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နော်သင်းသင်းအေးက စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) အကြောင်း သိကောင်းစရာများ ဆွေးနွေးခြင်း၊ စိမ်းရောင်သန်းသော စစ်ကိုင်းမြေ မျိုးစေ့ကုမ္ပဏီမှ မန်နေဂျာဒေါ်အေးအေးသန်းက ကန်ထရိုက်လယ်ယာစနစ်အကြောင်း သိကောင်းစရာများ ဆွေးနွေးခြင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းပန်းဖြူက ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ ရှင်းလင်း ဆွေးနွေးခြင်းများဆောင်ရွက်ပြီး တက်ရောက်လာကြသော တောင်သူများအား စားပွဲဝိုင်းဖြင့် အုပ်စုနှစ်စုခွဲ၍ ဆွေးနွေးခဲ့ရာ စားပွဲဝိုင်း(၁)မှ ဖော်ထုတ်ချက်များမှာ ပဲဈေးနှုန်းတည်ငြိမ်ပြီး အာမခံချက် ရရှိစေရန်၊ အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် အသိပညာ၊ နည်းပညာဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပေးရန်၊ သီးနှံထွက်ကုန်များကို ပြည်တွင်းသာမက ပြည်ပသို့ပါ တင်ပို့နိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊ ပဲစိုက်ပျိုးကေအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ ကူညီပေးရန်၊ လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးနိုင်ပါရန်၊ စားပွဲဝိုင်း(၂)မှ ဖော်ထုတ်ချက်များမှာ တိကျခိုင်မာသော ဈေးကွက်ဖော်ဆောင်ပေးရန်၊ မျိုးကောင်းမျိုးသန့်ရရှိရေး(တောင်သူလက်ဝယ်) ဆောင်ရွက်ပေးရန်၊ မြေဩဇာ/ပိုးသတ်ဆေးများ၏ အရည်အသွေးများ စိစစ်ပေးရန်နှင့် သုံးစွဲနည်းများကို ပညာပေးဆောင်ရွက်ရန်၊ မြေအဆင့်အတန်းတိုင်းတာသည့် နည်းပညာပံ့ပိုးပေးရန်/ ကိုက်ညီသော သီးနှံအမျိုးအစား စိုက်ပျိုးနိုင်ရေး ပံ့ပိုးကူညီပေးရန်၊ စိုက်ပျိုးသီးနှံများ မစိုက်ပျိုးမီ ဈေးနှုန်း၊ ဈေးကွက်အခြေအနေ သုံးသပ်ချက်များ သိရှိလိုကြောင်း၊ လယ်ယာသုံးစက်ကိရိယာများ ငါးဦး သို့မဟုတ် ခြောက်ဦး စုပေါင်း၍ အရစ်ကျဝယ်ယူလိုပါကြောင်း၊ ဆောင်းသီးနှံ စိုက်ပျိုးနည်းပညာပေးစေလိုကြောင်း၊ သွင်အားစုများ ရောင်းချရာတွင် မှန်ကန်မှုရှိစေရေး ပံ့ပိုးကူညီပေးရန်၊ နည်းပညာသင်တန်းများပေးရာတွင် တောင်သူများ တက်ရောက်နိုင်ရေး စည်းရုံးဖော်ဆောင်ပေးရန်တို့ကို ဖော်ထုတ်ခဲ့ကြသည်။

**သန်းသန်းတင်(မုံရွာ)**

# ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ၌ စက်တင်ဘာ ၂၇ ရက်တွင် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။ ပို့ကုန်မြှင့်တင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို လုပ်ငန်းရှင်များအား အသိပေး၍ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်နိုင်ရန်ရည်ရွယ်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ အကူအညီဖြစ်သော Enhanced integrated Framework (EIF) အစီအစဉ်ဖြင့် ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း အမှုထမ်းများ၊ ပွဲစားကုန်သည် စက်ပိုင်များ၊ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အခြားအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကုန်သည်ပွဲစား လုပ်ငန်းရှင်များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း၏ ဥက္ကဋ္ဌတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပွဲစားကုန်သည်လုပ်ငန်းရှင်များအတွက် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲဆိုင်ရာကိစ္စများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ၊ Myantrade.org (website) ကို လုပ်ငန်းရှင်များနှင့် မိတ်ဆက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် Ease of Doing Business လုပ်ငန်းစဉ်များအကြောင်းကို ဆွေးနွေးပြောကြား၍ ပွဲစားကုန်သည် စက်ပိုင်များမဟာကထိန်တော်အသင်းမှ ဒုတိယဥက္ကဋ္ဌက အသင်း၏ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူးက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းများကို ဆွေးနွေးပြောကြားခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့သည်။

**သန်းသန်းနု(Myantrade)**

## စာမျက်နှာ (၆) မြန်မာနိုင်ငံဝန်ဆောင်မှုကုန်သွယ်ရေး . . . မှအဆက်

မြန်မာနိုင်ငံ ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍမြှင့်တင်ခြင်း စီမံကိန်းမိတ်ဆက်ခြင်းအခမ်းအနားနှင့် စီမံကိန်းကြီးကြပ်လမ်းညွှန်မှုဆိုင်ရာ ကော်မတီကျင်းပခဲ့ခြင်းဖြင့် စီမံကိန်းတွင် ပါဝင်သည့် Component အလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်း များတို့အကြား ပူးပေါင်းဆောင်ရွက်ရမည့် နယ်ပယ်များနှင့်ဆက်စပ်၍ ဗဟုသုတမျှဝေဖလှယ်ဆွေးနွေး နိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံ၏ ဂျီဒီပီနှင့် အလုပ်အကိုင်ရရှိနိုင်စွမ်းကို အထောက်အကူပြုနိုင်မည့် ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍအတွက် နည်းစနစ် တကျရှေ့ဆက်ဆောင်ရွက်သွားနိုင်မည့် မူဝါဒလမ်းစဉ်များရရှိခဲ့ခြင်း စသည့် အကျိုးရလဒ်များရရှိခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

မြန်မာနိုင်ငံဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍမြှင့်တင်ခြင်း စီမံကိန်းအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးသည့် မူဘောင်ဖြစ်သည့် Enhanced Integrated Framework အစီအစဉ်မှ မြန်မာနိုင်ငံအား ထောက်ပံ့ပေးသော ရန်ပုံငွေကို မြန်မာနိုင်ငံအစိုးရသို့ တိုက်ရိုက်ပေးအပ်ခြင်းဖြစ်ပါသည်။ အဆိုပါစီမံကိန်းအတွက် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ သန်းရရှိမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ သုံးနှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## စာမျက်နှာ (၈) မြန်မာ့သကြားနှင့် . . . မှအဆက်

ကူးပြောင်းနိုင်ရေးအတွက် အငှားလိုက်စနစ်(သို့မဟုတ်) Two Step Loan ဖြင့် ဝယ်ယူရေးအတွက် သတ်မှတ်ချက်များ ဖြေလျှော့ပေးရန်နှင့် ကြံစိုက်ပျိုးထုတ်လုပ်ရေးမှစ၍ Sugar Industry ကွင်းဆက်တစ်ခုလုံး အရှိန်မြှင့်တင် ဆောင်ရွက်ရန်အတွက်တာဝန်ယူ/တာဝန်ခံမည့် အသင်းအဖွဲ့များ ပေါ်ပေါက်လာစေရန်တို့ဖြစ်ကာ ရေရှည်ဆောင်ရွက်ပေးစေလိုသော အချက်များအနေဖြင့် သကြားကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချနိုင်ရေးအတွက် အခြားနိုင်ငံများနည်းတူ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် Renewable energy များဖြစ်သည့် Bio-ethernol ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် E-10 or E-5 စနစ်ချမှတ်ရေးနှင့် Co- generation အား National Grid ပေါ်သို့တင်လွှတ်ရောင်းချခွင့်ရရှိရေး နိုင်ငံတော်မှ မူသတ်မှတ်ပေးရန်နှင့် Sugar Law ပေါ်ထွက်လာရေးအတွက် ဌာနနှင့် အသင်းမှ ပူးပေါင်းညှိနှိုင်းရေးဆွဲရန်တို့ဖြစ်သည်။

### သကြားအတွက်ဆေးတစ်လက်

သကြားနှင့် ကြံတောင်သူများ တွေ့ဆုံဆွေးနွေးခဲ့သည့် ဖိုရမ်တွင် တက်ရောက်လာသော ကြံတောင်သူများမှ အဓိကမေးသော မေးခွန်းမှာ မကြာမီထွက်ပေါ်လာတော့မည့်ကြံများကို မည်မျှဈေး ပေး၍ ဝယ်ယူမည်ကို သိလိုကြခြင်းဖြစ်ပါသည်။ အဆိုပါအချက်ကို တက်ရောက်လာသော သကြားစက်အများစုမှ ရေရေရာရာဖြေကြားသည်ကိုမတွေ့ရပါ။ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကသာ နိဂုံးချုပ်တွင် ဌာနသို့ ကတိပြုထားသည့်အတိုင်း သကြားစက်များမှ ဈေးဖွင့်ဝယ်ယူပေးကြရန် မေတ္တာရပ်ခံသွားသည်ကို တွေ့ရပါသည်။ သကြားစက်သမားများအနေဖြင့် သကြားလက်ကျန်များပြားနေခြင်းကြောင့် ဝယ်ယူရမည့် အရင်းအနှီးပမာဏကို ချင့်ချိန်တွက်ချက်နေရ သည်ဟု ယူဆရပါသည်။ ဝယ်ယူခြင်းမပြု၍လည်း မရနိုင်သဖြင့် အခက်အခဲများရှိနေပြီး အဆိုပါအခက်အခဲများကို မည်သို့ ဖြေရှင်းမည်ကိုလည်း အမြန်ဆုံးဆောင်ရွက်ရန် လိုအပ်ကြောင်းတွေ့မြင်ရပါ သည်။

အခြားသော အချက်များကို ခြုံငုံသုံးသပ်ရမည်ဆိုလျှင် သကြား စက်များရပ်တည်ရေးနှင့် ကြံသကြားကဏ္ဍတစ်ခုလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ်နှင့် ရေရှည်ဆောင်ရွက်နိုင်ရန်လိုအပ်နေပါသည်။ လျှပ်စစ်ထုတ်လုပ်ရန်ကိစ္စများ၊ အီသနော ထုတ်လုပ်ရန်ကိစ္စများ၊ ကြံကိုထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရေး ကိစ္စ၊ သယ်ယူပို့ဆောင်မှုအခက်အခဲများ၊ သကြားစက်များအနေဖြင့် ဆာလ်ဖာစနစ်မှ ကာဗွန်ဒိုင်အောက်ဆိုက်စနစ်သို့ ပြောင်းလဲရမည့် အခြေအနေများ၊ ပြည်တွင်းဖူလုံရေး၊ ပြည်ပတင်ပို့နိုင်ရေး၊ တရားမဝင်တင်သွင်းသော သကြားများကို တားဆီးနိုင်ရေးစသောကိစ္စ အထွေထွေကို ရေရှည်ကြံ့ကြံ့ခံရင်ဆိုင်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်မှုကို ကောင်းစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကြံသကြား ကဏ္ဍကြီးတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုမွန်ကောင်း တောင်းအပ်ပါသည် ခင်ဗျား။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| | | | |
|---|---|---|---|
| ၁၁ | ၁၂.၉.၂၀၁၉ | ၁၂၄၂၀၀၀ | ၁၅၀၃ |
| ၁၂ | ၁၄.၉.၂၀၁၉ | ၁၂၂၄၀၀၀ | ၁၄၈၈ |
| ၁၃ | ၁၅.၉.၂၀၁၉ | ၁၂၂၄၀၀၀ | ၁၄၈၈ |
| ၁၄ | ၁၆.၉.၂၀၁၉ | ၁၂၂၇၀၀၀ | ၁၅၀၅ |
| ၁၅ | ၁၇.၉.၂၀၁၉ | ၁၂၂၇၀၀၀ | ၁၄၉၈ |
| ၁၆ | ၁၈.၉.၂၀၁၉ | ၁၂၃၄၀၀၀ | ၁၅၀၂ |
| ၁၇ | ၁၉.၉.၂၀၁၉ | ၁၂၃၂၅၀၀ | ၁၄၉၆ |
| ၁၈ | ၂၀.၉.၂၀၁၉ | ၁၂၃၁၅၀၀ | ၁၅၀၅ |
| ၁၉ | ၂၂.၉.၂၀၁၉ | ၁၂၃၉၀၀၀ | ၁၅၁၇ |
| ၂၀ | ၂၃.၉.၂၀၁၉ | ၁၂၄၀၀၀၀ | ၁၅၂၀ |
| ၂၁ | ၂၄.၉.၂၀၁၉ | ၁၂၄၃၀၀၀ | ၁၅၂၂ |
| ၂၂ | ၂၅.၉.၂၀၁၉ | ၁၂၄၅၀၀၀ | ၁၅၃၀ |
| ၂၃ | ၂၆.၉.၂၀၁၉ | ၁၂၃၇၀၀၀ | ၁၅၁၀ |

Source: estimate of world's exchange rate and gold price page

၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ ရက်အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာငွေလဲလှယ် နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၀-၉-၁၉ | ၂၃-၉-၁၉ | ၂၄-၉-၁၉ | ၂၅-၉-၁၉ | ၂၆-၉-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၃၄.၂ | ၁၅၃၃.၈ | ၁၅၃၃.၀ | ၁၅၃၂.၁ | ၁၅၃၂.၀ | -၀.၁၄ | ⬇ |
| ၂ | Thai Baht | THB | ၃၀.၄၇၅ | ၃၀.၄၈၅ | ၃၀.၅၃၅ | ၃၀.၅၆၅ | ၃၀.၆၃၅ | ၀.၅၃ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၇၅ | ၁.၃၇၈ | ၁.၃၇၇ | ၁.၃၇၈ | ၁.၃၈၀ | ၀.၄၄ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၇၇ | ၄.၁၇၈ | ၄.၁၈၀ | ၄.၁၉၀ | ၄.၁၉၆ | ၀.၄၅ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၀၅၅ | ၁၄၀၈၄ | ၁၄၁၁၂ | ၁၄၁၄၉ | ၁၄၁၇၇ | ၀.၈၇ | ⬆ |
| ၆ | Chinese Yuan | CNY | ၇.၀၈၈ | ၇.၁၂၈ | ၇.၁၀၅ | ၇.၁၂၄ | ၇.၁၃၂ | ၀.၆၂ | ⬆ |
| ၇ | Indian Rupee | INR | ၇၁.၀၉၄ | ၇၀.၈၉၁ | ၇၀.၈၇၄ | ၇၁.၁၁၂ | ၇၀.၉၈၂ | -၀.၁၆ | ⬇ |
| ၈ | Japanese Yen | JPY | ၁၀၇.၉၄၃ | ၁၀၇.၃၄၉ | ၁၀၇.၆၃၂ | ၁၀၇.၃၁၂ | ၁၀၇.၆၁၄ | -၀.၃၀ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၄၇၂ | ၁.၄၇၈ | ၁.၄၇၅ | ၁.၄၇၅ | ၁.၄၇၉ | ၀.၄၈ | ⬆ |
| ၁၀ | Euro | EUR | ၀.၉၀၅ | ၀.၉၁၁ | ၀.၉၁၀ | ၁.၃၇၈ | ၀.၉၁၄ | ၀.၉၉ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၈ | ၀.၈၀၄ | ၀.၈၀၄ | ၀.၈၀၄ | ၀.၈၁၁ | ၁.၆၃ | ⬆ |

Source- Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ စက်တင်ဘာ ၂၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၄ ဒသမ ၂၀ ကျပ်ရှိခဲ့ရာမှ စက်တင်ဘာ ၂၆ ရက် တွင် ကျပ် ၁၅၃၂ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရပြီး အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၁၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ စက်တင်ဘာ ၂ ရက်မှ ၂၆ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများကို အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိ ပြင်ပဒေါ်လာငွေကြေးဈေးကွက်ကို လေ့လာရာတွင် စက်တင်ဘာ ၂၀ ရက်နှင့် ၂၃ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၅၃၅၊ စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် တစ်ဒေါ်လာလျှင် ၁၅၃၃ ကျပ်နှင့် စက်တင်ဘာ ၂၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၄ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ် ခဲ့ကြောင်း လေ့လာသိရှိရသည်။

# ဝက်လက်မြို့ မြို့မဈေးအတွင်း စစ်ဆေးခြင်းနှင့် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ဝက်လက်မြို့နယ်တာဝန်ခံရုံးအနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကိုစဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၃ ရက်တွင် ဝက်လက်မြို့ စည်ပင်ဈေးအတွင်းရှိ ကုန်မျိုးစုံရောင်းဝယ်ရေးဆိုင်များသို့ ရွှေဘိုခရိုင်၊ စား သုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ငွေ ဦးဆောင်၍ မြို့နယ်တာဝန်ခံ ဦးမျိုးအောင်နှင့် မြို့နယ်မိတ်ဖက်ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့ဖြင့် စားသုံးသူများအား ဘေးဥပဒ်အန္တရာယ်ဖြစ်စေမည့် စားသောက်ကုန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့်ဟု ကြေညာထားသော စားသောက်ကုန်များ၊ သက်တမ်းလွန်စားသောက်ကုန်များ၊ ဈေးကွက်အတွင်း ရောင်းချမှုရှိ/ မရှိနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိလာစေ ရေးအတွက် ရှောင်တခွင် ကွင်းဆင်း စစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူများအား ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်မည့် သက်တမ်းလွန် စားသောက်ကုန် အရေအတွက် ၃၂ ခုနှင့် ခန့်မှန်း ကာလတန်ဖိုးငွေ ကျပ် ၁၄၈၀၀ တန်ဖိုးရှိစား သောက်ကုန်များအား အဖွဲ့ဖြင့် သိမ်းဆည်း၍ မြို့မဈေး စည်ပင်ရုံးခန်းရှေ့ စားသုံးသူအများပြည်သူများရှေ့မှောက်တွင် မီးရှို့ မြေမြှုပ်ဖျက်ဆီးခဲ့ပြီး ခွင့်မပြုဓာတုဆိုးဆေးများပါဝင်သည်ဟု ယူဆရသော စားသောက်ကုန်သုံးမျိုး စစ်ဆေးတွေ့ရှိရာ ဈေးကွက်အတွင်း ဆက်လက်ရောင်းချမှုမပြုရန် သတိပေးတားမြစ်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍အဆိုပါပူးပေါင်းအဖွဲ့ဖြင့် ဈေးသူ/ဈေးသားများအား စည်ပင်ရုံးခန်းအတွင်း၌ ခရိုင်ဦးစီးမှူး ဦးကျော်ငွေက စားသုံးသူကာကွယ်ရေးဥပဒေပါ အခန်း(၁၈) ကုန်ညွှန်းအမှတ်အသားများ ဖော်ပြခြင်းဆိုင်ရာများကို အသေးစိတ်အသိပညာပေးဟောပြောရှင်းလင်းပြီး ကျန်းမာရေးဌာနနှင့် စည်ပင်ကော်မတီဥက္ကဋ္ဌတို့ကလည်း မိမိတို့ဌာန၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများအား အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများအား စားသုံးသူကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **ဦးမျိုးအောင်**

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

သကြားဈေးနှုန်း အနည်းငယ် မြင့်တက်လာခဲ့ပြီး တရုတ်နှင့် ပါကစ္စတန်နိုင်ငံများတွင် သကြားဈေးနှုန်း အနည်းငယ်ကျဆင်းလာခဲ့ကြောင်း သိရှိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၆၂၀ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၃၂ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၈၉ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန် ဒေါ်လာ ၁၅၇ ဒေါ်လာ ဈေးနှုန်း ကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၆ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၂၀ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသောသကြားပေါက်ဈေးများကိုလေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး တောင်ကြီး၊ ပျဉ်းမနား၊ ထားဝယ်၊ မော်လမြိုင်၊ မန္တလေးမြို့နှင့် ဘားအံမြို့တို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံး ဖြစ် ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် စက်တင် ဘာ ၂၆ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၅ ဒသမ ၈၂ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော စက်သုံးဆီဈေးနှုန်းများအားလေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၄၇၂၅ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ကလေးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၅၅၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင်ကျပ် ၄၉၀၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ပခုက္ကူမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၈၀၀၊ ဒီဇယ်တစ်ဂါလန်လျှင်ကျပ် ၄၀၀၀၊ ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၁၃၉ ကျပ်နှင့် ပဲခူးမြို့တွင် ဓာတ်ဆီတစ်ဂါလန် လျှင် ကျပ် ၃၉၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၃၄၅ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် Yangon Denko စက် သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ကျပ် ၉၅၀၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင် ကျပ် ၉၆၀၊ အောက်တိန်း-92 တစ် လီတာလျှင် ၈၅၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၉၄၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ်မြင့်တက်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၄၀၀၊ ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး စစ်တွေမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၀၅၀၊ မော်လမြိုင်မြို့နှင့် မြိတ်မြို့တို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းဖြစ်ခဲ့သည်ကို တွေ့ရှိ ရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၅၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာ နောက်ဆုံးပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၀.၉.၂၀၁၉ | ၂၃.၉.၂၀၁၉ | ၂၄.၉.၂၀၁၉ | ၂၅.၉.၂၀၁၉ | ၂၆.၉.၂၀၁၉ |
| ၁ | ရက်(၉၀) | 90(Raw) | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၁၉၃၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ |
| ၃ | သီးထပ် | 90(Raw) | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| ၄ | သီးထပ် | 80(Raw) | ၁၉၀၀၀ | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၂၀၀ | ၁၉၂၀၀ |
| ၅ | ဧည့်မထ | 70(Raw) | ၁၈၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ |
| ၆ | ဧည့်မထ | 65(Raw) | ၁၇၄၀၀ | ၁၇၅၀၀ | ၁၇၅၀၀ | ၁၇၅၀၀ | ၁၇၅၀၀ |
| ၇ | ကရင်မ | 90(Raw) | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ |
| ၈ | ကရင်မ | 80(Raw) | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ |

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး

## ဖရဲသခွားမွေး အမျိုးသားပို့ကုန်မဟာဗျူဟာ ဒီဇိုင်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

ဖရဲသခွားမွေး အမျိုးသားပို့ကုန်မဟာဗျူဟာ ဒီဇိုင်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် M Gallery Hotel ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားသည်။

အစီအစဉ်အရ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ ကုန်သွယ်မှုမြှင့်တင်နိုင်ရန်အတွက် သယံဇာတနှင့် အခွင့်အလမ်းများစွာရှိသော်လည်း ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏများစွာ နိမ့်ကျနေသည်ကို တွေ့ရှိရကြောင်း၊ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာ့ပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာဈေးကွက်၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာ National Export Strategy-NES (2015-2019) ကို ဦးစားပေးကဏ္ဍကြီး ၁၁ ရပ်ရွေးချယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပို့ကုန်မြှင့်တင်ရန် အလားအလာကောင်းသော ကဏ္ဍအသစ်ငါးရပ်ကိုလည်း ထပ်မံထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသား ပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကိုလည်း ဦးစားပေးနှင့် အထောက်အကူပြုကဏ္ဍများကို ရွေးချယ်အတည်ပြု၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖရဲသခွားမွေးတင်ပို့မှုသည် နှစ်စဉ် တန်ချိန်တစ်သိန်းကျော် တိုးတက်လျက်ရှိပြီး ယခုဆိုလျှင် တန်ချိန်တစ်သန်းနီးပါး တင်ပို့နိုင်ပြီဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအနေဖြင့် USAID ၏ အကူအညီနှင့် အပူပိုင်းဒေသ ဖရဲ၊ သခွားမွေး တန်ဖိုးမြှင့်ကွင်းဆက်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ဖရဲ၊ သခွားမွေးအပါအဝင် အလားအလာရှိ ထုတ်ကုန်များ၏ Value Chains တိုးတက်မှုပိုင်းဆိုင်ရာ Letter of Intent ကိုလည်း သဘောတူထားရှိပြီးဖြစ်ကြောင်း၊ သစ်သီးဝလံ ဟင်းသီးဟင်းရွက်ကဏ္ဍသည် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ကဏ္ဍအသစ်တစ်ခုဖြစ်ပြီး ပို့ကုန်အလားအလာရှိသော သီးနှံအမယ် များစွာရှိနေကြောင်းနှင့် ယနေ့အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော ဆွေးနွေးမှုများကို ပေါင်းစပ်ညှိနှိုင်းပြီး အောင်မြင်အောင် ဝိုင်းဝန်းဖန်တီးကူညီပံ့ပိုးပေးကြရန် စသည်ဖြင့် ပြောကြားသည်။




ယင်းနောက် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ USAID နှင့် Winrock International မှ တာဝန်ရှိသူများက ဖရဲသခွားမွေးများ ကဏ္ဍအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား အသီးသီး ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC(IR)**

နိုင်ငံခြားမျိုးစေ့
နှင့်
အစွမ်းထက်စိုက်ပျိုးရေးဆေးများ
တောင်သူဦးကြီးများ အားထားရန် အမှန် ပံ
အမှတ်-၅၇၊ စေဗာသီလမ်းသွယ်(၃)လမ်း၊ ဗိုရောင်းတန်
အဝိုင်း(၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၇၈၄၇၈၄၀၄၃၊ ၀၉၇၈၄၇၈၄၀၅၆

သွေးချို+သီးချို အတွက် အကောင်းဆုံးဆေး
ဟံသာအေး




အံ့ဩလောက်
အောင်ကောင်းသည်။
ဆရာဦးဇော်ဝင်း (တိုင်းရင်းဆေးသမားတော်) ပင်ရင်း:- ၅၇၊ ၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဆေးခန်း:- အမှတ် ၈၂ ၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ (တ.သ ၅၀၀၄) PH - 09 7320 7711


TOYOTA
MAJESTY
TOYOTA
GW LION
Toyota Authorized Dealer
& Service Station
No. 11/339, Bet: 37th & 39th Street, Pyin Oo Lwin - Mandalay High Way Road,
Pathein Gyi Township, Mandalay.
Tel: (Sales) +959 785 70000 1, (Service) +959 969 70000 2
NEW CLASS OF ELEGANCE
NEW CLASS OF CONVENIENCE
Pre - Collision System
Lane Departure Alert
Automatic High Beam
Dynamic Radar Cruise Control


TAT
တောင်ပေါ်သားရှိုင်း (စိုက်ပျိုးရေး) ကုမ္ပဏီလီမိတက်
ရိတ်စက်၊ ထွန်စက် နှင့် လယ်ယာသုံး စက်ပစ္စည်းများ
LOVOL
MITSUBISHI
YANMAR
လက်တွန်းကိုင်း၊ ပန့်တွဲနှင့်အင်ဂျင်စက် ပစ္စည်းများ
HONDANCH
555
Golden Cock
စပ်မျိုးပြောင်းစေ့၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ
ရန်ကုန်
Hot Line - 09 777 888 015
မန္တလေး
အမှတ် (B2-A3/A4)
Hot Line - 09 787 388 620


မာရသွန်
ပါဆယ်နှင့်အထွေထွေကုန်ပစ္စည်းပို့ဆောင်ရေး
YGN - 09 777 241 334
MDY - 09 777 218 120
NPW - 09 777 218 130
ရန်ကုန်
အမှတ် (344)၊ တပင်ရွှေထီးလမ်း၊ သမိုင်း(၁)ရပ်ကွက်၊ ရေမိးကုန်းမြို့နယ်၊
ရန်ကုန်မြို့ ။ ဖုန်း - ၀၉ ၇၇၇ ၂၄၁ ၃၃၄၊ ၀၉ ၇၇၇ ၂၄၁ ၃၃၅
မန္တလေး
(၃၇)လမ်း၊ ၇၆x၇၇ လမ်းကြား၊ မဟာအောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၇၇၇ ၂၁၈ ၁၂၀
နေပြည်တော်
ပျဉ်းမနားတောင်ညိုလမ်း၊ သပြေကုန်းအဝိုင်းအနီး၊ နေပြည်တော်မြို့ ။
ဖုန်း - ၀၉ ၇၇၇ ၂၁၈ ၁၃၀


Luther.
Myanmar and Asia in Focus
Delhi-Gurugram
Shanghai
Yangon
Bangkok
Kuala Lumpur
Singapore
Jakarta
With a team of more than 50 European and Myanmar lawyers and internationally trained professionals in our office in Yangon, Luther has the competence and expertise necessary to comprehensively assist and advise our clients on all aspects of corporate and commercial law as well as regulatory compliance, including:
Legal advice
Tax advice
Incorporation services
Corporate secretarial services
Bookkeeping and Accounting
Tax Compliance
HR administration and payroll
Payment administration
Our Myanmar clients comprise of international and multinational private investors, MNCs and SMEs, Myanmar businesses and conglomerates as well as embassies, state owned enterprises, international development organizations and NGOs.
With 13 European and 7 Asian offices and partner firms, Luther is one of the top addresses among German commercial law firms. Knowledge of the market in which our clients are active is a prerequisite for providing successful advice. That's why our lawyers and tax advisors, in addition to their specialized legal knowledge, also focus on advising clients from particular industries.
Luther Law Firm Limited | Luther Corporate Services Limited
Uniteam Marine Office Building,
Level 8, Unit #1, 84 Pan Hlaing Street, Sanchaung Township, 11111 Yangon, Myanmar
myanmar@luther-lawfirm.com | myanmar@luther-services.com
Phone: +95 1 500021 | Fax: +95 1 502852
Legal and Tax Advice | www.luther-lawfirm.com | Corporate Services | www.luther-services.com

# ကသာတွင် မြေပဲ၊ နှမ်း ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကသာမြို့နယ် ကျိုက်ခန်းမတွင် ကသာမြို့နယ် စားသုံးသူရေးရာဦးစီးဌာနက ဦးစီးကျင်းပသည့် မြေပဲ၊ နှမ်းဆီထွက် သီးနှံဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဦးထိန်ဝင်းနှင့် တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်တို့က အဖွင့်အမှာစကားပြောကြားခဲ့ရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်းက ကသာဒေသတွင် ဆီထွက်သီးနှံအများအပြား စိုက်ပျိုးနေသော်လည်း ထုတ်လုပ်မှု အားနည်းနေကြောင်း၊ မြေပဲတစ်ဧက အထွက်နှုန်း တင်း ၃၀ ကျော်သာရှိကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များပြီး အကျိုးဖြစ်ထွန်းမှု နည်းနေကြောင်း၊ နှမ်းသီးနှံတွင် တောင်သူများ အရှုံးပေါ်နေကြောင်း၊ နိုင်ငံတော်မှ စိုက်ပျိုးစရိတ်ချေးငွေ ယာမြေတစ်ဧက တစ်သိန်းထုတ်ချေးပေးသော်လည်း စိုက်ပျိုးသီးနှံအထွက်နှုန်း ကျဆင်းသည့်အတွက် တောင်သူများ ချေးငွေပြန်မဆပ်နိုင်သည်ကို တွေ့ရကြောင်း၊ ယခုလိုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူးကိုယ်တိုင် အလုပ်ရုံဆွေးနွေးပွဲ လာရောက် ဆောင်ရွက်ပေးသည့်အတွက် လွန်စွာကျေးဇူးတင်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် တောင်သူများနှင့် တတ်ကျွမ်းသည့် အသိပညာရှင်များ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် မြေပဲနှမ်းဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကသာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မိုး၊ ကသာမြို့နယ် ဆီစက် လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးခင်မောင်တိုး (ဇမ္ဗူရာဇ်ဆီစက်ပိုင်ရှင်)နှင့် ကသာမြို့နယ်ပဲ၊ ပြောင်း၊ နှမ်းသီးနှံစုံ၊ စိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးမြင့်သိန်းတို့က ပဲ၊ ပြောင်း၊ နှမ်းဆီထွက်သီးနှံစုံ စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချမှုနှင့် တောင်သူများ ကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ မြေပဲ၊ နှမ်းဆီထွက် သီးနှံဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် မြေပဲဆံစျေးနှုန်းအား လက်ရှိနှုန်းထားအတိုင်း တည်ငြိမ်ပြီး အာမခံချက်ရှိစေရန်၊ အရည်အသွေးကောင်းပြီး ထွက်နှုန်းမြင့်မားသည့် ဒေသနှင့် ကိုက်ညီသည့် မျိုးသန့်များရရှိအောင်ကူညီပေးရန်၊ သီးနှံထွက်ကုန်များကိုပြည်တွင်း၌သာမက ပြည်ပသို့တင်ပို့နိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊ သက်ဆိုင်ရာ သီးနှံအလိုက် စိုက်ပျိုးနည်းစနစ်များ သွင်းအားစုများ စနစ်တကျ အသုံးပြုပုံနှင့် ပိုးသတ်ဆေး သုံးစွဲမှုနည်းပညာပေးရန်၊ စိုက်ပျိုးစရိတ်ချေးငွေများ ပြည့်ပြည့်ဝဝ ရရှိရေး ဆောင်ရွက်ပေးနိုင်ရန်၊ ကန်ထရိုက်လယ်ယာစနစ်များ ဖြစ်ပေါ်လာရေး ဆောင်ရွက်ပေးရန်၊ စိုက်ပျိုးနည်းပညာ ဖြည့်စွမ်းနိုင်အောင် တောင်သူကိုယ်တိုင်မှ လေ့လာစိုက်ပျိုးနိုင်ရန်၊ သွင်းအားစု ရင်းနှီးမြှုပ်နှံငွေရရှိနိုင်ရန်နှင့် တောင်သူများမှ စနစ်ကျ ရင်းနှီးမြှုပ်နှံစေရန်၊ ဝန်ကြီးဌာနမှ စိုက်ပျိုးသီးနှံများ ပေါ် ပြည်တွင်းပြည်ပစျေးကွက်များကို ခိုင်မြဲဆောင်ဆက်သွယ် ဆောင်ရွက်ပေးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်ရရှိအောင် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကူညီပေးနိုင်ရန်၊ ဓာတုဆေး သုံးစွဲမှုလျှော့ချပြီး သဘာဝပစ္စည်းများကိုသာ အစားထိုးသုံးစွဲရန်၊ ကုန်သည်ကြီးများအသင်းအနေဖြင့် တောင်သူများကို အချိန်နှင့်တစ်ပြေးညီ စျေးနှုန်းစျေးကွက်သတင်းများ ဖြန့်ဝေပေးရန်၊ ဓာတုဆေးဝါးနှင့် ပတ်သက်သော ဆိုးကျိုးများကို သက်ဆိုင်ရာ ကုမ္ပဏီလုပ်ငန်းရှင်များက တောင်သူများထံ အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ပေးရန်၊ အိမ်ဂရန် အလွယ်တကူရရှိရေး သက်ဆိုင်ရာဌာနများက ညှိနှိုင်းဆောင်ရွက်ပေးရန်၊ စိုက်ပျိုးရေး နည်းပညာလက်တွေ့ကွင်းဆင်းသရုပ်ပြ ဆောင်ရွက်ပေးရန်နှင့် ကသာမြို့နယ် ကုန်စည်ဒိုင်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပေးရန် စသည့် ဖော်ထုတ်ချက် (၁၆) ချက်ကို တင်ပြဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

**ကြည်နိုင်ဦး (အင်းတော်)**

# တန်ဖိုးကြီး ရေအရင်းအမြစ်များ စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ပြည်သူအားလုံး ပူးပေါင်းပါဝင်ရန်လို

ကမ္ဘာပေါ်တွင် ရှားပါးစပြုလာပြီဖြစ်သည့် တန်ဖိုးကြီး ရေအရင်းအမြစ်များ စနစ်တကျစီမံခန့်ခွဲနိုင်ရန်အတွက် အစိုးရနှင့်အတူ အများပြည်သူနှင့် ပုဂ္ဂလိက ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း စီးပွားရေးပညာရှင် ဒေါက်တာသိန်းဆွေက ပြောသည်။ စက်တင်ဘာ ၂၂ ရက်က UMFCCI ၌ ပြုလုပ်သည့် "Water Economic Forum" တွင် ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ရေသုံးစွဲခစျေးနှုန်းမှာ လက်ရှိတွင် ထုတ်လုပ်မှု ကုန်ကျစရိတ် မကာမိသည့်အပြင် လူမှုရေးဝန်ဆောင်မှုကြောင့် နိုင်ငံတော်က ထောက်ပံ့ငွေအဖြစ် ထည့်ဝင်နေရကြောင်း ဒေါက်တာသိန်းဆွေက ပြောသည်။

"အများပြည်သူ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းက အကောင်းဆုံးပဲ။ ဒီလိုပူးပေါင်းလုပ်ဆောင်မှသာ အောင်မြင်နိုင်မယ်။ နိုင်ငံတော် အစိုးရချည်းပဲလည်း မတတ်နိုင်ဘူး။ ပုဂ္ဂလိက လုပ်ရင် ဝယ်လိုအားနဲ့ ရောင်းလိုအား ညှိပြီး အကောင်းဆုံး လုပ်သွားတာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ မြင်တာကတော့ ရေဖြန့်ဖြူးမှုဟာ နိုင်ငံတော်က ချည်း ကျခံတာမဟုတ်ဘဲနဲ့ အားလုံးပူးပေါင်းဆောင်ရွက်ဖို့လိုမယ်ထင်ပါတယ်" ဟု ၎င်းက ပြောသည်။

နိုင်ငံတော်တွင် ပေးဝေနေသည့် ရေအများစုမှာ Wastages (အဟောသိကံ) ဖြစ်သွားကြသည့်အတွက် ယင်းကို ပြုပြင်ရန်လိုအပ်ပြီး ပညာပေးစည်းရုံးလှုံ့ဆော်မှုများလည်း ပြုလုပ်သင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

"အခု နိုင်ငံတစ်နိုင်ငံရဲ့ ရေစျေးနှုန်းမှာ တစ်ဖက်က ပြောနေတာသာ ရေဖိုးကောက်ခံနေတာ များတယ်။ ဒါပေမဲ့ တကယ့်တကယ် နိုင်ငံတော်က ကျခံတဲ့ ကုန်ကျစရိတ်က အများကြီးပဲ။ နိုင်ငံတော် ဘတ်ဂျက်ထဲကနေ ပေးထားတာ လူမှုရေးဝန်ဆောင်မှုတွေရောဖြည့်ဆည်းပေးနေရတယ်။ ဒီကြားထဲမှာ အဟောသိကံဖြစ်နေတဲ့ရေတွေက အများကြီးပဲ" ဟု ၎င်းက ပြောသည်။

ယင်းကိစ္စရပ်များအတွက် ပညာပေးရန် လိုအပ်ပြီး ကုန်ကျစရိတ် ကာမိအောင် ကမ်ပိန်းအနေဖြင့် လုပ်ဆောင်စေချင်သည်ဟု ဆိုသည်။

ရန်ကုန်မြို့တော်စည်ပင်က ရေဖြန့်ဖြူးပေးဝေရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ရေလှောင်ကန်များမှ ရေကိုသယ်ပြီး သိုလှောင်ရေးအပိုင်းနှင့် ရေလှောင်ကန်မှ ရေကို ရပ်ကွက်အလိုက် အိမ်ထောင်စုများထံ ဖြန့်ဖြူးရေးအပိုင်းဟူ၍ လုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်နေခြင်း ဖြစ်သည်။

ရေလှောင်ကန်မှ ရေကိုရပ်ကွက်ထဲသို့ ပို့ဆောင်ရာတွင် လေလွင့်ဆုံးရှုံးမှုများဖြစ်ပေါ်နေခြင်းဖြစ်ပြီး ရေအစက် ၁၀၀ ပို့လွှတ်လိုက်ပါက ရေအစက် ၄၀ အတွက်သာ ရေရောင်းချငွေ ရရှိနေကြောင်း သိရသည်။

သို့ဖြစ်၍ လက်ရှိတွင် ရေလေလွင့်မှု လျှော့ချရေး လုပ်ငန်းစဉ်များကို လုပ်ဆောင်နေသော်လည်း ထက်ဝက်ခန့်မှာ လေလွင့်နေဆဲဖြစ်သည်ဟုဆိုသည်။

ထို ရန်ကုန်မြို့တော်စည်ပင်မှ အိမ်သုံးရေမီတာခမှာ တစ်ယူနစ်လျှင် ၈၈ ကျပ်၊ စီးပွားရေးသုံး ရေမီတာခမှာ တစ်ယူနစ်ကို ကျပ် ၁၁၀ ဖြစ်ပြီး အရှုံးပေါ်နေသော်လည်း ရေမီတာခကို တိုးကောက်ရန် အစီအစဉ်မရှိသေးကြောင်း ရန်ကုန်မြို့တော်ဝန်က ပြောဆိုထားသည်။

လက်ရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးကို ဂျိုးဖြူကန်၊ လှော်ကား၊ ဖူးကြီးကန်နှင့် ငမိုးရိပ် ရေလှောင်တမံတို့မှ ဖြန့်ဖြူးပေးနေခြင်းဖြစ်သည်။

YCDC မှ ရန်ကုန်အနာဂတ် ရေပေးဝေမှု မဟာဗျူဟာ စီမံကိန်း ရေးဆွဲထားရာတွင် တိုးမြစ်၊ ပန်းလှိုင်မြစ် ရေပေးဝေရေးစီမံကိန်းမှ သန့်စင်ပြီးရေကို ပိုက်လိုင်းစနစ်ဖြင့် ရေပေးဝေရေး အစီအစဉ်နှင့် လဂွမ်းပြင်ရေပေးဝေရေး စီမံကိန်း၊ ကုက္ကိုလ်ဝမြစ် ရေပေးဝေရေး စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ရေသန့် ထုတ်လုပ်မှု တန်ဖိုးမှာ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်းငါးသိန်းခန့်ရှိပြီး ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံခန့်မှ တစ်ဘီလီယံကျော် သောက်သုံးရေခက်ခဲမည် ဖြစ်သောကြောင့် လူသားများအတွက် အရေးအကြီးဆုံးဖြစ်သည့် ရေကို ယခုအခါတွင် "White Gold" ဟု ခေါ်ဆိုကြကြောင်း သိရသည်။

**ပန်းဆု**

# ပုသိမ် အထက (၃)၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးဦးနှင့် ဝန်ထမ်းများသည် အမှတ် (၃)အခြေခံပညာ အထက်တန်းကျောင်း၌ စက်တင်ဘာ ၂၄ ရက်တွင် စားသုံးသူကာကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ရာ ခရိုင်ဦးစီးမှူး ဦးစိုးဦးကစားသုံးသူရေးရာ ဦးစီးဌာနပေါ်ပေါက်လာပုံ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း သိကောင်းစရာများ စားသုံးသူနစ်နာမှုများအပေါ် တိုင်ကြားမှုများကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုခရိုင်ဦးစီးမှူး ဦးထွေးသိမ်းက စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားထိခိုက်နစ်နာမှုမရှိစေရေး စားသုံးရန်မသင့်သော စားသောက်ကုန်များ ရက်လွန်အစားအစာများ၊ ၂၀၁၉ စားသုံးသူကာကွယ်ရေး ဥပဒေပါ အကြောင်းအရာများ အသိပညာပေး ဟောပြောဆွေးနွေး၍ ကျောင်းအုပ်ဆရာကြီးသို့ စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်နှင့် လက်ကမ်းစာစောင်များပေးအပ်ခဲ့ပြီး ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**မင်းမင်းဦး (ပုသိမ်)**

# ရေကြောင်းမှ ရော်ဘာတင်ပို့မှု လျော့ကျ

စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ တစ်သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၁၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၁၁၀၀ နီးပါးနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ရှစ်တန်တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၇၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ တစ်သန်းနီးပါးတန်ဖိုးရှိ ရော်ဘာအဆင့်စုံတန်ချိန် ၆၆၀ ကျော်တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံနိုင်ငံများသို့ တင်ပို့ပြီး တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား တန်ချိန် ၄၆၀ ကျော်နှင့် အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစားတန်ချိန် ၂၀၀ ကျော် တင်ပို့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၉၀၀ ကျော် အပိုလျော့ကျခဲ့သည်။ ယခုတစ်ပတ် ရော်ဘာတင်ပို့မှုစုစုပေါင်းမှာ တန်ချိန် ၁၇၆၀ ကျော် ဖြစ်သည်။ ယခုတစ်ပတ်အတွင်း နိုင်ငံတကာရော်ဘာစျေးမှာ အတက်အကျသိပ်မရှိကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

# အစိမ်းရောင်ရွှေ (သို့) ကမ္ဘာ့တတိယ ဝါးအပေါများဆုံးနိုင်ငံ

| မောင်လွင်ပြင် |

စက်တင်ဘာ ၁၈ ရက်က ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ (World Bamboo Day)အခမ်းအနားကျင်းပခဲ့၏။ ကမ္ဘာ့ဝါး အထိမ်းအမှတ်နေ့ အခမ်းအနားများကို ယခုပြည်သူ့အစိုးရလက်ထက်တွင် နှစ်စဉ် ခမ်းခမ်းနားနား မှတ်မှတ်ရရကျင်းပလာခဲ့သည်။ ယခုနှစ် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ အခမ်းအနားကို လက်ရှိ မြန်မာနိုင်ငံတွင် သစ်တောအချို့ ပြုန်းတီးမှုကြောင့် သစ်များ ရှားပါးနေချိန်တွင် သစ်အစားထိုး ဝါးကို သုံးစွဲရန် ရည်ရွယ်၍ သဘာဝပတ်ဝန်းကျင် ပညာရှင်များက စီစဉ်ကျင်းပခဲ့ကြခြင်း ဖြစ်သည်ဟုသိရသည်။

ယခုနှစ် အခမ်းအနားတွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစန်းဝင်းက ဝါးနှင့် ကျေးလက်ပြည်သူက ခွဲခြား၍ မရကြောင်း၊ အိမ်ဆောက်သည်ပဲဖြစ်စေ၊ လယ်ယာလုပ်ငန်းခွင်တွင်ပဲ ဖြစ်စေ ဝါးအသုံးပြုမှုက မရှိမဖြစ်အရေးပါကြောင်း၊ တရုတ်တို့သည် စက္ကူစထုတ်လျှင်ထုတ်ချင်း ဝါးကို အသုံးပြု ထုတ်လုပ်ကြကြောင်း၊ မိမိတို့နိုင်ငံ တနင်္သာရီဒေသမှ ထွက်သည့် ဝါးပလွေ (ပလွေဝါး)ကို အိမ်နီးချင်း ထိုင်းနိုင်ငံက စက်မှုကုန်ကြမ်းအဖြစ် တင်သွင်းကြောင်း၊ နည်းစဉ်အဆင့်ဆင့်ထုတ်လုပ်ပြီး ဝါးကုန်ချောထည်အဖြစ် နိုင်ငံခြားသို့ ပြန်လည်တင်ပို့ရောင်းချပြီး ဒေါ်လာသန်းပေါင်းစွာ ဝင်ငွေရနေကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါးကုန်ကြမ်းများ ပေါပေါများများတည်ရှိနေကြောင်း၊ ဝါးစိုက်ပျိုးလျှင်လည်း ကောင်းသောရေခံမြေခံရှိကြောင်း၊ မိမိတို့အနေဖြင့် ဝါးမှ ကုန်ချောထုတ်လုပ်ရေးကို ဝါးနှင့်ပတ်သက်သည့် လုပ်ငန်းရှင်များအား အားပေးအားမြှောက်ပြုချင်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်း အကြံပေးပုဂ္ဂိုလ် ဦးတင်ထွန်းနီကလည်း ယင်းအခမ်းအနားတွင် "သစ်တောကတော့ ကုန်သွားပြီ။ ကုန်သလောက်လည်း ဖြစ်သွားပြီ။ ယခုဝါးကို မထိန်းသိမ်းရင်လည်း ဒီဝါးတွေလည်း အဲဒီလိုပဲ ဖြစ်သွားမှာပဲ။ ကြောက်စရာတစ်ချက်လို့ ပြောလို့ရမယ်။ အကုန်လုံး ဝိုင်းဝန်းထိန်းသိမ်းရင်တော့ ပိုကောင်းမယ်။ ကျွန်တော်တို့ရဲ့ တိုင်းပြည်ကိုလည်း ချစ်ရမယ်။ ဝါးတောကိုလည်း ချစ်ရမယ်။ ဒါဆိုရင် ကျွန်တော်တို့နိုင်ငံ အများကြီးအဆင်ပြေသွားမယ်။ ဝါးပင်တွေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ ခုတ်မယ်ဆိုရင် ဝါးတွေမရှားပါးတော့ဘူးပေ့ါ။ အထူးသဖြင့် တရုတ်ပြည် ဝါးရှားလာတယ်ဆိုတော့ အရည်အသွေး သိပ်ဂရုစိုက်စရာမလိုဘူး။ သုံးလို့ရတဲ့ ဝါးဆိုရင် သူတို့က အကုန်ယူတော့မှာ။ ကျွန်တော်တို့က ယူတိုင်းပေးနေ(ရောင်းနေ)မှာလား" ဟူ၍ မြန်မာဝါးသယံဇာတမပျက်စီးရေးရှုထောင့်မှ ပြောကြားသွားသည် သိရ၏။

ထို့ပြင် ကမ္ဘာ့ဝါး အထိမ်းအမှတ်နေ့နှင့် ဆက်စပ်သည့် သတင်းတစ်ပုဒ်ကိုလည်း လေ့လာဖတ်ရှုလိုက်ရသည်။ ဝါးအချောထည်ပြပွဲနှင့် ဈေးရောင်းပွဲပြုလုပ်သည့် သတင်းဖြစ်သည်။ မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း စုံညီပွဲတော်၊ ဝါးအချောထည်ပြပွဲနှင့် ဈေးရောင်းပွဲကို ပျဉ်းမနားမြို့၊ မင်္ဂလာကန်တော်ခန်းမ၌ စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ ယင်းပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ တက်ရောက် နှုတ်ခွန်းဆက်စကား ပြောကြားသည်။ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ ဇနီး မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း နာယက ဒေါက်တာစိန်စိန်သန်းက သဘာဝပတ်ဝန်းကျင်ရေးရာ သိကောင်းစရာများ အကြောင်းနှင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစန်းဝင်းက ဝါးအကြောင်း သိကောင်းစရာများအကြောင်းကို အသီးသီးဟောပြောကြသည် သိရ၏။ ယင်းဝါးအချောထည်ပြပွဲနှင့် ဈေးရောင်းပွဲတွင် အရောင်းပြခန်းပေါင်း ၂၀ ဖွင့်လှစ်ပြသထားပြီး ဝါးလက်မှုအချောထည် ပစ္စည်းများ၊ ဝါးပရိဘောဂပစ္စည်းများ၊ ဝါးထုတ်ကုန်ပစ္စည်းများ စုစုပေါင်း အမျိုး ၁၀၀ ကျော် ခင်းကျင်းပြသထားသည်။ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများကလည်း လှည့်လည်ကြည့်ရှုအားပေးသွားသည်ဟု ဒေသခံသတင်းများက ဆိုသည်။ ပြပွဲတာဝန်ရှိသူများ ပြောကြားချက်အရ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း စုံညီပွဲတော်၊ ဝါးအချောထည်ပြပွဲနှင့် ဈေးရောင်းပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်သည် ဝါးနှင့်ပတ်သက်ပြီး နိုင်ငံခြားဝင်ငွေရရန်၊ တစ်နိုင်ငံလုံးရှိ ဝါးအသင်းသားများ၊ ဝါးကို ချစ်မြတ်နိုးသူများ တစ်စုတစ်စည်းတည်း တွေ့ဆုံနိုင်ခွင့်ရရန်၊ ဝါးနှင့်ပတ်သက်သည့် အသိပညာများ ဖလှယ်နိုင်ရန်၊ ဝါးစိုက်ပျိုးခြင်း၊ ဝါးအချောထည်ပစ္စည်းထုတ်လုပ်ခြင်းတို့တွင် တွေ့ကြုံရမည့် အခက်အခဲများ ဆွေးနွေး အဖြေရှာနိုင်ရန်၊ ကျေးလက်နေပြည်သူများ ဝါးထုတ်ကုန်နှင့် ဝါးစိုက်ပျိုးခြင်းမှ နေ့စဉ်ဝင်ငွေတိုးပွားရရှိရန်၊ ဝါးကို ပလတ်စတစ်နှင့် စတီးလ်နေရာများတွင် အစားထိုးသုံးစွဲနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်ဟု သိရသည်။

မြန်မာနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန စာရင်းများအရ မြန်မာနိုင်ငံတွင် ဝါးမျိုးစိတ် ၁၀၂မျိုး ပေါက်ရောက်ပြီး စီးပွားဖြစ် အသုံးဝင်ဝါးမျိုး ၁၈မျိုး ရှိကြောင်း သိရသည်။ ဝါးပင်သည် ကျေးလက်နေ ပြည်သူများအားလုံးအတွက် မရှိမဖြစ် လိုအပ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက်လည်း သဘာဝမြေဩဇာရရှိရေးများစွာ အရေးပါသည်။ မြန်မာနိုင်ငံတွင် ဝါးကို ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများဆုံးတွေ့ရှိရသည်။ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်လည်း ထိုက်သင့်သလောက် ပေါက်ရောက်သည်။ မြန်မာနိုင်ငံတွင် ဝါးပင်မပေါက်ရောက်၊ စိုက်ပျိုး၍ မရဟူသော ဒေသများမရှိပေ။ ထို့ကြောင့်လည်း ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် တတိယ ဝါးအပေါများဆုံးနိုင်ငံဖြစ်နေခြင်း ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပထမဝါးအပေါများဆုံးနိုင်ငံက တရုတ်နိုင်ငံဖြစ်ပြီး ဒုတိယ ဝါးအပေါများဆုံးက အိန္ဒိယနိုင်ငံဖြစ်သည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် ဝါးစိုက်ပျိုးထားမှု ဧရိယာ အကျယ်အဝန်းမှာ ယခုအခါ ဟက်တာ ၁ ဒသမ ၇၈ သန်းရှိသည်ဟူ၍လည်း သိရသည်။

ကမ္ဘာပေါ်တွင် တတိယ ဝါးအပေါဆုံး မြန်မာနိုင်ငံသည်လည်း အိမ်နီးချင်းနိုင်ငံများကဲ့သို့ ဝါးအခြေပြု ထုတ်ကုန် အမျိုးမျိုးမှ နိုင်ငံခြားဝင်ငွေ နှစ်စဉ် ဒေါ်လာ သန်းချီ ရတော့ရနေသည်။ သို့သော် ဝါးအခြေခံ လက်မှုထုတ်ကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်ရန် နည်းပညာနှင့် ဈေးကွက် အခက်အခဲများရှိနေသဖြင့် တိုးတက်သင့်သလောက် တိုးတက်မလာသေးပေ။ ဝါးကို အစိမ်းရောင်ရွှေဟု တင်စား ခေါ်ဝေါ်သည်။ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၆၀၀ ကျော်သည် အစိမ်းရောင်ရွှေဝါးမှ တစ်ဆင့်ရရှိသည့် ဝင်ငွေကို မှီခိုနေကြရသည်။ ယင်းအထဲတွင် မြန်မာကျေးလက်နေပြည်သူများလည်း ပါဝင်နေသည်။ ယခုအခါ နိုင်ငံတော်အစိုးရသည် အစိမ်းရောင်ရွှေ မြန်မာ့ဝါးများ စနစ်တကျ ထုတ်လုပ်အသုံးပြုနိုင်ရေး ဝါးဥပဒေတစ်ရပ် ပြဋ္ဌာန်းပြီး အကာအကွယ်ပေးခြင်း၊ ပို့ကုန်အမယ်သစ်အဖြစ် မျှစ်စိုက်ခင်းများ သီးသန့်ဖော်ထုတ်ပြီး မျှစ်စည်သွပ်ဘူးလုပ်ငန်းကို အားပေးခြင်း၊ ဝါးအခြေခံထုတ်ကုန်ပစ္စည်းများအား ပြည်ပတင်ပို့ရာတွင် အခွန်အခများ လျှော့ပေါ့ပေးခြင်း၊ ဝါးသယံဇာတများ စဉ်ဆက်မပြတ် အသုံးချနိုင်ရေးနှင့်ပတ်သက်ပြီး သင်တန်းများ၊ နည်းပညာများ ဖြန့်ဝေပေးခြင်းစသည့် ကိစ္စများ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် မြန်မာ့ဝါးလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ပညာရှင်များ အကြံပြုထားကြောင်း သိရသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယင်းကိစ္စများ စီစဉ်ဆောင်ရွက်ရန် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်လိမ့်မည်ကို ယုံကြည်သည်။ အကြောင်းမှာ ဝါးပင်စိုက်ပျိုး ထိန်းသိမ်းခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာကျသည်မို့ ဖြစ်သည်။ ဝါးပင်သည် လျင်မြန်စွာ ကြီးထွားနိုင်သောမြက်မျိုးနွယ်ဖြစ်သည်။ ထူးခြားချက်နှစ်ခုမှာ အလျင်အမြန်ကြီးထွားနိုင်ခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ကို အံ့မခန်း စုပ်ယူနိုင်စွမ်းရှိခြင်းတို့ဖြစ်သည်။ ထို့ပြင် ဝါးပင်သည် မြေဆီလွှာဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်ပြီး စိုက်ပြီးလေးနှစ်မှ ငါးနှစ်ကြာသောအခါ တစ်နှစ်တစ်ကြိမ် ခုတ်ယူသုံးစွဲနိုင်သည့် သဘာဝသယံဇာတအရင်းအမြစ်တစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ဝါးစိုက်ခင်း တစ်ဟက်တာစိုက်ထားလျှင် တစ်နှစ် ဝါးတန်ချိန် ၂ ဒသမ ၄၇၁ တန်ထွက်သဖြင့် ကျေးရွာ၏ အသေးစားလုပ်ငန်းတစ်ခု တည်ထောင်ထားခြင်းနှင့် တူညီနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

■



# ယင်းမာပင်ခရိုင် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ပို့ကုန်မြှင့်တင်နိုင်ရေး Market Survey ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် စက်တင်ဘာ ၂၃ ရက်တွင် ယင်းမာပင်မြို့နယ် စုန်းကျင်းကျေးရွာ လျှော်ဖြူစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌခြံတွင် ပို့ကုန်မြှင့်တင်ရေးအတွက် Market Survey ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးပွဲကျင်းပသည်။

ယင်းသို့ ဆွေးနွေးကြရာတွင် ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသက်နိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းလျှော်ဖြူ အသင်းဥက္ကဋ္ဌ ဦးဇော်မင်းက တက်ရောက်လာသော တောင်သူများအား လျှော်ဖြူ ဈေးကွက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး လျှော်ဖြူအသင်းသားများ စည်းလုံးညီညွတ်မှုရှိစေရေး စိုက်ပျိုးရေး နည်းပညာဖွံ့ဖြိုးတိုးတက်စေရေး၊ ခရိုင်အတွင်း စိုက်ဧက မှတ်တမ်းများ သေချာထားရှိစေရေး၊ ရေရှည်စိုက်ပျိုးသီးနှံဖြစ်သည့် အတွက်ကြောင့်အသင်းသူ/အသင်းသားများ စုပေါင်းညီညာ စိတ်ဓာတ်ကြံ့ခိုင်ဖို့ လိုအပ်ကြောင်း လိုအပ်သလို ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ခရိုင်အသင်းဥက္ကဋ္ဌ ဦးစိုးဌေးကလည်း ယင်းမာပင်ခရိုင် လျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းအဖွဲ့များအနေဖြင့် ဝိုင်းဝန်းကူညီ စုစည်းဆောင်ရွက်စေခြင်း၊ ဈေးကွက်ခိုင်မာလာစေရန် အရည်အသွေးပြမှတ်တမ်း ပြုစုဆောင်ရွက်နိုင်စေရန် လျှော်ဖြူဈေးကွက် မြင့်မားတိုးတက်လာစေရန် ပြည်တွင်းသာမက ပြည်ပပို့ကုန်မြင့်မားလာစေရန် စိုက်ထုတ်သူများအနေဖြင့် ဒေသထွက်လျှော်ဖြူနှင့် ထိုင်ဝမ်လျှော်ဖြူနှစ်မျိုးရှိရာ ဒေသထွက်လျှော်ဖြူသည် ရာသီဥတုဒဏ်ခံနိုင်ပြီး အစေးအထွက်နှုန်းမှာလည်း ကောင်းမွန်သောကြောင့် မိမိတို့ဒေသအနေဖြင့် ဒေသထွက်လျှော်ဖြူမျိုးကိုသာ စိုက်ပျိုးသင့်ကြောင်း၊ အသင်းအဖွဲ့ခိုင်မာပြီး ဧကအမှန်ရရှိပါက စုပေါင်း၍ နှစ်ရှည်စိုက်ပျိုးပင်ဖြစ်ရန် မြေစာရင်းသို့ အမည်ပေါက် ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အခြားအဖွဲ့ဝင် စိုက်ထွက်တောင်သူများကလည်း မိမိတို့ဒေသအလိုက် စိုက်ပျိုးမှု အခြေအနေ၊ စိုက်စရိတ်၊ ချေးငွေ မည်သို့မည်ပုံရရှိနိုင်မည့် အခြေအနေ၊ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှုများအား VIBER Group ဖွဲ့၍ သိသာမြင်သာစေရန် ဆောင်ရွက်စေလိုကြောင်း၊ မျိုးစေ့၊ ပျိုးပင်၊ အပင်အကွာအဝေး၊ အကိုင်းအခက် အနေအထားများအား စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေးကို ဆွေးနွေးတင်ပြခဲ့ကြသည်။

**ခိုင်မို့မို့(မြင်းမူ)**

# အခြေခံပညာအထက်တန်းကျောင်း(ဖောင်ကြီး)၌ ပြည်သူ့စကားဝိုင်း ကျင်းပ

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ "လူငယ်နှင့် ကျန်းမာရေး"(ပြည်သူ့စကားဝိုင်း)ဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်တွင် လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဖောင်ကြီး) ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း (ဖောင်ကြီး)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ထူးထူးလွင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်က လူငယ်နှင့် ကျန်းမာရေးဆွေးနွေးပွဲကျင်းပရခြင်းကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းတန်က လူငယ်တိုင်းတွင် ကျန်းမာရေးနှင့် ပညာရေးမှာ ဘယ်ခြေနှင့်ညာခြေကဲ့သို့ ညီမျှစွာ လျှောက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ လူငယ်များ ကျန်းမာသန်စွမ်းပြီး ပညာရေးမြင့်မားမည် ဖြစ်ကြောင်း၊ စာဖတ်အားမကောင်းသော လူငယ်များအတွက်လည်း အားမငယ်ဘဲ မိမိ၏ ကိုယ်ပိုင်တီထွင်ကြံဆမှုရှိလျှင် အောင်မြင်နိုင်ကြောင်း၊ လူငယ်များသည် နောင်အနာဂတ်တွင် နိုင်ငံတော်က အားထားရမည့်သူများဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဖောင်ကြီးတိုက်နယ် ဆရာဝန် ဒေါက်တာသန့်ဇင်ထွန်းက လူငယ်များနှင့်ပတ်သက်ပြီး နေထိုင်စားသောက်မှု ရှောင်ရန်/ဆောင်ရန်များကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဖြိုးဖြိုးအေးက တိုင်းရင်းဆေးဝါးသုံးစွဲရမည့် အချက်အလက်များကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နီလာဦးက ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့သော ဥပဒေအသစ်ကိုလည်းကောင်း၊ စားသုံးသူကာကွယ်ရေး ပေါ်ပေါက်လာပုံ၊ စားသုံးသူ၏ အခွင့်အရေး/ တာဝန်များ... 

အခိပ္ပာယ်ဖွင့်ဆိုချက်၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုမပြုမီတွင် သတိပြုရမည့် အချက်များကိုလည်းကောင်း၊ ဦးသက်လွင်(မြို့နယ်သမိုင်းပြုစုရေး)၊ ဦးစည်သူ (ကိုယ်ပိုင်အထက်တန်းကျောင်း)တို့က ဆွေးနွေးခဲ့ပြီး တက်ရောက်သူများ၊ ကျောင်းသား/ကျောင်းသူများမှ သိလိုသောအချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ ဟောပြောပွဲသို့ ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူ ၂၀၀ ဦးတက်ရောက်ခဲ့ပြီး "စားသုံးသူပြည်သူများအန္တရာယ်ကင်းစေဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" စာတန်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**နီလာဦး (ရန်ကုန်)**

# လောပိတကျေးရွာ၌ ပြည်သူ့စကားဝိုင်း ကျင်းပ

ပြည်သူများ၏ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်၊ အစုအဖွဲ့အတွင်း ပါဝင် ဆွေးနွေးတတ်သော အလေ့အထကောင်းများရရှိလာစေရန် ရည်ရွယ်၍ စက်တင်ဘာ ၂၄ ရက်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးကျင်းပသည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို လွိုင်ကော်မြို့နယ် လောပိတကျေးရွာအုပ်စု၌ ကျင်းပသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် လွိုင်ကော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီဌာန ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက ပြည်သူ့စကားဝိုင်း ပြုလုပ်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အိအိခင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေသည့် လုပ်ငန်းများနှင့် ကျေးရွာနေပြည်သူများမှ မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန့်စင်ကျော်က တောင်သူများ သီးနှံအထွက်တိုးရေး၊ အရည်အသွေးပြည့်ဝသည့် သီးနှံများရရှိရေး စသည့် စိုက်ပျိုးရေးနည်းလမ်းကောင်းများကိုလည်းကောင်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းနေဝင်းက ပြည်သူများ ကျေးလက်ဆေးပေးခန်းများကို အသုံးချတတ်ရေးနှင့် ကျန်းမာရေးအသိပညာဗဟုသုတများကိုလည်းကောင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြို့ရီက ဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များကိုလည်းကောင်း၊ ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူအခွင့်အရေးများ၊ လိုက်နာရမည့်တာဝန်များ၊ ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေး၊ ကုန်စည်(သို့) ဝန်ဆောင်မှုကို ဝယ်ယူသုံးစွဲခြင်းကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များကိုမေးမြန်း ဆွေးနွေးခဲ့ပြီး တာဝန်ရှိသူများက ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၇၅၀ စ/ပေ၊ (၇)လွှာ | လှေကားထိုးခင်း၊ အခန်းဖွဲ့ | ၂၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | (၁၃ x ၅၀ )ပေ | (၄) လွှာ၊ ဟောလ် | ၄၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | ၁၁၀၀ စ/ပေ | (၇)လွှာ၊ MB (1) ခန်း၊ BR (2) ခန်း | ၁၅၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၄။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၀ x ၇၀ )ပေ | (၁)လွှာ၊ MB (2) ခန်း | ၁၂ သိန်း | တစ်လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း၊ (၁၄/၂) ရပ်ကွက် | (၈၀ x ၅၀)ပေနီးပါး | RC (1) ထပ်၊ တိုက် (၂) လုံး | ၅၅၀၀ သိန်း | | ၀၁/၅၆၃၀၇၀ |
| ၆။ | မြေ | မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ် | (၈၀ x ၈၀)ပေ | မြေသီးသန့်ခြံခတ်ပြီး/ ဂရန် | ၃၂၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၇။ | ကွန်ဒို တိုက်ခန်း | မင်္ဂလာတောင်ညွန့်၊ ဂျီးဖြူလမ်း | ၁၅၀၀ စ/ပေ | MB (1) ခန်း၊ BR (2) ခန်း | ၂၃၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၈။ | တိုက်ခန်း | ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း | (၁၅ x ၅၀)ပေ | မြေညီနှင့်(ပ)ထပ် (၂)ခန်းပြင်ပြီး | ၁၅၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ ပြည်တော်သာလမ်း | (၃၀ x ၅၀)ပေ | RC (1) ထပ် | ၁၃၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ(ဗဇ်) (၂၀၀၉) | D | ၁၅၅ သိန်း | ၁ဝ၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ပါဆို (၂၀၀၉) | H | ၁၃၅ သိန်း | ၁ဝ၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ကလူဂျာ (၂၀၀၆) | J | ၄၃၅ သိန်း | ၂ဝ၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | မက်(ခ်) အိပ်(စ်) (၂၀၀၄) | E | ၂၅၀ သိန်း | ၂ဝ၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ပရိုဘောက် (၂၀၁၀) | H | ၁၇၃ သိန်း | ၁ဝ၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဘယ်လ်တာ (၂၀၁၀) | H | ၁၈၇ သိန်း | ၁ဝ၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဗုရှ် (၂၀၀၃) | G | ၂၅၅ သိန်း | ၁ဝ၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ရှပ်တဲလ်(ဟွန်ဒါ) (၂၀၁၁) | M | ၂၆၅ သိန်း | ၁ဝ၃ ဓာတ်ဆီ၊ နယ် |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၁၄၅ သိန်း | |

# မျှော်မှန်းချက်နှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရှမ်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ငန်းစီမံကိန်း (၂၀၂၀ - ၂၀၃၀) ရေးဆွဲနိုင်ရန်အတွက် အလုပ်ရုံ ဆွေးနွေးပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ Taunggyi Hotel ၌ စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့ တွင် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုင်းရှိန်တစ်လုံက အမှာစကား ပြောကြားပြီး ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (GIZ) မှ Mr.Christian Koch က မိတ်ဆက် စကားပြောကြားခဲ့သည်။

ဆက်လက်၍ မျှော်မှန်းချက်နှင့် မဟာဗျူဟာလုပ်ငန်းစဉ်များရေးဆွဲနိုင် ရေးအတွက် လုပ်ငန်းရပ် ခြောက်ခုဖြစ်သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို မြှင့်တင်ရန် ရှမ်းပြည်နယ်၏ စီးပွားရေး၊ ဈေးကွက် အရွယ်အစား၊ သဘာဝ အရင်းအမြစ်များနှင့် အလုပ်သမားအင်အားများ ပိုမိုခိုင်မာလာစေခြင်း၊ အခြေခံ အဆောက်အအုံ မြှင့်တင်ခြင်းနှင့် တည်ဆောက်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများ လွယ်ကူအဆင်ပြေနိုင်စေရန်အတွက် အဖွဲ့ အစည်းအတွင်း စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် ယှဉ်ပြိုင်မှု အားသာ ချက်များ ဖန်တီးခြင်း၊ ဒေသခံ စီးပွားရေး လုပ်ငန်းများနှင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုး တိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်း များအား ထောက်ပံ့ကူညီပေးသော စနစ်နှင့် ဝန်ဆောင်မှုများ တိုးတက်လာ စေခြင်း၊ (စ) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ဒေသခံဈေးကွက်နှင့် အမှတ်တံဆိပ် မြှင့်တင်ခြင်း စသည့်မဟာဗျူဟာမြောက် လုပ်ငန်းရပ် ခြောက်ခုအတွက် သက်ဆိုင်သည့်ဌာနများမှ လုပ်ဆောင်ချက်များ၊ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း များ၊ လုပ်ငန်းစဉ်များ ရှမ်းပြည်နယ် အတွင်းရှိကုန်သည်စက်မှုလက်မှုအသင်း များမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) စွန့်ဦးတီထွင် လုပ်ငန်း ရှင်များအသင်းမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ တာဝန်ရှိသူ များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲကို ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီဌာနမှ ပြည်နယ်ဦးစီးမှူး ဦးလေးနိုင် နှင့် ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (GIZ) မှ ကျွမ်းကျင်ပညာရှင်တို့က ဦးဆောင်၍ မဟာဗျူဟာလုပ်ငန်းရပ်ခြောက်ခု၏ မူကြမ်းတွင် လိုအပ်ချက်များ၊ ထပ်မံထည့် သွင်းရေးဆွဲနိုင်ရန်အတွက် အုပ်စုဖွဲ့ ဆွေး နွေးခဲ့ကြောင်း သိရသည်။ **စောဝင်းကျော် (ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန)**

# ယာကွန် (လက်ဖက်ခြောက်) အစုအဖွဲ့ ဖွဲ့စည်း

ယာကွန်(လက်ဖက်ခြောက်) စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချသူများ အစုအဖွဲ့ (နောင်တရား) ဖွဲ့စည်းခြင်းအခမ်း အနားကို စက်တင်ဘာ ၁၉ ရက်တွင် နောင်တရားမြို့ စိုက်ပျိုး ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီး ဌာနမှ ဝန်ထမ်းများ၊ နောင်တရားမြို့ အုပ်ချုပ်ရေးမှူး၊ နောင် တရားမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပင်လောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ နောင်တရားမြို့ ရပ်ကွက်၊ ကျေးရွာများမှ ယာကွန် (လက်ဖက်ခြောက်) စိုက်ပျိုး ထုတ်လုပ်တောင်သူ ၃၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်စားသုံးသူ ရေးရာဦးစီးဌာနမှ ဦးခွန်ကျော်ဌေးက ရှမ်းပြည်နယ်အတွင်း အသင်းအဖွဲ့၊ အစု



အဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေများ၊ လုပ်ငန်းဆောင် ရွက်မှု အခြေအနေများနှင့် အစုအဖွဲ့ ဖွဲ့စည်းခြင်း၏ အကျိုး ကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး ပင်လောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ယာကွန် (လက်ဖက်ခြောက်)စိုက်ပျိုး ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ယာကွန်(လက်ဖက်ခြောက်) စိုက်ပျိုးထုတ် လုပ်တင်ပို့ရောင်းချ သူများ အစုအဖွဲ့ (နောင်တရား)ကို အလုပ်အမှုဆောင် ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ရွေးချယ်ခံဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက် ကြောင်း သိရှိရသည်။ **မောင်ကျော်(တောင်ကြီး)**

# လျှော်ဖြူ Market Survey ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

ပြည်တွင်းပို့ကုန်မြှင့်တင်နိုင်ရေးအတွက် လျှော်ဖြူ (ခ) ဆေးကုလားမ Market Survey ဆိုင်ရာဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်က အရာတော် မြို့နယ် မင်းကျေးရွာ ခန်းမတွင် မုံရွာခရိုင်ဦးစီးမှူးဦးဆောင်၍ ဒု-ခရိုင်ဦးစီး မှူး၊ အရာတော်မြို့နယ်တာဝန်ခံနှင့် အဖွဲ့ဝင်တို့ သွားရောက်တွေ့ဆုံဆွေး နွေးခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မုံရွာခရိုင်ဦးစီးမှူးက အဖွင့်အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး လျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးဇော်မင်းက လျှော်ဖြူစိုက်ပျိုးထုတ်လုပ်မှု ကို မင်းရွာကို နမူနာယူပြီး စိုက်ကြကြောင်း၊ ပွဲစားများလည်းရှိ၍ ရှေ့တန်း ရောက်ပါကြောင်း၊ စိုက်ပျိုးသူတောင်သူများလည်း ပိုမိုများပြားလာသည့် အတွက် ဈေးကွက်ခိုင်မာဖို့လိုကြောင်း၊ မြို့နယ် လျှော်ဖြူအသင်းရှိသော် လည်း အသင်းအင်အားတောင့်တင်းဖို့ စည်းရုံးဆောင်ရွက်သွားရန် လို ကြောင်း၊ တစ်ဦးတစ်ယောက်တည်း လုပ်ကိုင်၍မရသည့်အရာများကို အသင်းအင်အားနှင့် ဆောင်ရွက်လျှင် မဝေးသောကာလ၌ အခြားနိုင်ငံ ဈေးကွက်များတွင် မြန်မာ့လျှော်ဖြူ နေရာရလာမည်ဖြစ်ကြောင်း၊ အသင်း သားများအနေဖြင့် ပူးပေါင်းပါ၊ ညှိနှိုင်းပါ၊ စုစည်းအားကောင်းမယ်ဆိုလျှင် နိုင်ငံတစ်နိုင်ငံတည်း အားကိုးနေရသည့်အခြေအနေကနေ နိုင်ငံတကာ ဈေးကွက်ကို ထိုးဖောက်နိုင်မည်ဟု ယုံကြည်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ် လျှော်ဖြူအသင်းဥက္ကဋ္ဌ ဦးဇော်နိုင်က အဖွဲ့ အင်အား တောင့်တင်းရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ဈေးကွက်ထိန်း သိမ်းနိုင်ရန်အတွက် အသင်းသားများညီညွတ်မှု၊ သတင်းရရှိမှု၊ တစ်ဦးနှင့် တစ်ဦး အချိတ်အဆက်မပြတ်စေဘဲ ပူးပေါင်း ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မင်းကျေးရွာရှိ လျှော်ဖြူ စိုက်ပျိုးသည့် ဧက၊ အစေး ထုတ်လုပ်ဧက၊ အထွက်နှုန်း၊ ဈေးနှုန်းဈေးကွက်ဆိုင်ရာများ အသေးစိတ် မေးမြန်းကောက်ယူပြီး မင်းကျေးရွာရှိ ဦးမျိုးထွန်း၏ လျှော်ဖြူ အစေးထုတ် လုပ်နေသည့် ခြံအခြေအနေများ ကွင်းဆင်းလေ့လာ Market Survey ပြုလုပ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် မင်းကျေးရွာ သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချမှု အများဆုံးနှင့် အရည်အသွေးကောင်းသော လျှော်ဖြူများ အများဆုံးထုတ်လုပ်နိုင်သည့် ကျေးရွာတစ်ရွာဖြစ်သည်။ **ဒေလီ (အရာတော်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| **(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း-**၀၁ ၂၅၄၀၂၄ | **ဖက်စ်-** ၀၁ ၂၅၄၀၂၃ **အီးမေးလ်-**itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း-** ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်-** mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## ခုနစ်ရက် သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၃၀-၉-၂၀၁၉ မှ ၆-၁၀-၂၀၁၉ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** အကြီးအကဲတို့၏ ပြုပြင်မှုကို ခံရတတ်သည်။ နိုင်ငံခြားပစ္စည်းများနှင့်ပတ်သက်ပြီး စီးပွားရေး ရောင်းဝယ်လုပ်ကိုင်ပါက အောင်မြင်မှုများရရှိလိမ့်မည်။ စိတ်အပြောင်းအလဲများနေတတ်သည်။ နှစ်မျိုးနှစ်စားနှစ်ခွဖြစ်နေတတ်သည်။ ပညာရေးကြိုးစားမှုပေါ် မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ အချစ်ရေးတွင် စိတ်တိုင်းကျမှုအားနည်းနေတတ်သည်။ အိမ်ထောင်ရေးသာယာမှုရှိမည်။ ကျန်းမာရေးတွင် အဖုအပိန့်ဖြစ်သောအရေပြားအနာများပေါက်တတ်ပါသည်။

**ယတြာ။ ။ မုန့်လုံးရေပေါ် ဆွမ်းကပ်ပါ။**



**တနင်္လာသားသမီးများအတွက်** သိုသိုသိပ်သိပ်နေတတ်သည်။ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် စည်းကမ်းစနစ်ကြီးမားတတ်သည်။ ကုမ္ပဏီလုပ်ငန်း၊ စက်မှုပိုင်းဆိုင်ရာလုပ်ငန်းများအကျိုးပေးပါသည်။ ပညာရေးကံကောင်းနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်စွာရှိနေမည်။ ကျန်းမာရေးတွင်ရေကြောင့် ဥပဒ်ဖြစ်တတ်သည်။ အအေးမိရောဂါရတတ်ပါသည်။

**ယတြာ။ မြောက်ဘက်အရပ်သို့ခရီးသွားခြင်းရှောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** ပေါ်ပင်လုပ်ငန်းများဖြစ်သော အမျိုးသမီးအသုံးအဆောင်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်း၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများနှင့်အဆင်ပြေနေမည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် အတွေးနယ်ချဲ့နေတတ်သည်။ အိမ်ထောင်ရေးကံကောင်းနေတတ်ပါသည်။ ကျန်းမာရေး ကိုယ်လက်ကိုက်ခဲသောဝေဒနာခံစားရတတ်သည်။ **ယတြာ။ ပန်းသစ်တော်သီးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မင်းအစိုးရနှင့်ပတ်သက်သော လုပ်ငန်းများ၊ တွဲဖက်လုပ်ကိုင်ရသောလုပ်ငန်းများအောင်မြင်နေလိမ့်မည်။ ပညာသင်သွားရတတ်သည်။ အချစ်ရေးတွင် မမျှော်လင့်သူနှင့်ကြုံဆုံရလိမ့်မည်။ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးတွင် လေရောဂါသတိပြုပါ။ လေနာခြင်း၊ လေဖြန်းခြင်းတို့ဖြစ်တတ်ပါသည်။ **ယတြာ။ သပြေညွန့်ဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ကိုယ်တိုင်ကိုယ်ကျလုပ်ရမှ ကျေနပ်တတ်သော သဘောရှိနေမည်။ စားသောက်ကုန်လုပ်ငန်း၊ မုန့်ဖုတ်လုပ်ငန်းများတွင်ကျယ်နေတတ်ပါသည်။ စီးပွားတိုးတက်ပြီး ဝင်ငွေကောင်းမည့်ကာလဖြစ်နေတတ်ပါသည်။ ပညာရေးထူးချွန်မှုရှိနေမည်။ အချစ်ရေးတွင် ဆုံးဖြတ်ချက်ချရန်အခက်အခဲဖြစ်နေမည်။ အိမ်ထောင်ရေးသာယာမှုရှိမည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်ရောဂါသတိရှိသင့်ပါသည်။ **ယတြာ။ ဘုရားတွင်တံခွန်ကုက္ကားလှူပါ။**



**သောကြာသားသမီးများအတွက်** ခရီးထွက်ရခြင်းကို ဝါသနာပါရှိနေလိမ့်မည်။ ခရီးသွားလုပ်ငန်းအောင်မြင်ဖြစ်ထွန်းလိမ့်မည်။ နိုင်ငံရပ်ခြားတိုင်းတစ်ပါးတို့နှင့် စီးပွားဖြစ်ထွန်းလိမ့်မည်။ ဉာဏ်ရည်ကောင်းသောကြောင့် ပညာရေးတိုးတက်မှုရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်နေမည်။ ကျန်းမာရေးတွင် သွေးတိုးခြင်း၊ မူးဝေခြင်း ဝေဒနာခံစားရတတ်သည်။ **ယတြာ။ လမ်းခင်းသဲလှူပါ။**



**စနေသားသမီးများအတွက်** ပူးတွဲလုပ်ဆောင်သောလုပ်ငန်းများမှ ပြဿနာများဖြေရှင်းရတတ်သည်။ လက်အောက်ငယ်သားတပည့်များနှင့်လုပ်ငန်းတွင်ကျယ်မှုအားနည်းနေတတ်သည်။ ပညာရေးကံကောင်းသည်။ အချစ်ရေးတွင် ရည်မှန်းချက်မအောင်မြင်တတ်သောသဘောရှိနေလိမ့်မည်။ ကျန်းမာရေးချူချာမှုရှိနေမည်။

**ယတြာ။ ထောပတ်သီးလှူပါ။**

# ဒေသငါးမျိုးများ မျိုးသုဉ်းခြင်းမှ ကာကွယ်နိုင်ရန် ငါးမျိုးသစ်များ ဖော်ထုတ်မျိုးပွားနိုင်ရေး အရှိန်မြှင့်ဆောင်ရွက်နေ

ဒေသငါးမျိုးများ မျိုးသုဉ်းခြင်းမှ ကာကွယ်နိုင်ရန်နှင့် စီးပွားဖြစ် ငါးမျိုးသစ်များ ဖော်ထုတ်မျိုးပွားနိုင်ရေးအတွက် သုတေသနပြုမှုများ အရှိန်မြှင့်ဆောင်ရွက်နေကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

လက်ရှိတွင် သုတေသန လုပ်ငန်းများအတွက် ရေချိုငါးများ သားဖောက်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ ဒေသတွင်း ငါး၊ ပုစွန်ကျန်းမာမှုအတွက် အထောက်အကူပြုစေမည့် ငါးလုပ်ငန်းစခန်းအတွင်းရှိ ငါး၊ ပုစွန်ကျန်းမာမှုနှင့် ရောဂါထိန်းချုပ်ရေး ဓာတ်ခွဲခန်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း ယင်းဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က စက်တင်ဘာ ၂၄ ရက်တွင် ပြောသည်။

"သုတေသန လုပ်ငန်းတွေက အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိနေတယ်။ တွေ့ရှိချက်တွေကနေ ငါးလုပ်ငန်းကဏ္ဍမှာ လိုအပ်နေတဲ့ ကွက်လပ်တွေကို ဖြည့်ဆည်းပေးနိုင်မယ်။ ဒေသငါးမျိုးတွေ မျိုးသုဉ်းတာကနေ ကာကွယ်နိုင်အောင် မျိုးပွားတာ ဖြန့်ဖြူးတာတွေ ဆောင်ရွက်နေတယ်"ဟု ဦးခင်မောင်မော်က ပြောသည်။

ယင်းအပြင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းစခန်းရှိ ရေချိုငါးမွေးမြူရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေး ဗဟိုဌာနမှ ငါးဆိုင်ရာ သုတေသနလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဦးခင်မောင်မော်က ပြောသည်။

နိုင်ငံအတွင်းရှိ မျိုးရင်းငါးများ တစ်နေ့တခြား ပျောက်ကွယ်စပြုလာသည့် အပေါ် ပြည်တွင်း လုပ်ငန်းရှင်များအနေဖြင့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျပြန်လည်သုံးသပ်သင့်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

အဆိုပါ ဒေသမျိုးရင်း ငါးများသည် ပြည်တွင်း၌ ဈေးရရှိသည့် ငါးများဖြစ်ခြင်းကြောင့် တိုးချဲ့မွေးမြူ လာနိုင်ပါက ကောင်းမွန်သည့် ဈေးကွက်တစ်ခု ဖြစ်လာနိုင်ကြောင်း ဒေါက်တာတိုးနန္ဒာတင်က သုံးသပ်သည်။

သို့ဖြစ်၍ ပြည်တွင်း ဈေးကွက်ရှိသည့် တိုင်းရင်းဒေသ မျိုးငါးများကို ထပ်မံတိုးချဲ့ မွေးမြူရန် လိုအပ်လာပြီဖြစ်ကြောင်း ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

"ငါးမွေးတောင်သူတွေ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်တဲ့အခါမှာ ကိုယ်မွေးတဲ့ငါးက အရှေးမမှားဖို့ လိုတယ်။ ဈေးကွက်ရှိတဲ့ တိုင်းရင်းမျိုး ငါးတွေကိုလည်း မွေးမြူစေချင်တယ်"ဟု ဒေါက်တာ တိုးနန္ဒာတင်က ပြောသည်။

အဓိကအားဖြင့် ငါးမွေးမြူထုတ်လုပ်ရေး လျော့ကျမှုမရှိစေရန်နှင့် ယင်းလုပ်ငန်းများကို သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက ထိခိုက်မှုမရှိစေသည့် နည်းလမ်းများ အသုံးပြု၍ မွေးမြူနိုင်ရန် စသည့် နည်းပညာများကို ပေးဝေလျက်ရှိကြောင်း ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် လက်ရှိတွင် ငါးမွေးမြူရေး လုပ်ငန်းရှင်များအား ငါးအမျိုးအစားနှင့် အရွယ်အစားအလိုက် သင့်တင့်သော ဈေးနှုန်းများဖြင့် ရောင်းချပေးနေပြီး စခန်းတွင် တိုက်ရိုက်လာရောက်ဝယ်ယူနိုင်သကဲ့သို့ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနများနှင့်လည်း ချိတ်ဆက်ဝယ်ယူနိုင်ကြောင်း သိရသည်။ **ပန်းဆု**

# စစ်ကိုင်းခရိုင် စားသုံးသူအခြေင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၅) ကြိမ်မြောက် (၉/၂၀၁၉) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာလ ၂၇ ရက်တွင် စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အတွင်းရေးမှူး၊ စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်က ၈/၂၀၁၉ အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် မှတ်တမ်းတင်ခွင့်ပြုပါရန်၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၌ စစ်ကိုင်းခရိုင် ဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသော အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဩဂုတ်လ လုပ်ငန်းဆောင်ရွက်မှုလချုပ်၊ စားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်းပြီးစီးမှု၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လုံခြုံစိတ်ချရမှုမရှိသော ကုန်ပစ္စည်းများအား ဈေးကွက်အတွင်းမှပြန်လည်သိမ်းဆည်း/တားမြစ်ခြင်းဆောင်ရွက်မှု၊ ဈေးကွက်စောင့်ကြည့် လေ့လာစစ်ဆေးချက်မှတ်တမ်းဆောင်ရွက်မှု၊ ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်မှု၊ CICC ရုံးသို့ တိုင်ကြားလာမှုနှင့် ပတ်သက်၍ဆောင်ရွက်ထားရှိမှု အခြေအနေ၊ (၁၀/၂၀၁၉)လအတွင်း ဆောင်ရွက်မည့်အစီအစဉ်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ဆောင်ရွက်ခွင့်ပြုရန်တင်ပြ၍ တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ တင်ပြဆွေးနွေးမှုများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး မိတ်ဖက်ဆက်စပ်ဌာနများကလည်း ရှေ့ဆက်လက်လုပ်ငန်းများကို ဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သင်းယုနွယ်(စစ်ကိုင်း)**

# မြိတ်မြို့ တပ်ပြင်ဈေးအတွင်းရှိ အစားအသောက်နှင့် အလှကုန်ဆိုင်များအား ကွင်းဆင်းစစ်ဆေး

မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီတွင်ပါဝင်သည့် ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့နှင့်မွေးမြူရေးနှင့်ကုသ ရေးဦးစီးဌာနတို့သည် စက်တင်ဘာ ၂၄ ရက်စတင်၍ တပ်ပြင်ရပ်၊ တပ်ပြင်ဈေးကြီးအတွင်းရှိအစားအသောက်နှင့်အလှကုန်ဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ရွှေပေးတင်နယ်ဈေးအတွင်းရှိ အလှကုန်ဆိုင်နှင့် ကုန်စုံဆိုင်အချို့မှ မာကျူလီပါဝင်နေသော အလှကုန်နှင့် သက်တမ်းလွန်စားသောက်ကုန်များ တွေ့ရှိရသဖြင့် နောက်နောင်ရောင်းချခြင်းမပြုရန် ခံဝန်ကတိလက်မှတ်ရေးထိုး၍ သိမ်းဆည်းခဲ့သည်။ ထပ်မံ၍ ဘေးအန္တရာယ်ရှိသော စားသောက်ကုန်များ လျော့နည်းစေရန်အတွက် ဈေးအတွင်းရှိဆိုင်များမှ မုန့်တီများကို စံနမူနာအဖြစ် ကောက်ယူခဲ့၍ ခရိုင်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီရှေ့တွင် လက်တွေ့စစ်ဆေးခဲ့သည်။ **ကျော်ဝင်းနိုင်(မြိတ်)**

## သီးနှံများ၏ ရိတ်သိမ်းချိန်လွန် နည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရန်

# ဟန့်တားနေသော အချက်များအား ကျော်လွှားခြင်း

သီးနှံများရဲ့ ရိတ်သိမ်းချိန်လွန်နည်းပညာ (Post Harvest Technology)ဟု ပြောလျှင် ရိတ်သိမ်းချိန်လွန်နည်းပညာဆိုတာ ဘာလဲ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ ဘယ်လောက်အရေးပါသလဲ၊ ရိတ် သိမ်းချိန်လွန်နည်းပညာ ဘာကြောင့်လိုအပ်သလဲ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရန် ဘယ်အချက်တွေက ဟန့်တားနေသလဲ စသည့်အကြောင်းအရာတွေကို ဦးစွာမိတ်ဆက်မှ ပြည့်စုံမှာ ဖြစ်ပါတယ်။

သီးနှံများရိတ်သိမ်းချိန်လွန်နည်းပညာဆိုသည်မှာ သီးနှံများ မရိတ်သိမ်းမီနှင့် သီးနှံများရိတ်သိမ်းစဉ်တွင်ရှိခဲ့သော အရည်အသွေးကောင်း လက္ခဏာများကို သီးနှံများရိတ်သိမ်းပြီးသောအခါ ၎င်း မူလက ရရှိခဲ့သော အရည်အသွေးကောင်းလက္ခဏာများကို စားသုံးသူများ၏ ပါးစပ်ဝရောက်သည်အထိ မူလကအတိုင်း မပျက်စီးမချို့ယွင်းစေအောင် တာရှည်ထိန်းသိမ်းစောင့်ရှောက်ထားသော နည်းပညာ ဖြစ်ပါတယ်။

အရည်အသွေးကောင်းဆိုင်ရာ လက္ခဏာများတွင် မျက်မြင်သွင်ပြင်၊ အရောင်၊ အနံ့အရသာ၊ အရွယ်အစား၊ ပုံသဏ္ဍာန်၊ ဖွဲ့စည်းတည်ဆောက်ပုံ စတဲ့ မရှိမဖြစ်သော အခြေခံကျသည့် လက္ခဏာများနှင့် ဈေးနှုန်းတံဆိပ်၊ အာဟာရဆိုင်ရာ သတင်းအချက်အလက်၊ ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်၊ ထုတ်လုပ်သည့်နိုင်ငံ၊ အစားအစာဘေးကင်းလုံခြုံရေးစသည့် မရှိမဖြစ် အခြေခံမကျတဲ့ လက္ခဏာများ ပါဝင်နေပါတယ်။

မရှိမဖြစ် အခြေခံကျတဲ့ လက္ခဏာများမှာ အဓိကအားဖြင့် မျက်မြင်သွင်ပြင်၊ ဖွဲ့စည်းပုံနှင့် အနံ့အရသာတို့ ပါဝင်နေပါသည်။ မျက်မြင်သွင်ပြင် လက္ခဏာတွင် ရင့်မှည့်မှု၊ အရောင်၊ အရွယ်၊ ပုံသဏ္ဍာန်၊ တောက်ပမှုနှင့် မသင့်တော်သော လက္ခဏာများ (Defects) နှင့် အပုပ်အရိများကင်းစင်ခြင်းတို့ဖြစ်တယ်။ မသင့်တော်သော လက္ခဏာများတွင် မရိတ်သိမ်းမီ ရောဂါ၊ အင်းဆက်ပိုးမွှားများနှင့် ငှက်များကြောင့်ရရှိသော ဒဏ်ရာများ၊ အမာရွတ်များ၊ ဓာတုဆေးလောင်ခြင်းတို့ဖြစ်တယ်။ အရောင်သည် အဓိက ဆွဲဆောင်မှု အရှိဆုံးသော လက္ခဏာတစ်ခုဖြစ်တယ်။ ဖွဲ့စည်းပုံလက္ခဏာ ပြောင်းလဲမှုမှာ အင်ဇိုင်းဖြစ်စဉ်များ၊ အင်ဇိုင်းမဟုတ်သော ဒြပ်ပေါင်းများ၏ ဖြစ်စဉ်များက လွှမ်းမိုးထားတယ်။ ကြွပ်ဆတ်ခြင်း၊ အရည်ရွှမ်းခြင်း၊ မဖွယ်ခြင်း၊ ပျော့ခြင်း၊ မာခြင်း စသည့်လက္ခဏာများသည် သီးနှံများ၏ ဖွဲ့စည်းပုံပေါ် မူတည်၍ ဖြစ်ပေါ်ရခြင်းဖြစ်တယ်။ အနံ့အရသာ လက္ခဏာများသည် သီးနှံများတွင် ပါဝင်သော ဒြပ်ပေါင်းများ၏ အနံ့နှင့် အရသာတို့ကို ပေါင်းစပ်အာရုံခံစားမှုဖြစ်တယ်။ အချို၊ အချဉ်၊ အခါး၊ ခါးသက်ခြင်း၊ အနံ့ရှိခြင်း၊ အနံ့ပျောက်ခြင်းတို့သည် အနံ့နှင့် အရသာခံစားမှုအပေါ်တွင် တည်မှီ၍ ဖြစ်ပေါ်တယ်။

မရှိမဖြစ် အခြေခံမကျတဲ့ လက္ခဏာများတွင် အာဟာရဆိုင်ရာ သတင်းအချက်အလက်နှင့် အစားအစာ ဘေးကင်းလုံခြုံမှုတို့မှာ အဓိကသော့ချက်များဖြစ်နေတယ်။ အာဟာရဆိုင်ရာ သတင်းအချက်အလက်များမှာ လတ်ဆတ်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များတွင် ရေဓာတ်၊ ကစီဓာတ်၊ အသားဓာတ်၊ အဆီဓာတ်၊ အမျှင်ဓာတ်၊ အော်ဂင်းနစ်အက်စစ်များ၊ ရောင်ခြယ်ပစ္စည်းများ၊ ဗီတာမင်များ၊ သတ္တုဓာတ်များ၊ Antioxidants များပါဝင်နေခြင်းကြောင့် ကင်ဆာရောဂါ၊ နှလုံး ရောဂါ၊ သွေးတိုးရောဂါ၊ အစာအိမ်ရောဂါ၊ အာရုံကြောရောဂါများကို လျှော့ချပေးနိုင်စွမ်းရှိပါတယ်။ ရိတ်သိမ်းချိန်လွန် အာဟာရဆိုင်ရာ ဆုံးရှုံးမှုများတွင် ဗီတာမင်စီဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ သိုလှောင်ချိန်ကာလကြာရှည်ခြင်း၊ အပူချိန်မြင့်ခြင်း၊ အစိုဓာတ်လျော့နည်းနေခြင်း၊ သီးနှံများအအေးဒဏ်ရာရစေခြင်းများ ဖြစ်ပေါ်စေပါတယ်။

သီးနှံရိတ်သိမ်းချိန်လွန်နည်းပညာသည် သီးနှံများ၏ မရိတ်သိမ်းမီ မူလကရှိခဲ့သော အရည်အသွေးကောင်းလက္ခဏာများကို ရိတ်သိမ်းပြီးချိန်တွင်လည်း မပုပ်မသိုးမယို့မယွင်း၊ မပျက်မစီးအောင် တာရှည်စွာ ထိန်းသိမ်းထားနိုင်သည့်အပြင် အစားအစာများကို ဘေးကင်းလုံခြုံအောင် စွမ်းဆောင် ဖန်တီးပေးနိုင်စွမ်းရှိတဲ့အတွက်



**အောင်ဆန်း (စိုက်ပျိုးရေး)**

သီးနှံများ၊ ရိက္ခာများ ထုတ်လုပ်ရာမှာ အလွန်အရေးပါသော အခန်းကဏ္ဍက ပါဝင်နေပါတယ်။

ဂျပန်စပါးပညာရှင် Roshidao Aunt က သီးနှံရိတ်သိမ်းချိန်လွန်နည်းပညာကို အနည်းငယ်မျှလောက်ပင် အသုံးချမယ်ဆိုရင် တောင်သီးနှံများရဲ့ အရည်အသွေးကို ထိုက်သင့်သလောက် ထိန်းထားနိုင်ပါတယ်လို့ ဆိုခဲ့ပါတယ်။ သီးနှံရိတ်သိမ်းချိန်လွန်နည်းပညာကို လုံးဝ လျစ်လျူရှုပြီးနေခဲ့မယ်ဆိုရင် ဆုံးရှုံးမှုဟာ ၄၀-၆၀ ရာခိုင်နှုန်းထိရှိနိုင်တယ်။ ဆိုးဆိုးရွားရွားအခြေအနေထိဖြစ်ပေါ်ခဲ့လျှင် ၁၀၀ ရာခိုင်နှုန်းထိပင် ဆုံးရှုံးသွားနိုင်တယ်လို့လည်း ဆိုထားပါတယ်။ မြန်မာနိုင်ငံမှာ သီးနှံအမျိုးမျိုး၏ ရိတ်သိမ်းချိန်လွန် နောက်ပိုင်း ပျမ်းမျှ ဆုံးရှုံးမှုဟာ ၄-၄၀ ရာခိုင်နှုန်းထိရှိနိုင်တယ်လို့ သုတေသနရလဒ်က ပြောပါတယ်။ သစ်သီးဝလံ ဟင်းသီးဟင်းရွက်တို့ရဲ့ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုဟာ ၂၅-၄၀ ရာခိုင်နှုန်းထိရှိပြီး၊ စပါးသီးနှံမှာ ၆-၂၁ ရာခိုင်နှုန်း ထိ ပဲမျိုးစုံသီးနှံမှာ ၅-၇ရာခိုင်နှုန်းထိရှိကြောင်းလည်း ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းဗဟိုဌာနရဲ့ သုတေသနရလဒ်က ဆိုထားပါတယ်။

သီးနှံများရဲ့ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများဟာ သီးနှံများ မရိတ်သိမ်းမီနှင့် သီးနှံများရိတ်သိမ်းနေစဉ်အားနည်းချက်များရဲ့ အကျိုးဆက်ကြောင့် ဖြစ်ရတယ်လို့ ဆိုပါတယ်။ သီးနှံများ မရိတ်သိမ်းမီ အားနည်းချက်များကတော့ မသင့်လျော်သော ရေပေးသွင်းနည်း စနစ်များ၊ မြေသြဇာကျွေးနည်းစနစ်များ၊ ပိုးမွှားရောဂါကျရောက်မှုကို ထိရောက်စွာကာကွယ်နှိမ်နင်းမှု မပြုနိုင်ခဲ့ခြင်းများ၊ အပင်ပြုစုစောင့်ရှောက်ထိန်းသိမ်းခြင်း နည်းစနစ်များ မမှန်ကန်မှုများက တရားခံဖြစ်နေပါတယ်။ မြန်မာနိုင်ငံတွင် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ၏ မရိတ်သိမ်းမီ ဆုံးရှုံးမှုမှာ စုစုပေါင်း သီးနှံထုတ်လုပ်ခြင်း၏ ၃-၈ ရာခိုင်နှုန်းရှိသည်ဟု ဆိုပါတယ်။

သီးနှံများရဲ့ ရိတ်သိမ်းနေစဉ် ဆုံးရှုံးမှုများကတော့ သီးနှံများ၏ ရင့်မှည့်ခြင်း မှန်ကန်မှု၊ ရိတ်သိမ်းဆွတ်ခူးချိန် မှန်ကန်မှု၊ ရိတ်သိမ်းဆွတ်ခူးတဲ့ နည်းစနစ်မှန်ကန်မှု၊ ကိုင်တွယ် ထိန်းသိမ်းမှုနည်းစနစ်မှန်ကန်မှုများကို လိုက်နာဆောင်ရွက်ခြင်း မပြုလုပ်နိုင်သည့်အတွက် ဖြစ်ရခြင်းဖြစ်တာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ သီးနှံများ ရိတ်သိမ်းဆွတ်ခူး ထုပ်ပိုးကိုင်တွယ်တဲ့အခါ တုတ်နဲ့ပစ်ချ၊ တံချူနဲ့ခူး၊ လက်နဲ့ဆွတ်ခူး၊ ရရှိတဲ့ သီးနှံများကို ခြင်းတောင်းထဲပစ်ထည့်၊ ကြိုးနဲ့ကျစ်ကျစ်ပါအောင် ပတ်စီး၊ ကားပေါ်ပစ်တင်၊ ခြင်းတောင်းလိုက်ကားပေါ်မှ လှိမ့်ချတဲ့ စနစ်နဲ့ သွားနေတာဟာ ဒီနေ့ထိ လက်မလွှတ်နိုင်ဖြစ်နေပါတယ်။ မည်သို့မျှ သီးနှံအရည်အသွေးများ ကောင်းနိုင်တော့မည်မဟုတ်ပါ။ သစ်သီးဝလံအများစုဟာ ပန်းပွင့်သည့်နေ့မှ ရက် ၁၅၀-၂၀၀ ပြည့်သောနေ့ ကျော်လွန်မှသာ ပြီးပြည့်စုံသော ရင့်မှည့်မှုဖြစ်ပေါ်ပြီး အနံ့မွှေးကြိုင်၊ အရသာချိုမြ၊ အသားနူးညံ့၊ အရည်ရွှမ်း စသည့်အရည်အသွေးကောင်း လက္ခဏာများကို ပေးစွမ်းနိုင်ပါတယ်။ ယခုအခါ သစ်သီးဝလံများကို အဆိုပါရက်ထိ မစောင့်ဆိုင်းတော့ဘဲ စောစောပေါ်၍ ဈေးကောင်းရစေရန် တစ်ခုတည်းကိုသာကြည့်ပြီး စောစောဆွတ်ခူး ဆေးတို့၍ ရောင်းချနေကြပါတယ်။ အရည်အသွေးမမီ၊ အရသာမရှိ၊ အနံ့မမွှေးခြင်းများ ကြုံနေကြရပါတယ်။ သို့အတွက် သီးနှံရိတ်သိမ်းချိန်လွန် နည်းပညာ ဘယ်လောက်အရေးပါသလဲ၊ ဘာကြောင့် လိုအပ်သလဲဆိုတာ ခြုံငုံမိပြီလို့ ထင်ပါတယ်။

သီးနှံရိတ်သိမ်းချိန်လွန်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရန် အဟန့်အတားဖြစ်နေသည့် အကြောင်းအရာအချက်အလက်များကိုကြည့်ရင် (၁) သီးနှံရိတ်သိမ်းချိန်လွန်နည်းပညာ မရှိမှုကြောင့် မိမိသီးနှံများပျက်စီးဆုံးရှုံးမှု ပမာဏ၊ အရည်အသွေးနှင့် တန်ဖိုးကို နက်ရှိုင်းစွာ မသိရှိခြင်း၊ နည်းပညာကြောင့် ရရှိမည့် အကျိုးတရားများကိုလည်း ဂဃနဏ မသိရှိကြခြင်း၊ (၂) ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ပညာရပ်ဆိုင်ရာ ကျယ်ပြန့်စွာ နားလည်မှု အားနည်းခြင်း၊ (၃) ဈေးကွက်သို့ သွားလာရာလမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ မော်တော်ယာဉ်၊ ယာဉ်၊ စက်များနည်းပါးခြင်း၊ (၄) သီးနှံစိုက်ပျိုးထုတ်လုပ်သူနှင့် ရောင်းဝယ်ဖောက်ကားသူများသို့ ရိတ်သိမ်းချိန်လွန်နည်းပညာ တိုးချဲ့ပညာပေးမှု အားနည်းခြင်း၊ (၅)နိုင်ငံတော်နှင့် ပုဂ္ဂလိက ဆက်နွှယ်လုပ်ငန်းရှင်များက နည်းပညာအပေါ် သိရှိနားလည် သဘောပေါက်၍ လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုအားနည်းခြင်း၊ (၆) စိုက်ပျိုးရေးသုံးဓာတု ဆေးများ စနစ်တကျ ကိုင်တွယ်အသုံးပြုခြင်း နည်းပညာဗဟုသုတ နည်းပါးခြင်း၊ (၇) ရိတ်သိမ်းချိန်နည်းပညာနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများ စီမံခန့်ခွဲဆောင်ရွက်မှု အားနည်းခြင်းများ ဖြစ်ပေါ်နေသည်ကို တွေ့ရပါတယ်။

နောက်တစ်ချက်ကတော့ သီးနှံများ စိုက်ခင်းမှသည် ဈေးကွက်သို့ သိုလှောင်ရုံသို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ရောက်ရှိနိုင်ရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင်ဆောင် ရွက်ပေးဖို့၊ သယ်ယူပို့ဆောင်မည့်ယာဉ်များဟာ ကောင်းမွန်ပြီး အအေးခန်းပါသော ယာဉ်များဖြစ်အောင် ဆောင်ရွက်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ငွေကြေးတတ်နိုင်သူများက ထူထောင်သွားကြဖို့ ဖြစ်ပါတယ်။ ထို့အတူ သီးနှံများအရည်အသွေးမပျက် တာရှည်စွာ သိုလှောင်ထားနိုင်ဖို့အတွက်လည်း ခေတ်မီ အအေးခန်းသိုလှောင်ရုံများ တည်ဆောက်သွားကြရမှာဖြစ်ပါတယ်။

သီးနှံရိတ်သိမ်းချိန်လွန် ဝန်ဆောင်မှုစင်တာများ တည်ဆောက်ကြရမဲ့နေရာမှာ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများ မဖြစ်မနေ လိုအပ်လာမည့် မြေနေရာရရှိရေးလုပ်ငန်းခွင့်ပြုချက်ရရှိရေး လျှပ်စစ်မီးရရှိရေးနှင့် အထွေထွေလိုအပ်ချက်များကိုလည်း နိုင်ငံတော်အစိုးရပိုင်းမှ ကူညီပံ့ပိုးဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

သို့ပါ၍ အထက်ဖော်ပြပါ အဟန့်အတားများကို ကြိုးပမ်းကျော်လွှားရင်း မြန်မာနိုင်ငံတွင် သီးနှံရိတ်သိမ်းချိန်လွန် နည်းပညာနှင့် လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါတယ်။

■

# လစဉ် ကျပ်တစ်သိန်းငါးသောင်းကျော်ပေးသွင်းရုံဖြင့် ကိုယ်ပိုင်အိမ်ဆောက်လုပ်နိုင်မည့်ဝန်ဆောင်မှု မိတ်ဆက်

အိမ်ခြံမြေရောင်းဝယ်ဌား ဝက်ဘ်ဆိုက် iMyanmarHouse.com နှင့် Myanmar Art Construction & Development Co.,Ltd.တို့ ပူးပေါင်း၍ လစဉ် ကျပ်တစ်သိန်းငါးသောင်းကျော် ပေးသွင်းရုံဖြင့် ကိုယ်ပိုင်အိမ် ဆောက်လုပ်နိုင်မည့် ဝန်ဆောင်မှုစာနယ်ဇင်း မိတ်ဆက်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က ရန်ကုန်မြို့ ကုန်သည်လမ်းရှိ iMyanmarHouse.com ရုံးတွင် ပြုလုပ်ခဲ့သည်။

"နံပါတ်တစ်က ဈေးကွက်ထဲမှာ တကယ်လိုအပ်တဲ့အချက်ကိုဖြည့်ဆည်းပေးတာဖြစ်ပါတယ်။ နံပါတ်နှစ်အချက်ကတော့ ဒီဝန်ဆောင်မှုကို တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း ရရှိနိုင်အောင်ပါ။ ကျွန်တော်တို့ကို ဆက်သွယ်လိုက်တာနဲ့ ဘယ်စာရွက်စာတမ်းတွေလိုတယ်ဆိုတာ အလွယ်တကူ သိရှိနိုင်မယ်၊ ဒီဇိုင်းကအစ ဆွဲထားပေးထားလို့ အလွယ်တကူ ကောက်ယူသုံးစွဲလို့ရမယ်၊ ဒါမှမဟုတ်လည်း ကိုယ့်စိတ်ကြိုက် ဒီဇိုင်းရှိရင် ဆောက်ပေးမယ့်ကုမ္ပဏီလည်း ရှိတယ်။ ဘဏ်ကို စာရွက်စာတမ်း တင်တာကအစ ဒီမှာတစ်ခါတည်း တင်လို့ရအောင် လုပ်ဆောင်ထားတာ ဖြစ်ပါတယ်"ဟု iMyanmarHouse.com ၏ မန်နေဂျင်း ဒါရိုက်တာဦးနေမင်းသူက ပြောသည်။

ယခု မိတ်ဆက်လိုက်သောစနစ်ဖြင့် အိမ်တည်ဆောက်လိုပါက မြေပိုင်ဆိုင်မှု (ဂရန်မြေ သို့မဟုတ် ဘိုးဘွားပိုင်မြေ)၊ ဝင်ငွေရလမ်း၊ နိုင်ငံသားမှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ကို တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

"အခုလောလောဆယ် KBZ ဘဏ်နဲ့ ဆက်သွယ် ဆောင်ရွက်နေပါတယ်။ ဝင်ငွေရလမ်းပေါ်မူတည်ပြီး ချေးငွေသက်တမ်းကို ဘဏ်က သတ်မှတ်ပေးမှာပါ။ သုံးနှစ်ကနေ ၂၅ နှစ်အထိ သတ်မှတ်ပေးထားပါတယ်။ ဝင်ငွေရလမ်းကိုလည်း ပေါ့ပေါ့ပါးပါးဖြစ်အောင် ဘဏ်က သတ်မှတ်ပေးတာပါ။ စာရွက်စာတမ်း ပြည့်စုံပြီဆို လျှောက်ထားချိန် ရက်သတ္တနှစ်ပတ်ကနေ လေးပတ်ထိ ကြာမြင့်နိုင်ပါတယ်"ဟု Myanmar Art Construction & Development Co., Ltd.၏မန်နေဂျင်း ဒါရိုက်တာ ဦးကျော်စွာဟိန်းက ဆိုသည်။

စီးပွားရေးလုပ်ငန်း တိုးချဲ့လိုသော လုပ်ငန်းရှင်များအတွက်လည်း ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ အဆောင်၊ ကွန်ဒို၊ စာသင်ကျောင်း၊ စားသောက်ဆိုင်၊ ခေတ်ဆီဆိုင်၊ ဆေးရုံ၊ ဂိုဒေါင် စသည့် မည်သည့်အဆောက်အအုံကို မဆို ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**သန်းထိုက်အောင်**

# မြန်မာနိုင်ငံတွင် အမှိုက်ခွဲခြား စွန့်ပစ်မှုစနစ် အားနည်းနေ

နိုင်ငံတကာတွင် အမှိုက်စို၊ အမှိုက်ခြောက်နှင့် ပြန်လည် အသုံးပြုလိုရသည့် အမှိုက်များကို ခွဲခြားစွန့်ပစ်နေကြသော်လည်း မြန်မာနိုင်ငံတွင် အမှိုက်ခွဲခြားစွန့်ပစ်မှုစနစ်မှာ အားနည်းနေဆဲဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်မော်က ပြောသည်။

ယင်းကဲ့သို့ အမှိုက်ခွဲခြားစွန့်ပစ်မှု အားနည်းနေရခြင်းမှာ ပြည်သူများဘက်က လိုက်နာမှုအားနည်းသလို ဥပဒေအရ ထိန်းသိမ်းမှုပိုင်း၌လည်း အားနည်းနေသေးသောကြောင့်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီး၏ အမှိုက်စွန့်ပစ်မှုများမှာ အမှိုက်စို၊ အမှိုက်ခြောက်နှင့် ပြန်လည်အသုံးပြုလို့ရသည့် အမှိုက်များကို ခွဲခြားပစ်နိုင်ရန်အတွက် ပညာပေးအစီအစဉ်များ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး အမှိုက်ခွဲခြားစွန့်ပစ်မှု အလေ့အထများ ရရှိအောင်လည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့၏ စွန့်ပစ်အမှိုက်ပြဿနာများကို ဖြေရှင်းနိုင်ရန် ဒို့အိမ်အနေဖြင့် လမ်း (၄) လမ်းကို ရွေးချယ်၍ အမှိုက်ကင်းစင် ပရောဂျက်ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအနေနှင့်လည်း လိုအပ်သည့် လူအင်အား၊ ပစ္စည်းကိရိယာများနှင့် အမှိုက်သိမ်းမော်တော်ယာဉ်များကို ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# သဘာဝမြစ်ငါးတန်ကို သားဖောက်၍ ပြည်ပနိုင်ငံများသို့ တင်ပို့သွားမည်

ပြည်တွင်းရှိ သဘာဝမျိုးရင်းဖြစ်သည့် မြစ်ငါးတန်ကို သားဖောက်မွေးမြူ၍ တရုတ်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"မြစ်ငါးတန်ကို သားဖောက်သွားမှာဖြစ်သလို နောက်ထပ် ဗီယက်နမ် ငါးတန်တောင်ရှည်ဆိုတာ တစ်မျိုးရှိပါသေးတယ်။ အဲဒါကို ကန်တော်ကြီးငါးပြတိုက် ဖျက်သိမ်းလိုက်တဲ့အချိန်မှာ ငါးလုပ်ငန်းဦးစီးဌာနကို လွှဲပေးလို့ရတာပါ။ အဲဒီနှစ်မျိုးကို သီးသန့်ထားပြီးတော့ ဖောက်မှာပါ။ သားဖောက်လို့ရလာရင် အဲဒါတွေကို ဒေသတွင်းမျိုးရင်းအနေနဲ့ ဆက်မွေးသွားပြီး မျိုးရင်းအဖြစ် သားဖောက်နိုင်ပြီဆိုရင် လက်ရှိစခန်းမှာရှိနေတဲ့ ငါးတန်တွေကို အကုန်ရှင်းထုတ်ပစ်မှာပါ"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၏ ၁၆ ကြိမ်မြောက် သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ဒုတိုင်းဦးစီးမှူး ဦးလှဌေးက ပြောသည်။

ငါးတန် သားဖောက်မှုအတွက် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် တွံတေးမှ သားဖောက်ရရှိသည့် အကောင် ၂၀ ခန့်ကို လှော်ကားသားဖောက်စခန်းသို့ ပြောင်းရွှေ့သယ်ယူထားပြီး စမ်းသပ်သားဖောက်မှုများ ပြုလုပ်နေကြောင်း၊ လက်ရှိတွင်လည်း မြစ်ငါးတန်နှင့် ဗီယက်နမ် ငါးတန်တောင်ရှည်ကို ဒေသမျိုးငါးအဖြစ် မွေးမြူနိုင်စေရန် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်တကွ တာဝန်ရှိသူများထံ တင်ပြထားကြောင်း သိရသည်။

လက်ရှိပြည်တွင်း၌ မွေးမြူထုတ်လုပ်နေသည့် ငါးတန်မျိုးစိတ်များသည် Hypopthalmus နှင့် Bocourti တို့ ပေါင်းစပ်နေသည့်အတွက် မျိုးစိတ်ကွဲခြားသတ်မှတ်ရန် အခက်အခဲရှိနေကြောင်း၊ ယင်းအတွက်ကြောင့် တရုတ်နိုင်ငံသို့ ငါးတန်တင်ပို့ရာတွင် မျိုးစိတ် အမည်ထောက်ခံပေးရန် ပြဿနာရှိနေကြောင်း သိရသည်။

မြန်မာ့ ရေထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်အတွင်း ကွန်တိန်နာတစ်လုံး စမ်းသပ်တင်ပို့ရာ တရုတ်နိုင်ငံ၏ ဝက်ဘ်ဆိုဒ်၌ မှတ်ပုံတင်ထားခြင်းမရှိသည့်အတွက် နားလည်မှုဖြင့်သာ တင်ပို့ခဲ့ရကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။**ချောစု**

# ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး ဆိုင်ရာ သဘောတူလက်မှတ်ရေးထိုး

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ မြန်မာ-စင်ကာပူ သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့သည့် သတ္တမအကြိမ် မြန်မာ-စင်ကာပူဝန်ကြီးအဆင့်ပူးတွဲလုပ်ငန်းကော်မတီ အစည်းအဝေးကို စက်တင်ဘာ ၂၄ ရက်က ရန်ကုန်မြို့ရှိ Melia Yangon Hotel ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် စင်ကာပူကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Chan Chun Shing တို့ ဦးဆောင်ပြီး ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် အစားအသောက်ကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ဥပဒေအကြံပေး ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာ-စင်ကာပူ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ပြီး သဘောတူစာချုပ်အရ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအနက် ၂၅ ရာခိုင်နှုန်းကျော်သည် စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံခန့်ရှိကာ စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်မှုမိတ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား နှစ်နိုင်ငံစီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းလာစေရန်အတွက် မြန်မာ-စင်ကာပူ ဝန်ကြီးအဆင့် ပူးတွဲလုပ်ငန်းကော်မတီကို ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ **သန်းထိုက်အောင်**

# စက်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာပြပွဲ ပြုလုပ်မည်

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းကဏ္ဍလေးခုကို ပေါင်းစည်း၍ စက်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ပြပွဲကို အောက်တိုဘာ ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ Myanmar Expo တွင် ပြုလုပ်မည် ဖြစ်ကြောင်း စက်တင်ဘာ ၂၄ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ပြပွဲအတွင်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာနေသော ဆောက်လုပ်ရေး လုပ်ငန်းနှင့် စွမ်းအင်အသုံးပြုမှုကိုထောက်ပံ့ပေးနိုင်ရန် Construction, Power &Mining Myanmar 2019၊ စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်လုပ်ငန်းများအတွက် Renewable Energy Myanmar 2019၊ နိုင်ငံတကာ အင်ဂျင်နီယာလုပ်ငန်း၊ စက်ပစ္စည်းကိရိယာများနှင့် သတ္တုတူးဖော်ခြင်းဆိုင်ရာပြပွဲဖြစ်သော MTA Myanmar 2019 တို့နှင့် အတူ Subcon Myanmar 2019 ကို ပူးပေါင်းပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"ဗျူဟာမြောက် တည်နေရာအနေအထား၊ ပေါများတဲ့ သဘာဝအရင်း အမြစ်တွေနဲ့ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းတွေကြောင့် အခုချိန်မှာ ကမ္ဘာအနှံ့က ရင်းနှီးမြှုပ်နှံသူတွေဟာ မြန်မာနိုင်ငံကို အထူးပဲမျက်စိကျနေကြပါတယ်။ တိုးတက်လာနေတဲ့ နိုင်ငံတကာ ဝယ်လိုအားနဲ့ ပြည်သူ သန်း ၅၀ ကျော်တို့အတွက် နိုင်ငံတွင်းကစီးပွားရေးလုပ်ငန်းတွေဟာ ပိုမိုတိုးချဲ့လာဖို့လိုပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်မတို့ဆက်လက်တိုးတက်လာစေဖို့အတွက် နည်းပညာနဲ့ ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်လိုပါတယ်"ဟု ယခုပြပွဲကိုစီစဉ်သည့် Informa Markets ၏ Event Director ဒေါ် ငြိမ်းငြိမ်းအေးက ပြောသည်။

ပြပွဲတွင် တရုတ်၊ ကိုရီးယား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်ဝမ်နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းတွဲ ခြောက်ခုအပါအဝင် ပြခန်းပေါင်း ၁၀၀ ကျော်ပြသမည်ဖြစ်ပြီး စက်မှုလုပ်ငန်းသုံး စက်ယန္တရားများ၊ ကိုယ်စားလှယ်လွှဲအပ်လုပ်ကိုင်ခြင်း၊ အဆောက်အအုံနှင့် ဆောက်လုပ်ရေး၊ သတ္တုတူးဖော်ရေး၊ စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်အပါအဝင် လုပ်ငန်းကဏ္ဍအမျိုးမျိုးအတွက် အကောင်းဆုံး နည်းပညာနှင့်စက်ပစ္စည်း ကိရိယာများကို ပြသမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ပခုက္ကူမြို့မဈေးတွင် ရွှေဆေးအမှတ်တံဆိပ် ရောင်းချခြင်း ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေး

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဝင်း၏ လမ်းညွှန်မှုဖြင့် ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်မွန်မွန်စိုး ဦးဆောင်၍ ဝန်ထမ်းများအဖွဲ့သည် စက်တင်ဘာ ၁၈ ရက်တွင် မိတ်ဖက်ဌာနဆိုင်ရာများဖြစ်သော အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဈေးတာဝန်ခံအဖွဲ့တို့နှင့် ပူးပေါင်း၍ ပခုက္ကူမြို့၊ မြို့မဈေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တားမြစ်ထားသော 'ရွှေဆေး' အမှတ်တံဆိပ် အဆစ်အမြစ်အကိုက်အခဲပျောက်ဆေး ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ပူးပေါင်းအဖွဲ့သည် မြို့မဈေးအတွင်းရှိတိုင်းရင်းဆေး ရောင်းချလျက်ရှိသော ဝါဇီကရဏ၊ ကံမချမ်းစိမ့်၊ အောင်သပြေ၊ ဦးမိုးကျော်၊ စိန်ကမ္ဘာ၊ ဦးသောင်းရွှေစသည့်ဆေးဆိုင်များတွင် သက်ဆိုင်ရာမိတ်ဖက်ဌာနများဖြင့် ဝင်ရောက်စစ်ဆေးခဲ့ရာ ရောင်းချခြင်းမရှိသည်ကို တွေ့ရသည်။ ၎င်း ရွှေဆေးအမှတ်တံဆိပ် အဆစ်အမြစ် အကိုက်အခဲပျောက်ဆေးသည် အနောက် တိုင်းဆေးရောနှောပြီး တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်သဖြင့် စစ်မှန် စွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဩဂုတ် ၅ ရက်ထုတ်ကြေးမုံသတင်းစာတွင် အသိပေး ကြေညာထားသည်။

ဆက်လက်၍ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်မွန်မွန်စိုးက မိမိတို့ဌာနသည် 'ရွှေဆေး' အမှတ်တံဆိပ် အဆစ်အမြစ်အကိုက်အခဲပျောက်ဆေးကို ဈေးကွက်အတွင်း ရောင်းချမှု ရှိ/မရှိ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဈေးကွက်စောင့်ကြည့်စစ်ဆေးရန် ညွှန်ကြားလာမှုကြောင့် ဝင်ရောက် စစ်ဆေးရခြင်းဖြစ်ကြောင်း၊ သတင်းစာမှ တရားဝင် သုံးစွဲရန်မသင့်ကြေညာထားသော တိုင်းရင်းဆေးဝါးများကို မရောင်းချရန်လိုအပ်ကြောင်း၊ သက်တမ်းလွန်နေသော တိုင်းရင်းဆေးများကိုလည်း မရောင်းချရန် လိုအပ်ကြောင်း၊ စားသုံးသူကာကွယ်ရေး ဥပဒေသစ်ပါ အခန်း(၁၈)တွင် ပြဋ္ဌာန်းထားသော ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြထားသည့် တိုင်းရင်းဆေးများကိုသာ ရောင်းချစေလိုကြောင်း၊ ၎င်း 'ရွှေဆေး'အမှတ်တံဆိပ်ကို ဈေးကွက်အတွင်း ဆက်လက်ရောင်းချနေသည်ကို တွေ့ရှိရပါက သက်ဆိုင်ရာဌာနများပါဝင်သော ပူးပေါင်းအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သိမ်းဆည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **သူဇာကျော်(ပခုက္ကူ)**

# အောင်မြေသာစံမြို့နယ် ညောင်ပင်ဈေးတွင် အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စားသုံးသူများအား အသိပညာပေး ဟောပြောခြင်းနှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ စက်တင်ဘာ ၂၅ ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ပင်ဈေးသို့ စားသုံးသူ ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်မြင့်မာလာဝင်းက စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ပါ စားသုံးသူ ကာကွယ်ရေး၏ လုပ်ငန်း စဉ်များအကြောင်း၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်နှင့် ဝန် ဆောင်မှုများ ရယူသုံးစွဲနိုင်ရေး၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်၏ တားမြစ်ချက်များ လိုက်နာမှုမရှိပါက ချမှတ်နိုင်သည့် စီမံခန့်ခွဲရေး ပြစ်ဒဏ်၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ ကုန်ပစ္စည်းများပေါ်၌ ကုန်အညွှန်းအမှတ်အသားများ မဖြစ်မနေ ဖော်ပြရမည်မှာ ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်မှစ၍ တစ်နှစ်ပြည့်မြောက်သည့်နေ့ ၂၀၂၀ ပြည့်နှစ် မတ် ၁၅ ရက် နောက်ပိုင်း ကုန်ပစ္စည်းများပေါ်၌ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည်ဖြစ်ကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးကိုကိုဝင်းက ဟင်းသီးဟင်းရွက်များ ချက်ပြုတ် စားသောက်ရာတွင် အန္တရာယ်ကင်းစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။ ဈေးအတွင်းသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းပါဝင်သော အဖွဲ့ဖြင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိ၊ မရှိနှင့် စားသုံးရန်မသင့် ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **သီတာဝင်း (စားသုံးသူ - မန္တလေး)**



# သာကေတစက်မှုဇုန်၌ စားသုံးသူကာကွယ်ရေး ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြော

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၁၉ ရက်တွင် သာကေတမြို့နယ်အတွင်းရှိ သာကေတစက်မှုဇုန်သို့သွားရောက်၍ စီးပွားရေးလုပ်ငန်းရှင်များအား စက်မှုဇုန်အစည်းအဝေးခန်းမတွင် တွေ့ဆုံပြီး ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေးနှင့် စားသုံးသူ ကာကွယ်ရေးဥပဒေဆိုင်ရာ အကြောင်းအရာများအား ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်နွယ်ဇင်ဝင်းက ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်တွင် (ပြည်ထောင်စုလွှတ်တော်အမှတ်-၉) အရ ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေရှိ စားသုံးသူကာကွယ်ရေး၊ စားသုံးသူ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ စားသုံးသူတို့ရရှိနိုင်သည့် အခွင့်အရေးနှင့် လုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်းတွင် ပါဝင်စေရမည့်အချက်အလက်များ၊ ကုန်စည်နှင့် စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေးစသည့်ဥပဒေပါ အကြောင်းအရာများကို ရှင်းလင်း ဆွေးနွေး ခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးစိုးတင့်က စားသုံးသူကာကွယ်ရေးဥပဒေ၏ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များသည် ဤဥပဒေကိုထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့မှ စတင်အာဏာတည်စေမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခန်း(၁၈) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ)နှင့် (ဆ) ပါကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်းနှင့် ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးသို့မဟုတ် ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်တို့အား ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်ဖြစ်ပြီး ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ အကြောင်းအရာတို့ကို ဟောပြော ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူ လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့သည်။ **တင်မင်း(ရန်ကုန်)**

# အလုပ်ရုံဆွေးနွေးပွဲ အတွေ့အကြုံ ဆင့်ပွားသင်တန်းကျင်းပ

စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများ ပိုမို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ဝန်ထမ်းများအနေဖြင့် ၂၀၁၉ ခုနှစ်၊ စားသုံးသူ ကာကွယ်ရေးဥပဒေသစ်အား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးနှင့် စစ်ဆေးရေးမှူးများ၏ လုပ်ဆောင်ရမည့် အချက်အလက်များ၊ လုပ်ငန်းတာဝန်များအား သိရှိစေရန် ရည်ရွယ်၍ စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်)၌ ဩဂုတ် ၂၅ ရက်မှ ၃၀ ရက်အထိ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့မှုအပေါ် ပြန်လည်ဆင့်ပွားသင်တန်းပို့ချခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အတွေ့အကြုံ ပြန်လည်ရှင်းလင်းခြင်း ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဦးစီးမှူး၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

စစ်ဆေးရေးအရာရှိများ၏ အလုပ်ရုံဆွေးနွေးပွဲ အတွေ့အကြုံ ပြန်လည်ရှင်းလင်းခြင်း ဆင့်ပွားသင်တန်းတွင် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက အဖွင့်အမှာ စကားပြောကြားပြီး စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဦးတင်ထွေးက ဥပဒေ၏ ရည်ရွယ်ချက်များ၊ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းတို့အား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲတာဝန်ခံ ဒေါ်ညွန့်ညွန့်စိန်က စစ်ဆေးရေး အရာရှိများ၏ လုပ်ငန်းတာဝန်များနှင့် စားသုံးသူ ကာကွယ်ရေးဆောင်ရွက်မည့် လုပ်ငန်းရပ်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်အေးအေးမိုးက အလုပ်ရုံဆွေးနွေးပွဲတွင် ငါးရက်ကြာဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ခြုံငုံဆွေးနွေးခဲ့သည်။ **စန္ဒာစိုးလွင်(မကွေး)**

# သာစည်မြို့နယ် ညောင်တိုမူလတန်းလွန်ကျောင်းတွင် စားသုံးသူကာကွယ်ပေးရေး ဟောပြောပွဲကျင်းပ

မိတ္ထီလာခရိုင် သာစည်မြို့နယ် ညောင်တိုမူ/လွန်ကျောင်း၌ စက်တင်ဘာ ၁၉ ရက်တွင် စားသုံးသူကာကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပရာ စားသုံးသူရေးရာဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောင်းသား/ကျောင်းသူ အပါအဝင် လူအင်အား ၂၄၀ တက်ရောက်ခဲ့သည်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းအရာများ၊ စားသုံးသူတို့ အလေးထားလေ့လာရမည့် ဥပဒေအခန်းများ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ ခွင့်မပြုဓာတုဆိုးဆေးနှင့် ပြည့်ဝဆီများအကြောင်း၊ လုံခြုံစိတ်ချမှုမရှိသော အစားအစာများ၊ စားသုံးသူများနစ်နာဆုံးရှုံးမှုရှိပါက ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဖြစ်သည့် စားသုံးသူသတင်းပြန်ကြားရေးနှင့်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) သို့ စာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်းတိုင်ကြားနိုင်ကြောင်း၊ တိုင်ကြားရာတွင် စားသုံးသူတို့ဘက်က လိုအပ်သည့် အချက်အလက်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

**ဖြူဖြူထွန်း (ထီလာ)**

# စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

စားသုံးသူရေးရာ ဦးစီးဌာန မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် စက်တင်ဘာ ၁၇ ရက်တွင် မလှိုင်မြို့နယ် တည်ကြီးတောကျေးရွာနှင့် တည်ကြီးတော အလကတွင် စားသုံးသူကာကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မလှိုင်မြို့နယ်တာဝန်ခံ ဦးရဲမြင့်ဆန်းက ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သော စားသုံးသူကာကွယ်ရေး ဥပဒေအကြောင်း၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိ၍ အာမခံချက်ရှိသည့် အရည်အသွေးမီသော စားသောက်ကုန်ပစ္စည်းများ သုံးစွဲနိုင်ရေးအတွက် အခန်း(၁၈) တွင် ပါဝင်သည့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် ပတ်သက်၍ မဖြစ် မနေဖော်ပြရမည့် သတ်မှတ်ချက်များ၊ စားသုံးသူများသိသင့်သည့်ကုန်စည်နှင့်ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ၏ အဓိပ္ပာယ်၊ အခွင့်အရေး၊ တာဝန်များအကြောင်း အကျယ်တဝင့်ဟောပြောပြီး ဓာတုဆိုးဆေးအန္တရာယ်၊ မှည့်ဆေး၊ ယင်မနားဆေး၊ တာရှည်ခံဆေး၊ ပိုးသတ်ဆေးအန္တရာယ်၊ ပြည့်ဝဆီစားသုံးခြင်းဖြင့် ရရှိလာမည့် ဘေးထွက်ဆိုးကျိုးများအကြောင်းတို့ကို ကျေးရွာရှိ ရပ်မိ/ရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ သိရှိနားလည်နိုင်ရန် အသေးစိတ်ဟောပြောဆွေးနွေးခဲ့ပြီး စားသုံးသူအတွက် နစ်နာမှုများ ရှိလာပါက စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) သို့ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လာရောက်တိုင်ကြားနိုင်ကြောင်း ပြောကြားခဲ့ပြီး ဟောပြောဆွေးနွေးပွဲသို့ ကျောင်းသား/ကျောင်းသူ ၁၆၀ နှင့် ကျေးရွာသူ/ကျေးရွာသား ၉၈ ဦး တက်ရောက်ခဲ့သည်။

**မူမူသန်း (မိတ္ထီလာ)**



# ဖျာပုံမြို့ပေါ်ရှိ တိုင်းရင်းဆေး အရောင်းဆိုင်များအား ရှောင်တခင်စစ်ဆေး

ဖျာပုံခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနက ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေး၊ စည်ပင်နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ လိုက်ပါ၍ စက်တင် ဘာ ၂၀ ရက်တွင် ဖျာပုံမြို့ပေါ်ရှိတိုင်းရင်းဆေးအရောင်းဆိုင်များအား ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

တိုင်းရင်းဆေး အရောင်းဆိုင်များတွင် သစ္စာရှင် အမှတ်တံဆိပ်နှင့် ရွှေဆေးအမှတ်တံဆိပ် အဆစ်အမြစ်အကိုက်အခဲပျောက်ဆေးများ မရောင်းချရန်နှင့် ထိုဆေးသည် အနောက်တိုင်းဆေးများရောနှောထားပြီး မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများဖြစ်ကြောင်း၊ အများပြည်သူများသိစေရန် နိုင်ငံပိုင်သတင်းစာများတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ထုတ် ပြန်ထားကြောင်း၊ ယခုဈေးကွက်အတွင်း ဆက်လက်ဖြန့်ဖြူး ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးရာတွင် တွေ့ရှိပါက သိမ်းဆည်းမည်ဖြစ်ပြီး လိုက်နာမှုမရှိပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆေးများထားသိုရာတွင်လည်း အပူ၊ အအေးမျှတပြီး စနစ်တကျထားရှိရန်၊ သက်တမ်းလွန်ဆေးဝါးများနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမရောင်းချရန် ဆိုင်ရှင်များအား အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် စားသုံးသူအငြင်း ပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃၁)ကြိမ်မြောက် (၈/၂၀၁၉) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၅ ရက်တွင် ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌရုံး ခန်းမ၌ကျင်းပရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဝေသုံက စားသုံးသူရေးရာကိစ္စများနှင့် ပတ်သက်၍ ဝိုင်းဝန်းကူညီဖြေရှင်းကြရန်၊ ဖြေရှင်းမည်ဆိုပါက စားသုံးသူရေးရာဦးစီးဌာနတစ်ခုတည်း မဖြေရှင်းဘဲ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့များနှင့် ပူးပေါင်းဖြေရှင်းကြရန်၊ ပြည်သူနှင့် ဝန်ထမ်းသည် တစ်သားတည်းဖြစ်ကြောင်း သိရှိနားလည် သဘောပေါက်လာစေရန် ဖြည်းဖြည်းချင်း ကျင့်ယူရမည်ဖြစ်၍ ဝန်ထမ်းများအနေဖြင့် စားသုံးသူရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ လိမ္မာပါးနပ်ရန်၊ ကိုယ်ချင်းစာစိတ်ရှိရန်၊ စိတ်ဓာတ်ကောင်းမွန်စွာဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ဦးသန်းပိုက(၃၀)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ စက်တင်ဘာလအတွင်း စာသင်ကျောင်းများ၊ ကျေးရွာများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ၊ ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်း၊ SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသိပညာပေးဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ထီးချိုင့်မြို့နယ် တိုင်ကြားသူနှင့် အငှားဝယ် အရစ်ကျချေးငွေစနစ်ဖြင့် ရောင်းချခဲ့သော MCBb ဘဏ်နှင့် GBSကုမ္ပဏီတို့တွေ့ဆုံ ညှိနှိုင်းခဲ့ပြီး လုပ်ငန်းစဉ်ငါးရပ်ကို ဆုံးဖြတ်ခဲ့သည်။

**လှလှခိုင်(ကသာ)**

# ဘားအံမြို့နယ်ရှိ အထကနှင့် အထက (ခွဲ) ကျောင်းများတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော၊ ကျောင်းမုန့်ဈေးတန်းများ စစ်ဆေး

ကရင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဘားအံမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းသုံးကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှစ်ကျောင်း၊ စုစုပေါင်းကျောင်းငါးကျောင်းတွင် ကျောင်းကျန်းမာရေးကော်မတီဝင်များအဖွဲ့နှင့် အတူပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်တွင် အထက(ခွဲ) မိသရောင်တွင်လည်းကောင်း၊ စက်တင်ဘာ ၁၇ ရက်တွင် အထက(ခွဲ) (ရွှေတော)တွင်လည်းကောင်း၊ စက်တင်ဘာ ၁၈ရက်တွင် အထက (ကော့ရင်း)တွင်လည်းကောင်း၊ စက်တင်ဘာ ၁၉ ရက်တွင် အထက (နောင်ပလိန်)တွင် လည်းကောင်းနှင့် စက်တင်ဘာ ၂၀ ရက်တွင် အထက (ဝဲကြီး)တို့တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခြင်းနှင့် ကျောင်းမုန့်ဈေးတန်းရှိ မုန့်ဆိုင်များကို စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ကျောင်းကျန်းမာရေးကော်မတီမှ ကျောင်းကျန်းမာရေးအဖွဲ့ တာဝန်ခံ သွားဘက်ဆိုင်ရာ ဒေါက်တာအောင်ကိုကိုက သွားကျန်းမာရေးဆိုင်ရာအသိ ပညာပေး ဟောပြောခြင်း၊ ပြည်နယ်ကျန်းမာရေးမှ သူနာပြုဒေါ်အေးလှိုင်ဌေးက ရာသီတုပ်ကွေး၊ သွေးလွန်တုပ်ကွေးရောဂါများကာကွယ်ရေးနှင့် သံဓာတ်ပြည့်ဝစေရေး အသိပညာပေး ဟောပြောခြင်း၊ စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများက စားသုံးသူကာကွယ် ရေးအသိပညာပေးခေါင်းစဉ်ဖြင့် ဟောပြောခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများက စားသုံးရန်မသင့်သော အစားအသောက်များ၊ ဆိုးဆေးအန္တရာယ်များ အကြောင်းအား အသိပညာပေး ဟောပြောခဲ့သည်။

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဟောပြောသူများမှာ ဦးစီးအရာရှိဒေါ်ချစ်ဆုဝေ၊ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ အကြီးတန်းစာရေးဒေါ်ခင်ကြည်၊ အကြီးတန်းစာရေးဒေါ်စုနွေးသီရိမောင်နှင့် ကရင်ဘာသာစကားဖြင့်ဟောပြောသူ အကြီးတန်းစာရေးဒေါ်နန်းခင်ဇာဖြူ၊ အကြီးတန်းစာရေးဒေါ်နန်းပွင့်စန်းစန်းတို့က ဟောပြောခဲ့သည်။

ထို့ပြင် ကျောင်းကျန်းမာရေးကော်မတီဝင်များအဖွဲ့သည် ကျောင်းတွင်းရောင်းချလျက်ရှိသည့် ဈေးသည်များ၏ တစ်ကိုယ်ရေသန့်ရှင်းမှုရှိ/မရှိ၊ ကျောင်းမုန့်ဈေးတန်းများစစ်ဆေးခြင်း၊ ရောင်းချသည့်မုန့်များ သန့်ရှင်းလတ်ဆတ်မှု ရှိ/မရှိစစ်ဆေးခြင်း၊ စားသုံးရန်မသင့်သည့်မုန့်များ မရောင်းချရေး၊ ဈေးသည်များအား အသိပညာပေးခြင်း၊ ကောင်းမွန်သောပတ်ဝန်းကျင်ဖြစ်စေရေးလိုအပ်သည်များကို သက်ဆိုင်ရာကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများနှင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ကြည် (ကရင်ပြည်နယ်)**

## ဆေးတက္ကသိုလ်(၁) ရန်ကုန် နောက်ဆုံးနှစ် ကျောင်းသား/သူများ ကွင်းဆင်းလေ့လာ

စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ယင်းမာပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့နှင့် DOCA ဝန်ထမ်းများ ဦးဆောင်၍ စက်တင်ဘာ ၂၆ ရက်တွင် ယင်းမာပင်မြို့မဈေးအတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာ၊ ရဲတပ်ဖွဲ့၊ ကျန်းမာရေးတို့နှင့်ပူးပေါင်းပြီး ဆေးတက္ကသိုလ်(၁) ရန်ကုန် နောက်ဆုံးနှစ်အပိုင်း(က) သင်တန်း (၆/၂၀၁၉) ကျောင်းသား/သူ ၁၄ ဦးအား ဈေးကွက်အတွင်း ကုန်စည် နှင့် ဝန်ဆောင်မှုများ၏ သက်တမ်းလွန်၊ FDA အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ကြေညာထားသော ကုန်ပစ္စည်းများ မျက်မြင် အရောင်ဆေးဆိုး၊ မှိုတက်များ စားသုံးသူအတွက် လုံခြုံ စိတ်ချ ရမှုရှိစေရန် ဈေးကွက်အတွင်း စံမမီရောင်းချမှုများ ပပျောက်စေရေး၊ ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးလေ့လာခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ ခန်းမတွင် ကျောင်းသား/သူများအား စည်ပင်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဗိုလ်မြင့်က စည်ပင်ကော်မတီဖွဲ့စည်းပုံနှင့် စည်ပင်ဥပဒေအကြောင်း၊ စည်ပင်အမှုဆောင်အရာရှိ ဒေါ်အမာဆွေက စည်ပင်သာယာရေးကော်မတီ လုပ်ငန်းတာဝန် ၃၈ ချက်အကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့က ဦးစီးဌာန၏ လုပ်ငန်း ဆောင်ရွက်မှုများ ၁/၂၀၁၉ ခုနှစ် မတ် ၁၅ ရက် ထုတ်ပြန်ထားသော စားသုံးသူကာကွယ်ပေးရေးဥပဒေအကြောင်းများကို ဆွေးနွေးပြောကြားပြီး ဌာန၏လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း (ယင်းမာပင်)**

## အခြေခံပညာကျောင်းများတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးခြင်းနှင့် မုန့်ဈေးဆိုင်များ စစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ ရပ်ကွက်များအတွင်းရှိ အမှတ်(၃)နှင့် (၅) အခြေခံပညာကျောင်းများတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး ကျိုင်းတုံမှ ဝန်ထမ်းများက စားသုံးသူကာကွယ်ရေးအသိပညာပေးခြင်းနှင့် ကျောင်းမုန့်ဈေးဆိုင်များ စစ်ဆေးခြင်းအား သက်ဆိုင်ရာ ကျောင်းကျန်းမာရေးအဖွဲ့နှင့် ဆောင်ရွက်ခဲ့သည်။

စက်တင်ဘာ ၂၄ ရက်တွင် ဦးစီးအရာရှိ ဦးမြင့်ကြည် ဦးဆောင်သည့်အဖွဲ့က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ စားသုံးသူကာကွယ်ရေး အသိပညာပေးခြင်းဆောင်ရွက်ခဲ့ရာ ဆရာ/ဆရာမ ၁၅ ဦး ကျောင်းသား/သူ ၄၁၅ ဦး တက်ရောက်ခဲ့ပြီး စားသုံးသူအခွင့်အရေးများ၊ တာဝန်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် စားသုံးသူများက တောင်းဆိုနိုင်သည့် အခြေအနေများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် သတိပြုရမည့် အချက်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ စက်တင်ဘာ ၂၅ ရက်တွင် အမှတ်(၅) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဒုဦးစီးမှူး ဦးအောင်လင်းဦး ဦးဆောင်သည့်အဖွဲ့က စားသုံးသူကာကွယ်ရေးအသိပညာပေး ဆောင်ရွက်ခြင်းနှင့် ကျောင်းမုန့်ဈေးဆိုင်များအတွင်း ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် စားသောက်ကုန်များ ရောင်းချမှုရှိမရှိစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**မိုးထက်နိုင် (ကျိုင်းတုံ)**

## မိုးကုတ်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စက်တင်ဘာ ၂၄ ရက်တွင် မိုးကုတ်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း နယ်လှည့်စာကြည့်တိုက် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးက ကျောင်းသား /ကျောင်းသူများအား စာအုပ်စာပေများအား လေ့လာဖတ်ရှုကြရန်၊ မိမိတို့ ဖတ်လိုသည့် စာအုပ်များအား စာကြည့်တိုက်သို့ လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်းနှင့် စာအုပ်စာပေများနှင့် ပတ်သက်ပြီး အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာန၊ မိုးကုတ်မြို့နယ်တာဝန်ခံက ပြောကြားရာတွင် စားသုံးသူကာကွယ်ပေးရေး ဥပဒေ၏ ရည်ရွယ်ချက်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အခွင့်အရေးများ၊ တာဝန်များ၊ တားမြစ်ချက်များ၊ ဝန်ဆောင်မှုအမျိုးမျိုး၊ စားသုံးရန် မသင့်သည့် အစားအသောက်များ၊ ဘေးကင်းလုံခြုံစိတ်ချရသော အစားအသောက်များအား ရွေးချယ်ဝယ်ယူစားသောက်တတ်စေရန်နှင့် စားသုံးရန် မသင့်သည့် အစားအသောက်များအား အသေးစိတ်ရှင်းလင်းဆွေးနွေး ဟောပြောခဲ့သည်။ ဟောပြောဆွေးနွေးပွဲတွင် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ စုစုပေါင်း အင်အား ၂၅၀ တက်ရောက်ခဲ့သည်။

**နှင်းလဲ့လဲ့ (ကျောက်ဆည်)**

## ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းနှင့် ဈေးကွက်နမူနာ ကောက်ယူ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့မဈေး၌ အလှကုန်နှင့် စားသောက်ကုန်ပစ္စည်းများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဈေးကွက်နမူနာကောက်ယူခြင်းကို စက်တင်ဘာ ၂၄ ရက်တွင် ဆောင်ရွက်ခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၊ FDA ၊ ကျန်းမာရေး၊ စည်ပင်သာယာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ဈေးကွက်စောင့်ကြည့် စစ်ဆေးရာတွင် FDA က တားမြစ်ထားသည့် ပြည်ပနိုင်ငံထုတ် အလှကုန်သုံးမျိုး၊ ပြည်တွင်းထုတ် အလှကုန် တစ်မျိုး၊ ပြည်တွင်းထုတ်စားသောက်ကုန်နှစ်မျိုး တွေ့ရှိခဲ့ဖြင့် FDA ဥပဒေအရ သိမ်းဆည်းအရေးယူဆောင်ရွက်ခဲ့သည်။ အလှကုန်ပစ္စည်းရောင်းချသူများအား သက်ဆိုင်ရာဌာန၏ ထောက်ခံချက်ပါဝင်သည့် အလှကုန်ပစ္စည်းများကို ရွေးချယ်ဝယ်ယူရောင်းချကြရန်၊ သက်တမ်းလွန် အလှကုန်ပစ္စည်းများရောင်းချခြင်း မပြုရန်နှင့် စားသောက်ကုန်ပစ္စည်းရောင်းချသူများအား ကုန်ညွှန်းအမှတ်အသား ပြည့်စုံစွာပါရှိသည့် ကုန်စည်များရွေးချယ်ဝယ်ယူရောင်းချကြရန်၊ သက်တမ်းလွန် စားသောက်ကုန်များ တားမြစ်စားသောက်ကုန်များရောင်းချခြင်းမပြုကြရန်အား စားသုံးသူရေးရာဦးစီးဌာနက အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ FDA ကျိုင်းတုံတာဝန်ခံရုံးမှ ဝန်ထမ်းများက ဈေးကွက်နမူနာကောက်ယူရာတွင် အလှကုန်/စားသောက်ကုန်ဆိုင်ရာ ဥပဒေနှင့် ညွှန်ကြားချက်များအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **ရန်နောင်(ကျိုင်းတုံ)**

## ပြည်ခရိုင်အတွင်းရှိ ပဲပြား၊ ဖယောင်းတိုင်၊ ဆပ်ပြာဆီထုတ်လုပ်သည့်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေး အသိပညာပေး

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်းရှိပေါင်းတည်၊ သဲကုန်းနှင့် ပြည်မြို့နယ်တို့တွင် မြို့နယ်တာဝန်ခံများမှ စက်တင်ဘာတတိယပတ်အတွင်း၌ ပဲပြား၊ ဖယောင်းတိုင်၊ ဆပ်ပြာဆီထုတ်လုပ်သည့်လုပ်ငန်းများရှိရာသို့ ကွင်းဆင်းသွားရောက်ကာ လုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)တွင် ပါဝင်သော စားသုံးသူများရရှိမည့်အခွင့်အရေး (၈)ချက်၊ စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များ၊ မိမိတို့ထုတ်လုပ်သောကုန်စည်များတွင် ဥပဒေ၏အခန်း (၁၈)၌ ပြဋ္ဌာန်းထားသော ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး မိမိထုတ်လုပ်သည့် ကုန်စည်အပေါ် အာမခံမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ကုန်စည်များကို ထုတ်လုပ်ရမည်ဖြစ်ပြီး အထူးသဖြင့် ပဲပြားများထုတ်လုပ်ရာတွင် တာရှည်ခံဆေး ဖော်မလင်မသုံးစွဲရေးအတွက်ဖော်မလင် သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများအကြောင်း ရှင်းလင်းခဲ့ပြီး စားသုံးသူများက ပေးလိုက်ရသည့် တန်ဖိုးငွေနှင့်တူညီသည့် အရည်အသွေးတူကုန်စည်များ ထုတ်လုပ်ဖြန့်ချိရောင်းဝယ်နိုင်ရေး အထူးအလေးထား ဆောင်ရွက်ကြရန်၊ ဌာနမှ ဖွင့်လှစ်ထားသည့် CICC (စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ) ၏လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း၊ အသိပညာပေးရှင်းလင်းဆောင်ရွက်ခဲ့ပြီး လက်ကမ်းများ ဖြန့်ဝေပေးခဲ့သည်။

**ဝင်းလဲ့ဝါ (ပြည်)**

## ကရင်ပြည်နယ်အတွင်း ရောင်းချနေသော ငါး၊ ပုစွန်များ စားသုံးရန် သင့်၊ မသင့် ကွင်းဆင်းစစ်ဆေး

ကရင်ပြည်နယ် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်အေးအေးဇော် ဦးဆောင်၍ ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှပြည်နယ်တာဝန်ခံ ဒေါက်တာမောင်မောင်သီဟထွေးနှင့်ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ ပူးပေါင်း၍ စက်တင်ဘာ ၂၃ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ ရေပေါ်ဈေးအတွင်းရှိ ငါး၊ ပုစွန်ဒိုင်များနှင့် အမှတ်(၂) ရပ်ကွက်ရှိ ငါး၊ ပုစွန်ဒိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် အဖွဲ့ဝင်များက ငါး၊ ပုစွန်ဒိုင် ၁၀ ဒိုင်မှ နမူနာပစ္စည်း ၂၄ မျိုး နမူနာကောက်ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပြည်နယ်တာဝန်ခံ ဦးဆောင်သောအဖွဲ့က နမူနာကောက်ယူထားသော ပစ္စည်းများကို Mobile Lab Van ဖြင့် ချက်ချင်း ဓာတ်ခွဲစစ်ဆေးမှုပြုလုပ်ခဲ့ရာ နမူနာပစ္စည်းများတွင် စားသုံးရန်မသင့်သော ပစ္စည်းများ မပါဝင်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ယခုလအတွင်း မွန်ပြည်နယ်အတွင်းရှိ ငါးဒိုင်များတွင် ဖော်မလင်ပါဝင်သော ငါးများ စစ်ဆေးတွေ့ရှိရကြောင်း သိရှိရသဖြင့် မွန်ပြည်နယ်နှင့် ပြည်နယ်ချင်းဆက်စပ်နေသော ကရင်ပြည်နယ်အတွင်းသို့လည်း ဖော်မလင်ပါဝင်သော စားသုံးရန်မသင့်သည့် ငါး၊ ပုစွန်များ ဝင်ရောက်မှုမရှိစေရေးနှင့် ဝင်ရောက်မှုရှိပါက အရေးယူဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့သည်။ ကွင်းဆင်းစစ်ဆေးရာတွင် သက်ဆိုင်ရာ ငါး၊ ပုစွန်ဒိုင်များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး မိမိတို့ရောင်းချနေသော ငါး၊ ပုစွန်များမှာ ရန်ကုန်မြို့မှ ဝယ်ယူရောင်းချကြောင်း ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဆုဝေ (ကရင်)**

Vol: 19, No.37 Monday September 30 2019



# စာချုပ်သက်တမ်းပြည့်ပါက မန်စီးတီးမှ ထွက်ခွာမည်ဟု ဒေးဗစ်ဆေးလ်ဗားဆို

မန်စီးတီးအသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်း ကုန်ဆုံးပါက အသင်းပြောင်းရွှေ့ကစားတော့မည်ဖြစ် ကြောင်း ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗားက ထုတ်ဖော်ပြောဆိုလိုက်သည်။ အသက်(၃၃)နှစ်ရှိ ဒေးဗစ်ဆေးလ်ဗားသည် ၂၀၁၀ ပြည့်နှစ်ကပင် မန်စီးတီးအသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ ရက်တွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။ ယင်းအချိန်တွင် ဒေးဗစ်ဆေးလ်ဗားသည် မန်စီးတီးအသင်းတွင် ကစားသမားဘဝ ၁၀ နှစ်ပြည့်မြောက်မည်လည်း ဖြစ်သည်။

ဒေးဗစ်ဆေးလ်ဗားက ‘မန်စီးတီးအသင်းနဲ့ စာချုပ်သက်တမ်း ကုန်ဆုံးတဲ့နေ့ဟာ ကျွန်တော်လည်း မန်စီးတီးအသင်းမှာ ကစားသမားဘဝ ၁၀ နှစ်ပြည့်တဲ့နေ့ပါပဲ။ မန်စီးတီးအသင်းရဲ့ သဘောထားက ဘယ်လိုရှိမလဲဆိုတာကို မသိရသေးပေမယ့် ဒါကတော့ ကျွန်တော့်ဘက်က စဉ်းစားထားတာပါ။ မန်စီးတီးအသင်းအတွက် ၁၀ နှစ်ဆိုတဲ့ ကာလတစ်ခုအထိ ကျွန်တော် အကောင်းဆုံးပေးဆပ်ခဲ့တာပါ။ မန်စီးတီးအသင်းက ထွက်ခွာရင် ဘယ်အသင်းကို ပြောင်းရွှေ့ကစားမယ်ဆိုတာကိုတော့ တိတိကျကျ မဆုံးဖြတ်ရသေးပါဘူး’ဟု ပြောဆိုခဲ့သည်။

ဆက်လက်၍ ဒေးဗစ်ဆေးလ်ဗားက မိမိအနေဖြင့် မန်စီးတီးအသင်းက ထွက်ခွာပါက မည်သည့်အသင်းကို ပြောင်းရွှေ့ကစားမည်ဆိုသည်ကို တိတိကျကျ မဆုံးဖြတ်ရသေးသော်လည်း မေဂျာလိဂ်ကလပ် အင်တာမီယာမီသို့ ပြောင်းရွှေ့ကစားလိုကြောင်း၊ ထို့ပြင် ဂျပန်ကလပ်နှင့် ကာတာကလပ်များ၏ ကမ်းလှမ်းမှုများလည်း ရှိနေကြောင်း၊ မန်စီးတီးအသင်းအတွက် ၁၀ နှစ်တာကာလ ကစားပေးခဲ့သည်မှာ လုံလောက်သည့် အချိန်ကာလတစ်ခုဖြစ်ကြောင်း၊ အကယ်၍ မန်စီးတီးအသင်းက စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းလာပါကလည်း လက်ခံစဉ်းစားသွားမည်ဖြစ်ကြောင်း ထပ်မံ ပြောဆိုခဲ့သည်။

# ဂရက်ဇ်မန်းကို ခေါ်ယူမှုနှင့်ပတ်သက်ပြီး စပိန်ဘောလုံးအဖွဲ့ချုပ်က ဘာစီလိုနာကို ဒဏ်ရိုက်

အက်သလက်တီကိုအသင်း တိုက်စစ်မှူး ဂရက်ဇ်မန်းကို ခေါ်ယူခဲ့မှုနှင့်ပတ်သက်ပြီး စပိန်ဘောလုံးအဖွဲ့ချုပ်က ဘာစီလိုနာအသင်းကို ဒဏ်ငွေနှင့်ကွင်းပိတ်ပြစ်ဒဏ် ချမှတ်လိုက်ပြီဖြစ်သည်။ ဘာစီလိုနာအသင်းအနေဖြင့် အက်သလက်တီကိုအသင်းမှ ပြင်သစ်တိုက်စစ်မှူး ဂရက်ဇ်မန်းကို ခေါ်ယူရာတွင် မသမာသည့်ချဉ်းကပ်မှုများရှိခဲ့ကြောင်းနှင့် အက်သလက်တီကိုအသင်း၏ တရားဝင်ခွင့်ပြုချက် မရရှိဘဲ ကစားသမားနှင့် တိတ်တဆိတ် တွေ့ဆုံဆွေးနွေးမှုများ ပေါ်ပေါက်ခဲ့ခြင်းကြောင့် စပိန်ဘောလုံးအဖွဲ့ချုပ်က ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်။




ယခုကိစ္စနှင့်ပတ်သက်၍ စပိန်ဘောလုံးအဖွဲ့ချုပ်သည် ဘာစီလိုနာအသင်းကို ဒဏ်ငွေ ယူရို ၃၀၀ နှင့် အိမ်ကွင်း ကစားရမည့်ပွဲတစ်ပွဲကို ပရိသတ်မပါဘဲကစားရန် ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်။ အပြောင်းအရွှေ့ဈေးကွက်တွင် ဘာစီလိုနာအသင်းသည် ဂရက်ဇ်မန်းကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၂၀ ဖြင့် ခေါ်ယူနိုင်ခဲ့သည်ဟု ဖော်ပြထားပြီး ယင်းမှာ အမှန်တကယ်အားဖြင့် စာချုပ်ဖျက်ခပေးချေခဲ့ရသည့်သဘောဟုဆိုသည်။ သို့သော် ဂရက်ဇ်မန်းနှင့် အက်သလက်တီကိုအသင်းတို့၏ မူလစာချုပ်ဖျက်ခက ယူရိုသန်း ၂၀၀ ဖြစ် ကြောင်းသိရသည်။

လက်တွေ့ဈေးကွက်ပေါ်တွင် ချပြသည့် ပြောင်းရွှေ့ကြေးမှာ ယူရိုသန်း ၁၂၀ သာဖြစ်ခြင်းကြောင့် ဘာစီလိုနာအသင်း၏ လူလည်ကျမှု၊ ခွင့်ပြုချက်မရှိဘဲ ကစားသမားနှင့် တွေ့ဆုံဆွေးနွေးမှုများရှိနေခြင်းကြောင့် အက်သလက်တီကိုအသင်းက တိုင်ကြားလာမှုများရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါအကြောင်းများကြောင့် အက်သလက်တီကိုအသင်းက ဘာစီလိုနာအသင်းထံမှ နောက်ထပ် ယူရိုသန်း ၈၀ ရလိုကြောင်း တောင်းဆိုခဲ့သော်လည်း စပိန်ဘောလုံးအဖွဲ့ချုပ်က ဘာစီလိုနာအသင်းကို ယူရို ၃၀၀ နှင့် အိမ်ကွင်းတစ်ပွဲပိတ် ပြစ်ဒဏ်သာ ချမှတ်လိုက်ခြင်းဖြစ်သည်။

# မိမိကို ရော်နယ်ဒိုနှင့် မနှိုင်းယှဉ်ရန် ရိုဒရီဂို ပြောဆို




ရီးရဲလ်မက်ဒရစ်အသင်း၏ လူငယ်တိုက်စစ်မှူး ရိုဒရီဂိုက မိမိကို ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း ဖြစ်သူ ဘရာဇီးဂန္တဝင်ကစားသမား ရော်နယ်ဒိုနှင့် ခိုင်းနှိုင်းမှုများမပြုလုပ်ရန် ပြောဆိုလိုက်သည်။

အသက်(၁၈)နှစ်သာရှိသေးသည့် ဘရာဇီး ယူ-၂၀ လက်ရွေးစင် ကစားသမား ရိုဒရီဂိုသည် ယခုနှစ်တွင် ဘရာဇီးကလပ် ဆန်းတို့စ်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ တိုက်စစ်မှူး ရိုဒရီဂို၏ ကစားဟန်မှာ ဘရာဇီး ဂန္တဝင်ကစားသမား ရော်နယ်ဒို၏ ကစားဟန်နှင့်တူနေခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းကို ရော်နယ်ဒိုလက်သစ် ရောက်လာပြီဟု ပရိသတ်များက ပြောဆိုနေကြခြင်းဖြစ်သည်။

ရိုဒရီဂိုက ‘ရော်နယ်ဒိုဆိုတာ ဘရာဇီးဘောလုံးသမိုင်းမှာသာမကဘဲ ကမ္ဘာ့ဘောလုံးလောကမှာလည်း ပြိုင်ဘက်ကင်းတဲ့ ဘောလုံးသမားတစ်ယောက်ပါ။ သူဟာ ဘောလုံးလောကမှာ သမိုင်းသစ်တွေရေးထိုးနိုင်ခဲ့သလို ဘရာဇီးအတွက်လည်း ဂုဏ်သိက္ခာကြီးမားခဲ့တဲ့ ဂန္တဝင်ကစားသမားတစ်ဦးပါ။ ဒီလိုကစားသမားမျိုးနဲ့ နှိုင်းယှဉ်ရလောက်အောင် ကျွန်တော့်မှာ အရည်အချင်း မရှိသေးပါဘူး။ ရော်နယ်ဒိုလို ကစားသမားမျိုး၊ ရော်နယ်ဒိုလို ခြေစွမ်းမျိုးရအောင်လို့တော့ ကျွန်တော် အစွမ်းကုန် ကြိုးစားသွားမှာပါ။ သူဟာ ကျွန်တော့်ရဲ့ ပထမ စံနမူနာပြကစားသမားတစ်ဦးပါ’ဟု ပြောခဲ့သည်။

ရိုဒရီဂိုသည် ရီးရဲလ်မက်ဒရစ်-ဘီ အသင်းတွင် တစ်ပွဲ ပါဝင်ကစားထားဖူးပြီး ရီးရဲလ်မက်ဒရစ် အသင်းကြီးတွင်လည်း တစ်ပွဲ ပါဝင်ကစားထားကာ သွင်းဂိုး တစ်ဂိုး ရရှိထားသည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် ရိုဒရီဂိုကို ဆန်းတို့စ်အသင်းမှ ပေါင်သန်း ၄၀ ဖြင့် ခေါ်ယူခဲ့ခြင်း ဖြစ်ပြီး နည်းပြ ဇီဒန်းအနေဖြင့် ၎င်းကစားသမားကို ရီးရဲလ်မက်ဒရစ်အသင်းကြီးတွင် ထည့်သွင်းအသုံးပြုသွားရန် ပြင်ဆင်ထားကြောင်း သိရသည်။

ဟန်နေသစ် စုစည်းသည်

# ဘာစီလိုနာအတွက် ခက်ခဲသည့်ရာသီဖြစ်လာဟု နည်းပြ ဗယ်လ်ဗာဒီ ပြောကြား

ဘာစီလိုနာအသင်း နည်းပြ ဗယ်လ်ဗာဒီက ယခုနှစ်ရာသီမှာ မိမိတို့အသင်းအတွက် ခက်ခဲသည့်ရာသီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

၂၀၁၉-၂၀၂၀ ဘောလုံးရာသီအစမှာပင် ဘာစီလိုနာအသင်းသည် အဓိက ကစားသမားများ၏ ဒဏ်ရာပြဿနာကြောင့် ခက်ခဲမှုများစွာဖြင့် ကြုံတွေ့ခဲ့ရသည်။ မက်ဆီနှင့် ဆွာရက်ဇ်တို့ ဒဏ်ရာပြဿနာကြောင့် ရာသီအစ ပွဲစဉ်များကို လွဲချော်ခဲ့ရသလို အသင်း၏ရလဒ်ပိုင်းကလည်း ဆိုးရွားခဲ့သည်။

မက်ဆီသည် ဒေါ့မွန်အသင်းနှင့်ကစားခဲ့သည့် ချန်ပီယံလိဂ် ပွဲစဉ်နှင့် ဂရန်နာဒါအသင်းကို ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တို့တွင် လူစားဝင်ကစားသမားအဖြစ် ပါဝင်ခဲ့သည်။ ထို့ပြင် မက်ဆီသည် ဗီလာရီးရဲလ်အသင်းကို ၂-၁ ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ပထမပွဲထွက်ခွင့် ရရှိခဲ့သော်လည်း ပွဲချိန် ၄၆ မိနစ်တွင် ဒဏ်ရာရသွား၍ လူငယ်ကစားသမား ဒမ်ဘီလီနှင့် လူစားလဲခဲ့ရသည်။

ယင်းပွဲစဉ်တွင် ရရှိခဲ့သည့် ဒဏ်ရာကြောင့် မက်ဆီသည် ဂီတာဖေးအသင်းနှင့် ပွဲစဉ်ကို လွဲချော်ခဲ့ရသလို အင်တာမီလန်အသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ်အုပ်စု ဒုတိယပွဲစဉ်ကိုလည်း လွဲချော်ရ မည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်း နည်းပြ ဗယ်လ်ဗာဒီက ‘ကျွန်တော့်အသင်းကတော့ ဒီနှစ်မှာ ရာသီစကတည်းက အခက်အခဲပေါင်းစုံနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ရာသီအစမှာ မက်ဆီရဲ့ ဒဏ်ရာကို စိုးရိမ်ခဲ့ရသလို ခုလည်း သူဒဏ်ရာပြန်ရသွားတာကြောင့် ကျွန်တော်တို့ အတွက် ကြီးမားတဲ့ ထိုးနှစ်ချက်တစ်ခု ဖြစ်လာခဲ့ပြန်ပါပြီ။ ပြောရရင်တော့ ဒီရာသီဟာ ကျွန်တော်တို့အတွက် ခက်ခဲတဲ့ရာသီ ဖြစ်လာတယ်ဆိုတာကတော့ သေချာပါတယ်’ဟု ပြောခဲ့သည်။

ဘာစီလိုနာအသင်းသည် လက်ရှိ ပွဲစဉ်(၆) အပြီးတွင်သုံးပွဲနိုင်၊ တစ်ပွဲသရေကျကာ နှစ်ပွဲ ရှုံးနိမ့်ထားပြီး ရမှတ် ၁၀ မှတ်ဖြင့် အဆင့်(၁၀)တွင်ရှိနေသည်။




စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလ

# ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆန်စျေးနှုန်းအာမခံစံနှုန်းများ သတ်မှတ်




ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်တွင်းကုန်သွယ်ရေးဌာနက ၂၀၁၈-၁၉ စိုက်ပျိုးရာသီအတွက် ဆန်အမျိုးအစားငါးမျိုး၏စျေးနှုန်းအာမခံချက်စံနှုန်းများကို သတ်မှတ်ပေးပြီး လယ်ယာစိုက်ပျိုးရေးဘဏ်များနှင့် လယ်ယာစိုက်ပျိုးရေးသမဝါယမအသင်းများမှ ငွေများကို လျင်မြန်စွာထုတ်ပေးမည်ဟုအာမခံကြောင်း နေးရှင်းသတင်းတွင်ဖော်ပြသည်။

စံနှုန်းသတ်မှတ်ချက်များကို ဌာနကရေးဆွဲရာတွင် ဆန်စပါးစျေးနှုန်းအာမခံကော်မတီ၏ စံနှုန်းသတ်မှတ်ချက်များကိုအခြေခံ၍ သတ်မှတ်ခြင်းဖြစ်ပြီး ကော်မတီက ဘတ် ၂၁ ဒသမ ၄ ဘီလီယံဖိုး ပေးသွင်းမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဝီချိုင်းပိုချာနာကစ်က ပြောသည်။

'၂၀၁၈-၁၉ ဆန်စိုက်ရာသီ စျေးနှုန်းအာမခံချက်အစီအစဉ်မှာ ပါဝင်နိုင်ဖို့အတွက် ဆန်တောင်သူတွေက အောက်တိုဘာ ၃၁ ရက် မတိုင်မီ မှတ်ပုံတင်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့တောင်ပိုင်းက တောင်သူတွေကတော့ ဖေဖော်ဝါရီ ၂၈ ရက်အထိအချိန်ရမှာဖြစ်ပါတယ်'ဟု ဝီချိုင်းက ပြောသည်။

ဆန်က မကြိတ်ခွဲရသေးတဲ့ဆန်ဖြစ်ပြီး အစိုဓာတ်က ၁၅ ရာခိုင်နှုန်းနှင့်အောက်ရှိရမည်ဟု ၎င်းကပြောသည်။ အရှေ့မြောက်ပိုင်းဒေသမှ ဟုန်မလီဆန်အတွက် အာမခံမှာ တစ်တန်ကို ဘတ် ၁၅၀၀၀ နှုန်းဖြင့် တစ်အိမ်ထောင်ကို ၁၄ တန် သတ်မှတ်သည်။ အခြားဒေသများမှ ဟုန်မလီဆန်မှာ ဘတ် ၁၄၀၀၀ နှင့် တန်ချိန် ၁၆ တန်ဖြစ်သည်။ ဆန်လုံးပုမှာ အာမခံကြေးဘတ် ၁၀၀၀၀ ဖြစ်ပြီး တန် ချိန် ၃၀၊ ဟုမ်ပသွမ်သနီဆန်က အာမခံကြေး ၁၁၀၀၀ဖြင့် ၂၅ တန်နှင့် ကောက်ညင်းဆန်က အာမခံကြေး ၁၂၀၀၀ဖြင့် တန်ချိန် ၁၆ တန် အသီးသီးသတ်မှတ်ထားသည်။

'တကယ်လို့ လယ်သမားက ဆန်တစ်မျိုးထက် ပိုစိုက်မယ်ဆိုရင် အရည်အသွေးက အမြင့်ဆုံးဖြစ်ပြီး စုစုပေါင်းအရေအတွက်က အမြင့်ဆုံးသတ်မှတ်ချက်ကိုမကျော်ရပါဘူး' ဟု ဝီချိုင်းကရှင်းပြသည်။




# အမေရိကန် စက်အစိတ်အပိုင်းများ မပါဘဲ ဟွာဝေးက 5G အခြေခံစခန်းများတည်ဆောက်မည်

အမေရိကန်စက်အစိတ်အပိုင်းများမပါဘဲ 5G အခြေခံစခန်းများကို တည်ဆောက်သွားရန် အသင့်ဖြစ်နေကြောင်းနှင့် လာမည့်နှစ်တွင် ထုတ်လုပ်မှုကို နှစ်ဆတိုးမြှင့်သွားမှာဖြစ်ကြောင်း ဟွာဝေးကုမ္ပဏီတည်ထောင်သူနှင့် စီအီးအို ရန်ဇန်ဖေးက စက်တင်ဘာ ၂၇ ရက်တွင်ပြောသည်။ အောက်တိုဘာလမှစ၍ ဟွာဝေးသည် တစ်လကို 5G ဆက်သွယ်ရေးအခြေခံစခန်း ၅၀၀၀ တည်ဆောက်သွားမည်ဖြစ်ပြီး လာမည့်နှစ်တွင် အခြေစိုက်စခန်း ၁ ဒသမ ၅ သန်း တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်က ဖိုရမ်တစ်ခုတွင်ပြောသည်။

တရုတ်အစိုးရက သူလျှိုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ဟွာဝေး၏ကိရိယာများကို အသုံးချနိုင်သည်ဟူသော စိုးရိမ်မှုကြောင့် ကမ္ဘာ့တယ်လီကွန်းကုမ္ပဏီကြီးဖြစ်သော ဟွာဝေးကို အမေရိကန်က ကုန်သွယ်ရေးနာမည်ပျက်စာရင်းတွင် ထည့်သွင်းခဲ့သည်။ စွပ်စွဲချက်များကို ဟွာဝေးက အကြိမ်ကြိမ်ငြင်းဆိုခဲ့သော်လည်း ဂယက်ရိုက်ခတ်မှုများ သက်သာအောင် ဆောင်ရွက်ခဲ့သည်။

အမေရိကန်၏ဒဏ်ခတ်ပိတ်ဆို့မှုက အရေးကြီးသော အမေရိကန်နည်းပညာကို ဟွာဝေးကရယူရာတွင် အဟန့်အတားဖြစ်စေခဲ့သည်။ ဟွာဝေး၏နောက်ဆုံးမိုဒယ်ဖြစ်သော Mate 30 ကို ယခင်သီတင်းပတ်က ဥရောပတွင်စတင်ရောင်းချခဲ့ရာတွင် ဂူဂဲ၏ မိုဘိုင်းနှင့် ပူးတွဲဆောင်ရွက်ခြင်းမရှိခဲ့ပေ။ 'စမ်းသပ်မှုတွေကိုကျွန်တော်တို့က ဩဂုတ်နဲ့ စက်တင်ဘာမှာ လုပ်ခဲ့ပါတယ်။ အောက်တိုဘာက စပြီး တစ်လလုံးရေ ၅၀၀၀ ထုတ်ပြီး အလုံးအရင်းနဲ့ထုတ်သွားမှာပါ ။ ဒါကြောင့် ကျွန်တော်တို့ရဲ့ဒီနှစ်ထုတ်လုပ်မှုက အလုံးရေ ၆၀၀၀၀၀ ရှိပြီး နောက်နှစ်မှာ အလုံးရေ ၁ ဒသမ ၅ သန်းရှိမယ်လို့ခန့်မှန်းပါတယ်' ဟုရန်းကပြောသည်။

# ဂျပန်ရှိ နိုင်ငံခြားသားကလေးနှစ်သောင်း ပညာသင်ယူနိုင်ခြင်းမရှိဟု ယူဆ

ဂျပန်နိုင်ငံတွင်နေထိုင်သော နိုင်ငံခြားသားကလေး နှစ်သောင်းခန့်မှာ ကျောင်းပညာရေးကို သင်ယူခြင်းမရှိဟု ယုံကြည်ရကြောင်း ဂျပန်ပညာရေးဝန်ကြီးဌာနကပြောသည်ဟု နီကေးသတင်းတွင် ဖော်ပြသည်။

ကောက်ခံထားသော စာရင်းအရ နိုင်ငံတစ်ဝန်းတွင်ရှိသော အသက် ခြောက်နှစ်မှ ၁၄ နှစ်အရွယ် နိုင်ငံခြားသားကလေးဦးရေမှာ ၁၂၄၀၄၉ ဦးရှိကြောင်း ဝန်ကြီးဌာနက ဖော်ပြသည်။ ထိုလူဦးရေအနက် မူလတန်း၊ အလယ်တန်းနှင့် အပြည်ပြည်ဆိုင်ရာကျောင်းများတွင် တက်ရောက်သူအရေအတွက်မှာ ၁၀၀၀ ရှိကြောင်း အတည်ပြုသည်။

ပညာရေးအဆင့် အသေအချာမသိရသော ကလေးဦးရေမှာ ၁၈၆၅၄ ဦးရှိသည်။ တချို့မှာ စည်ပင်သာယာအရာရှိများက ဖုန်း၊ အိမ်တိုင်ရာရောက် သို့မဟုတ် အခြားနည်းလမ်းများဖြင့် စုံစမ်းသည့်တိုင် ပညာအောင် ပညာရေးအဆင့်အတန်းကို အတည်မပြုနိုင်ကြောင်း သိရသည်။ အချို့ကိစ္စများတွင် အရာရှိများက သတ်မှတ်ကာလအတွင်း စစ်တမ်းကိုပြည့်စုံအောင် မပြုစုနိုင်ပေ။

ကလေးနှစ်သောင်းနီးပါး ပညာသင်ယူခွင့်မရှိသည်ကို သိရသော အခါ အံ့ဩတုန်လှုပ်မိကြောင်း အိုင်းချိရှုကူတိုခူးတက္ကသိုလ်မှ ကျွမ်းကျင်သူ ပရော်ဖက်ဆာယိုရှိုမီကိုဂျီးမားက ပြောသည်။

နိုင်ငံခြားသားအလုပ်သမားများကို ပိုမိုလက်ခံမည့် အစိုးရမူဝါဒအရ ဂျပန်နိုင်ငံတွင် နိုင်ငံခြားသားအရေအတွက် ပိုမိုများပြားလာမည်ဟု ခန့်မှန်းထားသည့်အတွက် ထိုကဲ့သို့သောကလေးများကို ပိုမိုထောက်ပံ့ရန်လိုကြောင်း ကိုဂျီးမားကပြောသည်။

စံမီအောင် စုစည်းသည်

# အိန္ဒိယ၌ စမတ်ဖုန်းဝယ်သူများအား ဆမ်ဆောင်းက ထောက်ပံ့ငွေပေးမည်




စမတ်ဖုန်းဝယ်မည့်သူများအား ငွေကြေးထောက်ပံ့ရန် ဆမ်ဆောင်းကစီစဉ်နေကြောင်း ကုမ္ပဏီအမှုဆောင်တစ်ဦးက စက်တင်ဘာ ၂၆ ရက်တွင် ပြောသည်။ အိန္ဒိယစျေးကွက်တွင် တရုတ်ရှောင်မီကဲ့သို့သော ပြိုင်ဘက်များ၏ အပြင်းအထန် ယှဉ်ပြိုင်မှုနှင့် ရင်ဆိုင်နေရသဖြင့် စမတ်ဖုန်းအရောင်းမြှင့်တင်ရေးအတွက် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်သည်။

ပြည်တွင်းက ငွေကြေးလုပ်ငန်းတစ်ခုနှင့် ချိတ်ဆက်ဆောင်ရွက်သော ငွေကြေးထောက်ပံ့မှုအစီအစဉ်ကြောင့် စမတ်ဖုန်းဝယ်ယူမည့်သူများအတွက် ဆမ်ဆောင်းက ချေးငွေများထုတ်ပေးရာတွင် လွယ်ကူလျင်မြန်မှုရှိနိုင်ကြောင်း Samsung India ကုမ္ပဏီ၏ မိုဘိုင်းလုပ်ငန်းဒုတိယအကြီးတန်း ဥက္ကဋ္ဌ မိုဟန်ဒီဆင်းကပြောသည်။ ကုမ္ပဏီက မြို့ပေါင်း ၃၀ ရှိ စတိုးဆိုင်ပေါင်း ၅၀၀၀ တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယခုနှစ်ကုန်တွင် မြို့ပေါင်း ၁၀၀ ရှိ စတိုးဆိုင်ပေါင်း ၁၀၀၀၀ တွင် ဆောင်ရွက်ပေးလိုကြောင်း ဆင်းက ပြောသည်။

အိန္ဒိယစမတ်ဖုန်းစျေးကွက်သည် တယ်လီကွန်ကုမ္ပဏီ ကန်ထရိုက်များနှင့် ချိတ်ဆက်ဝယ်ယူလေ့ရှိသည့် အနောက် နိုင်ငံစျေးကွက်များနှင့်မတူဘဲ လက်လီသမားထံမှရောင်းချသော စျေးကွက်ဖြစ်သည်။ ဝါယာလက်ဆက်သွယ်မှု တစ်ဘီလီယံကျော်ရှိသော်လည်း စမတ်ဖုန်း သန်း ၄၅၀ သာရှိသဖြင့် အိန္ဒိယသည် လက်လီဆိုင်ပေါင်း ၁၈၀၀၀၀ ကျော်နှင့် သီးသန့်စတိုးဆိုင် ၂၀၀၀ ကျော်ရှိသောဆမ်ဆောင်းအတွက် အရေးပါသောစျေးကွက်ဖြစ်သည်။

## စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ မြှင့်တင်ရန် အခွန်ကောက်ခံမှု နှုန်းထားများ အိန္ဒိယအစိုးရလျှော့ချ

အိန္ဒိယအစိုးရသည်စီးပွားရေး တိုးတက်မှုနှုန်း ကျဆင်းလျက်ရှိပြီး ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ ပြည်တွင်းဈေးကွက်၌ပါဝင်ဆောင်ရွက်လိုမှု နည်းပါးနေခြင်းကို ကုစားရန်နှင့် စီးပွားရေးလုပ်ငန်းငယ်များ၏ လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် တွန်းအားပေးရန် အတွက် ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း စီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများရယူနိုင်စေရန်အစိုးရပိုင်ဘဏ်များသို့ ဘဏ္ဍာငွေဖြည့်ဆည်းခြင်း၊ ပြည်ပမှငွေကြေးထည့်ဝင် ရင်းနှီးမြှုပ်နှံသူ (Foreign Portfolio Investment) များ၏Equities အစုရှယ်ယာများ လွှဲပြောင်းရောင်းချမှုအပေါ် အပိုဆောင်းကြေးငွေကောက်ခံမှုအား ရုပ်သိမ်းခြင်း၊ ကုမ္ပဏီငယ်များ၏ အမှန်ရှိသင့်သည့် လုပ်ငန်းတန်ဖိုးထက် ပိုမို၍ အစုရှယ်ယာများ ထုတ်ဝေရောင်းချမှုမှရရှိသော ငွေကြေး အရင်းအနှီးအပေါ် Angel tax ခေါ် ဝင်ငွေခွန်ကောက်ခံမှုအား ကင်းလွတ်ခွင့်ပြုခြင်း စသည့် ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခုတစ်ဖန် အဓိကကျသည့် ပြောင်းလဲမှုတစ်ရပ်အဖြစ် စီးပွားရေးလုပ်ငန်းကြီးများအပေါ် ကောက်ခံလျက်ရှိသည့် ကော်ပိုရိတ်လုပ်ငန်းအခွန် (corporate tax) ကို သိသာစွာလျှော့ချမှု ပြုလုပ်ခဲ့သည်။ စက်တင်ဘာ ၂၀ ရက်တွင် ဘဏ္ဍာရေးဝန်ကြီး Ms. Nirmala Sitharaman က ကော်ပိုရိတ်လုပ်ငန်းအခွန်အား ၂၂ ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းစတင်ထူထောင်ဆောင်ရွက်မှုကို မြှင့်တင်သည့်အနေဖြင့် အောက်တိုဘာ ၁ ရက်နောက်ပိုင်း ကုန်ထုတ်လုပ်မှုနယ်ပယ်၌ မှတ်ပုံတင်ဆောင်ရွက်သည့် ကုမ္ပဏီငယ်များ၏ ကော်ပိုရိတ်လုပ်ငန်းအခွန်ကို၁၅ ရာခိုင်နှုန်းသာ ပေးဆောင်စေမည်ဖြစ်ကြောင်း၊ သို့ရာတွင် ၎င်းလုပ်ငန်းငယ်များသည် ၂၀၂၃ ခုနှစ် မတ် ၃၁ မတိုင်မီကာလအတွင်း အပြည့်အဝ လုပ်ငန်းလည်ပတ် လုပ်ကိုင်နိုင်ရမည်ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိကာလတွင် နှစ်စဉ် လုပ်ငန်းလည်ပတ်ငွေရူပီးလေး ဘီလီယံအထိရှိသည့် ကုမ္ပဏီများအပေါ် ကော်ပိုရိတ်လုပ်ငန်းအခွန် ၂၅ ရာခိုင်နှုန်းကောက်ခံပြီး အဆိုပါ လည်ပတ်ငွေပမာဏထက်ကျော်လွန်သည့် လုပ်ငန်းကြီးများကိုမူ ၃၀ ရာခိုင်နှုန်း ကောက်ခံလျက်ရှိသည်။ သို့ဖြစ်ရာ ကုမ္ပဏီများအနေဖြင့် အခွန်နှုန်းထား လျှော့ချမှုမှ ပိုထွက်လာမည့်ငွေပမာဏအား လုပ်ငန်းတိုးချဲ့ခြင်း၊ လုပ်သား အင်အားတိုးမြှင့်ခြင်း၊ ထုတ်လုပ်မှုမြှင့်တင်ရန် လိုအပ်သည့် ပစ္စည်းကိရိယာများ ဖြည့်ဆည်းခြင်း စသည်တို့တွင် အသုံးပြုနိုင်မည်ဖြစ်သည်။

အိန္ဒိယအစိုးရ၏ ယခုပြောင်းလဲလုပ်ဆောင်မှုသည် ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို မြှင့်တင်နိုင်မည်ဖြစ်သကဲ့သို့ ပြည်တွင်းလုပ်ငန်းရှင်များ၏ ပြည်ပဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်းကို ကောင်းမွန်စေမည်ဖြစ်သည်။ ထို့အပြင် ကုမ္ပဏီများ၏ လုပ်ငန်းတိုးချဲ့လုပ်ကိုင်မှုများမှ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးနိုင်မှုကိုလည်း အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ သို့ရာတွင် အခြားတစ်ဖက်၌ အစိုးရ၏ နှစ်စဉ်အခွန်ကောက်ခံရရှိမှုမှ ရူပီးငွေ ၁၄၅၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄ ဘီလီယံခန့်) အထိ လျော့နည်းစေမည်ဖြစ်ပြီး အစိုးရ၏ဘဏ္ဍာရေးလိုငွေပြနေမှုကိုလည်း မြင့်တက်စေမည်ဖြစ်သည်။

လေ့လာသူများက အစိုးရ၏ ရည်မှန်းချက်ကို ရရှိနိုင်ရေးသည် ကုမ္ပဏီများ၏ လုပ်ဆောင်မှုအပေါ် မူတည်လျက်ရှိကြောင်း၊ မော်တော်ကားထုတ်လုပ်သည့်လုပ်ငန်းမှ ဘီစကစ်မုန့် ထုတ်လုပ်ရောင်းချသည့် လုပ်ငန်း အဆင့်ထိ ဝယ်လိုအားများ ကျဆင်းနေသည့်အချိန်တွင် စွန့်စားလုပ်ကိုင်ဆောင်ရွက်လိုသည့် ကုမ္ပဏီနည်းပါးကြောင်း၊ သို့ဖြစ်ရာ အလုပ်အကိုင် ဖန်တီးမှုထက် အလုပ်အကိုင်လျော့ကျမှုမရှိစေရေး ထိန်းသိမ်းနိုင်သည့် အနေအထားသာရှိကြောင်း သုံးသပ်ပြောဆိုလျက်ရှိသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

## ထိုင်းဘတ်ငွေ ၁၈ ဘီလီယံတန်ဖိုးရှိ ပီလောပီနံများ တရုတ်နိုင်ငံသို့ တင်ပို့မည်

ထိုင်းအစိုးရအနေဖြင့် ယခုနှစ်တွင် ဘတ်ငွေ ၁၈ ဘီလီယံတန်ဖိုးရှိ ပီလောပီနံများအား တရုတ်နိုင်ငံသို့ တင်ပို့သွားရန် ဆုံးဖြတ်ခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr.Jiurin က ပြောကြားခဲ့သည်။

Mr.Murin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အနေဖြင့် နန်နင်းမြို့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပသော (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ တက် ရောက်ရန် ရောက်ရှိနေခြင်းဖြစ်သည်။

ပီလောပီနံတင်ပို့ရန်သဘောတူညီချက်အား ထိုင်းနိုင်ငံ၏ပီလောပီနံ တင်ပို့သည့် ဈေးကွက်သစ်ဖြစ်သော တရုတ်နိုင်ငံ Guan gxi ပြည်နယ်သို့ ပီလောပီနံအချောင်းများနှင့် ပီလောပီနံ အမှုန့်များတင်သွင်းမည့် တရုတ်ကုမ္ပဏီကြီး လေးခုနှင့်လက်မှတ်ရေးထိုးခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပုံမှန်အားဖြင့်ဆိုသော် တရုတ်နိုင်ငံအနေဖြင့် ပီလောပီနံဥ တန်ချိန် ၇ သန်းခန့် တန်ဖိုးအားဖြင့်ထိုင်းဘတ်ငွေ ၂၀ ဘီလီယံခန့် ထိုင်းနိုင်ငံမှနှစ်စဉ်ဝယ်ယူလျက်ရှိသည်။ သို့ရာတွင် ယမန်နှစ်က တရုတ်နိုင်ငံအနေဖြင့်ထိုင်းနိုင်ငံမှ ပီလောပီနံဥတန်ချိန် သုံးသန်းသာ ဝယ်ယူခဲ့ကြောင်း၊ ထိုင်းနိုင်ငံ အနေဖြင့် တရုတ်နိုင်ငံအား ပီလောပီနံ တန်ချိန် ၂ဒသမ၆ သန်းနှင့် ပီလောပီနံအမှုန့် တန်ချိန် ရှစ်သောင်း၊ စုစုပေါင်းတန်ဖိုးဘတ်ငွေ ၁၈သန်းအား သွင်းကုန်ကိုတာ Quota ရရှိရေး တိုက်တွန်း နှိုးဆော်လျက်ရှိကြောင်း သိရှိရသည်။

နောက်ဆက်တွဲဆွေးနွေးမှုအနေဖြင့် ထိုင်းနိုင်ငံမှ ရော်ဘာတန်ချိန် ၂ သိန်း ဝယ်ယူရန်တရုတ်နိုင်ငံမှ သဘောတူညီခဲ့ သော ထိုင်းနှင့်တရုတ်နိုင်ငံတို့၏ MOU ကိစ္စ ဆောင်ရွက်သွားရန်လည်း ဆွေးနွေးခဲ့ကြောင်း၊ လက်ရှိအချိန်ထိ အဆိုပါ သဘောတူညီချက်အရ တန်ချိန် ၁၆၈၀၀ သာတင်ပို့ရသေးကြောင်း၊ သွင်းကုန်တင်သွင်းမှု အဘယ်ကြောင့် မပြည့်မီသေးသည်ကို ကွဲပြားစွာ မသိရသေးကြောင်း၊ သောကြာနေ့အစောပိုင်းက ထိုင်းအစိုးရအနေဖြင့် ပိုးမွှားရောဂါကျရောက်နေသောပီလောပီနံစိုက်ပျိုးသူ တောင်သူများအား တစ်ရိုင် (Rai) လျှင် လျော်ကြေးငွေဘတ် ၃၀၀၀ ထောက်ပံ့ခဲ့ကြောင်း၊ စုစုပေါင်း ပီလောပီနံစိုက်ပျိုးသူတောင်သူ ၄၅၄၀ အားထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ထိုင်းနိုင်ငံ မော်တော်ကား ထုတ်လုပ်မှု ပြည်တွင်းအရောင်းနှင့် ပြည်ပတင်ပို့မှုများ ကျဆင်းနေ

ထိုင်းနိုင်ငံ၏ မော်တော်ကားလုပ်ငန်းမှာ GDP ကျဆင်းမှု၊ အမေရိကန်-တရုတ် ကုန်သွယ်ရေး တင်းမာမှု၊ ပြည်တွင်း အရောင်းကျဆင်းမှုနှင့် နိုင်ငံခြား တင်ပို့မှုကျဆင်းခြင်းတို့အပါအဝင် အနုတ်လက္ခဏာဆောင်သော အချက်အလက်များဖြင့် လွန်စွာကြုံတွေ့နေရကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်း The Federation of Thai Industries (FTI) က ပြောကြားသည်။

ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်း The Federation of Thai IndustriES (FTI) ၏ ပြောကြားချက်အရ ဩဂုတ်လ၌ ပြည်တွင်းအရောင်း စုစုပေါင်းမှာ အစီးရေ ၈၀၈၃၈ သာရှိပြီး ယခင်ကာလတူထက် ၆ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ဇူလိုင်လထက် ဩဂုတ်လတွင် အရောင်းသုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ၎င်းမှာ သုံးလမြောက် ကျဆင်းခြင်းဖြစ်ကြောင်း သိရှိရသည်။

FTI အသင်း၏ပြောရေးဆိုခွင့်ရှိသူ Surapong Paisit Patanapong က အချို့ဝယ်ယူသူများအနေဖြင့် ပြည်တွင်းဘဏ္ဍာရေးအဖွဲ့အစည်းများထံမှ ချေးငွေပယ်ချခံရမှုများနှင့် ရင်ဆိုင်နေရကြောင်း၊ ဘဏ်များအနေဖြင့် သတ်မှတ် အရည်အချင်းနှင့် မပြည့်စုံသည့် ဝယ်သူသူများအတွက် ချေးငွေဆိုင်ရာ



သတ်မှတ်ချက်များအား တင်းကျပ်ထားခဲ့ကြောင်း၊ အများဆုံးမှာ လူစီးကားငယ်လေးများ အတွက်ဖြစ်ကြောင်း၊ ဩဂုတ်လတွင် လူစီးကားငယ် အပိုင်းမှာ ၁၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ရောင်းချရမှုမှာ အစီးရေအားဖြင့် ၂၅၅၀၄ ရှိကြောင်း၊ ပထမရှစ်လအတွင်းရောင်းချခဲ့ရမှုမှာ အစီးရေ ၂၂၂၄၇၈ ဖြစ်ပြီး ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရသည်။

Mr.Surapong က Sports ကားအမျိုးအစားမှာ ပြီးခဲ့သည့်လက အနီရောင်အဆင့်ဖြစ်ခဲ့ကြောင်း၊ Pickups နှင့် Pickup Passenger ကားအရောင်းများမှာလည်း အလားတူ ကျဆင်းခဲ့ကြောင်း ပြောကြားခဲ့သည်။

ပြည်ပသို့ မော်တော်ကားတင်ပို့မှုမှာ အရှေ့အလယ်ပိုင်းမှလွဲ၍ ဒေသအများစုအတွက်ဩဂုတ်လ၌ ကျဆင်းခဲ့ကြောင်း၊ အဆိုပါဒေသများတွင်ကာလကြာရှည်ဖြစ်ပွားနေသော အမေရိကန် -တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့် စီးပွားရေးမှာနှေးကွေးခဲ့ရခြင်းဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း မော်တော်ကားရောင်းချရမှုမှာ နှစ်စမှ ယခုအထိ ၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အလားတူ မော်တော်ကားထုတ်လုပ်မှုမှာလည်း အဆိုပါကာလအတွက် ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သို့ဖြစ်၍ ထိုင်းနိုင်ငံ၏ မော်တော်ကားတင်ပို့မှုမှာလည်း ကျဆင်းခဲ့ရကြောင်း Mr. Surapong က ပြောကြားခဲ့သည်။

ဩဂုတ်လတွင် ပြည်တွင်းမော်တော်ကားအရောင်းနှင့် ပြည်ပတင်ပို့မှုမှာ ပြည်တွင်းကားထုတ်လုပ်မှုအပေါ် ဖိအားများဖြစ်ပေါ်စေကြောင်း၊ စုစုပေါင်း ထုတ်လုပ်မှုမှာ အစီးရေ ၁၆၆၃၆၁ သာရှိကြောင်း၊ ယခင်နှစ် ကာလတူထက် ၈ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုမှာ ၂၀၁၈ ခုနှစ်တွင် ၂ ဒသမ ၁၇ သန်းထုတ်လုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ်ကထက် ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ အဆိုပါ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့အဆင့် ၁၂ ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာ့အဆင့် ၁၁ တွင်ရှိနေသည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# စင်ကာပူသည် ဆန်တင်သွင်းနိုင်သည့် ဈေးကွက်များကို တိုးချဲ့ရှာဖွေ

ထိုင်းနိုင်ငံတွင် ဖြစ်ပေါ်နေသော ဆိုးရွားသည့် မိုးခေါင်ရေရှားမှုပြဿနာကြောင့် ဆန်ထုတ်လုပ်မှုအပေါ် ထိခိုက်လျက်ရှိကြောင်း လတ်တလော သတင်းများနှင့်ပတ်သက်၍ CNA သတင်းဌာနက စင်ကာပူကုန်သွယ်ရေး နှင့် စက်မှုဝန်ကြီးဌာနသို့ စုံစမ်းမေးမြန်းရာတွင် စင်ကာပူ၏ ဆန်ဝယ်လိုအား ပမာဏသည် ကမ္ဘာ့ဆန်ထုတ်လုပ်မှု ပမာဏနှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းပါးကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ထိုင်းမှ စင်ကာပူသို့ ဆန်တင်ပို့မှုသည် ထိုင်း၏ စုစုပေါင်း ဆန်တင်ပို့မှု၏ ၁ ဒသမ ၂ ရာခိုင်နှုန်း၊ ဗီယက်နမ်မှစင်ကာပူသို့ ဆန်တင်ပို့မှုသည် ဗီယက်နမ်၏ ဆန်တင်ပို့မှု စုစုပေါင်းပမာဏ၏ ၁ ဒသမ ၂ ရာခိုင်နှုန်းနှင့် အိန္ဒိယမှစင်ကာပူသို့ ဆန်တင်ပို့မှုသည် အိန္ဒိယ၏ ဆန်တင်ပို့မှုစုစုပေါင်း ပမာဏ၏ သုည ဒသမ ၆ ရာခိုင်နှုန်းခန့်သာရှိပါကြောင်း၊ ပြည်တွင်းဖူလုံရေးအတွက် စင်ကာပူသည် ဆန်တင်သွင်းနိုင်သည့် ဈေးကွက်များကို တိုးချဲ့ရှာဖွေခဲ့ရာ ထိုင်း၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံများအပြင် မြန်မာ၊ ကမ္ဘောဒီးယား၊ ပါကစ္စတန်၊ ဂျပန်နှင့် အမေရိကန်နိုင်ငံများမှလည်း တင်သွင်းလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့်



စင်ကာပူ၏ ထိုင်းဆန်တင်သွင်းမှုအပေါ် ထိခိုက်မှုရှိလာပါက အခြားဈေးကွက်များမှ တင်သွင်း၍ ဖြည့်ဆည်းသွားနိုင်ကြောင်း၊ ထို့ပြင် စင်ကာပူတွင် ကျင့်သုံးနေသည့် ဆန်ကို သိုလှောင်မှုစနစ်ဖြင့် တင်သွင်းရသည့်အစီအစဉ် (Rice Stockpile Scheme - RSS) က ဆန်ထုတ်လုပ်မှု ကျဆင်းသည့် ကာလများတွင် စင်ကာပူ ဈေးကွက်အတွင်း၌ လုံလောက်သည့် ဆန်ကို ထောက်ပံ့ပေးနိုင်ကြောင်း၊ ယင်းစနစ်သည် ဆန်ဖြူ ဘာစမာတီဆန်၊ ပွန်နီဆန်နှင့် ပေါင်းဆန်များကို စင်ကာပူသို့ တင်သွင်း၍ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများအတွက် အကျုံးဝင်ကြောင်း ပြောကြားသည်။

လွန်ခဲ့သည့် ၁၀ နှစ်က စင်ကာပူ၏ ဈေးဝယ်စင်တာများတွင် ထိုင်းဆန်၏ ဈေးကွက်ရရှိမှုသည် ၉၀ ရာခိုင်နှုန်းခန့်အထိ ရှိခဲ့သော်လည်း ယခုအခါ ၇၅ ရာခိုင်နှုန်းသို့ ကျဆင်းလာ ကြောင်း၊ စင်ကာပူဈေးကွက်တွင် ဗီယက်နမ်ဆန်ကို ကြိုက်နှစ်သက်မှုများလာသည့်အတွက် ဗီယက်နမ်ဆန်၏ လက်ရှိဈေးကွက်ရရှိမှုသည် ၁၅ ရာခိုင်နှုန်းခန့်ထိ တိုးတက်လာသည်။

**Source : Channel News Asia**

**မြတ်နိုး၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

# အိန္ဒိယနိုင်ငံထွက် ဆန်နှင့်သကြားများ အင်ဒိုနီးရှားသို့ တိုးမြှင့်တင်ပို့မည်

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အိန္ဒိယသံရုံးနှင့် အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း စီစဉ်မှုဖြင့် အိန္ဒိယနိုင်ငံထွက်ဆန်၊ သကြားနှင့် ကွဲ/နွား အသားများတိုးမြှင့်တင်ပို့ရေး ပြပွဲခင်းကျင်းပြသမှုနှင့်အတူ စီးပွားရေးလုပ်ငန်းအချင်းချင်း တွေ့ဆုံ ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

ယင်းပြပွဲနှင့် ဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံ လယ်ယာထွက်ကုန်နှင့် ပြုပြင်ပြီး စားသောက်ကုန်များ ပြည်ပတင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ (APEDA) ဥက္ကဋ္ဌ Mr. Paban Kumar Borthakur ဦးဆောင်သည့် အဖွဲ့ဝင် ၄၀ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံရှိ ကုန်သွယ်ရေး/ စိုက်ပျိုးရေးဝန်ကြီးဌာနများ၊ Bulog, PT Berdikari နှင့် PT PPI စသည့် အစိုးရ၏ဝယ်ယူရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ KADIN ခေါ် ကုန်သည်လုပ်ငန်းရှင်များအသင်းချုပ်နှင့် သွင်းကုန်လုပ်ငန်း ဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကုန်သွယ်မှု မြှင့်တင်ရေးညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးရာတွင် အိန္ဒိယနိုင်ငံထွက် ဆန်နှင့်သကြားများကို အင်ဒို နီးရှားနိုင်ငံမှ ဝယ်ယူတင်သွင်းရန် သဘောတူညီမှုရရှိခဲ့ကြောင်း၊ မလေးရှား နိုင်ငံထွက် စားအုန်းဆီများအပေါ် အိန္ဒိယ၏ သွင်းကုန်ခွန်တိုးမြှင့်ကောက်ခံမှုက အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီ ပို့ကုန်လုပ်ငန်းများအတွက် တန်းတူညီမျှမှု အခွင့်အရေးရရှိစေပြီး ယခုကဲ့သို့ အိန္ဒိယပို့ကုန်များ အင်ဒိုနီးရှားသို့ တိုးမြှင့်တင်ပို့နိုင်ရန် ထည့်သွင်းစဉ်းစားစေသည့် အကြောင်းတစ်ရပ်ဖြစ်ကြောင်းဖြင့် Economic Times သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အားဖြင့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂၁ ဒသမ ၁၁ ဘီလီယံရှိပြီး ၂၀၂၅ ခုနှစ်အရောက်တွင် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၅၀ ဘီလီယံအထိ တိုးမြှင့်ရောက်ရှိရေး နှစ်နိုင်ငံခေါင်းဆောင်များက ရည်မှန်းချက်ချမှတ်ထားရှိသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ထိုင်းဘတ်ငွေတန်ဖိုးမြင့်တက်နေမှုကြောင့် ပြည်ပဆန်တင်ပို့မှု ကျဆင်း

ထိုင်းနိုင်ငံ ပြည်ပဆန်တင်ပို့မှုမှာ ထိုင်းဘတ်ငွေတန်ဖိုးမြင့်တက်နေမှုကြောင့် ကမ္ဘာ့ဈေးကွက်၌ ယှဉ်ပြိုင်စွမ်းအား ကျဆင်းစေကာ ရည်မှန်းထားသည့် Target ထက် လျော့နည်းနိုင်ကြောင်း သိရှိရသည်။

ထိုင်းပြည်ပဆန်တင်ပို့သူများအသင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ထိုင်းပြည်ပဆန် သဘော်တင်ပို့မှုမှာ ယခုနှစ်အတွက် ဆန်ဖြူ (White Rice) ပြည်ပတင်ပို့မှု သိသိသာသာ လျော့ကျခဲ့ခြင်းကြောင့် တန်ချိန်ရှစ်သန်းအထိ ကျဆင်းနိုင်ကြောင်း ပြောကြားခဲ့သည်။

ဘတ်ငွေတန်ဖိုးမြင့်တက်နေမှုက ထိုင်းဆန်များအား အခြားနိုင်ငံများ၏ ဆန်များထက် ဈေးပိုကြီး မြင့်စေကြောင်း၊ အဆိုပါအကြောင်းကြောင့် ဆန်ဖြူသဘော်တင်ပို့မှုမှာ ယခင်နှစ် တန်ချိန် ၅ဒသမ ၄၉ သန်း တင်ပို့နိုင်မှု ထက် ၃၅ ရာခိုင်နှုန်း ကျဆင်းခဲ့ရကြောင်း၊ ထိုင်းဆန်ဝယ်ယူမှု အမှာစာများမှာ ယခုအချိန်တွင် မလှုပ်မရှားငြိမ်သက်နေကြောင်း၊ ယခုနှစ် စက်တင်ဘာလကုန်အထိ ဆန်တင်ပို့မှုမှာ တန်ချိန် ခြောက်သန်းသာရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထိုင်းပြည်ပဆန်တင်ပို့မှုအတွက် အဓိကခြိမ်းခြောက်မှုများတွင် ထိုင်းဘတ်ငွေတန်ဖိုးမြင့်တက်နေမှုနှင့် အဓိကဆန်အများဆုံးဝယ်ယူနေသည့် တရုတ်နိုင်ငံ၏ ဝယ်လိုအားကျဆင်းမှုတို့ပါဝင်ကြောင်း၊ အဓိကဆန်တင်သွင်းသည့် နိုင်ငံများအနေဖြင့်လည်း ၎င်းတို့၏ ဆန်ဝယ်ယူမှုမူဝါဒများ ပြောင်းလဲခဲ့ကြကြောင်း၊ ဥပမာအားဖြင့် ဆိုသော် ဖိလစ်ပိုင်နိုင်ငံတွင် ၎င်း၏ ပြည်တွင်းဈေးကွက်၌ ယှဉ်ပြိုင်စွမ်းအား တောင့်တင်းခိုင်မာစေရေးအတွက် ပုဂ္ဂလိက ကဏ္ဍများအားဆန်တင်သွင်းမှု ကဏ္ဍတွင် အဓိကအခန်းမှ ပါဝင်လာစေခြင်းကဲ့သို့ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ နောက်ဆုံးတင်ပြခဲ့သည့် အစီရင်ခံစာအရ ဆန်ပြည်ပတင်ပို့မှုမှာ ပထမ ရှစ်လအတွက် ၂၆ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တင်ပို့မှုတန်ချိန် စုစုပေါင်း ၅ ဒသမ ၃ သန်းရှိ ကြောင်း၊ ပို့ကုန်တင်ပို့နိုင်မှုမှာ ၂၂ ရာ ခိုင်နှုန်းကျဆင်းခဲ့ပြီး တန်ဖိုးအမေရိကန် ဒေါ်လာ ၂ ဒသမ ၈၇ ဘီလီယံရှိကြောင်း သိရှိရသည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခြင်းက စင်ကာပူ၏ GDP တိုးတက်မှုအပေါ် အထောက်အကူပြုနိုင်ဟု သုံးသပ်

ဆော်ဒီအာရေးဗျနိုင်ငံရှိ ရေနံချက်စက်ရုံများ တိုက်ခိုက်ခံရမှုကြောင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းသည် အာရှရှိစက်သုံးဆီအဓိက တင်သွင်းနေသော နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယားနှင့် ဖိလစ်ပိုင် စသည့်နိုင်ငံများအပေါ် ကြီးမားသည့် သက်ရောက်မှုရှိ နိုင်ပြီး စင်ကာပူသည်လည်း ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာသည့် ဆိုးကျိုးကို ရင်ဆိုင်ရဖွယ်ရှိကြောင်း ဈေးကွက်လေ့လာသူများက သုံးသပ်ပါ သည်။

ကမ္ဘာ့ရေနံထုတ်လုပ်မှု ပမာဏ ၏ ၁၀ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုသော ဆော်ဒီအာရေးဗျနိုင်ငံ၏ ရေနံထုတ်လုပ်မှုတွင် ထိလွယ်ရှလွယ်သောအခြေအနေများရှိသောကြောင့် ဆီဈေးနှုန်းသည် ဆက်လက်မြင့်တက်နေမည်ဟု Citi Research ဌာနက ခန့်မှန်းထားသည်။

ရေနံဆီဈေးနှုန်းသည် ၁၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သော်လည်း ဆော်ဒီအာရေးဗျက ရေနံထုတ်လုပ်မှု ယာယီပြတ်တောက်ခြင်းကို ရက်ပေါင်း ၄၀ အထိ ဖြည့်ဆည်းပေးနိုင်သည့် ၎င်း၏ ရေနံကုန်ကြမ်းလက်ကျန်များကို အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် အမေရိကန်သမ္မတကလည်း အမေရိကန်၏ အရေးပေါ် ကိစ္စရပ်များအတွက် သိုလှောင်ထားသည့်စက်သုံးဆီများကို ထုတ်သုံးသွားရန် ခွင့်ပြုထားပြီးဖြစ်ကြောင်း သတင်းများထုတ်ပြန်ခဲ့ပြီးနောက် စက်တင်ဘာ ၁၆ ရက်တွင် ရေနံဆီဈေးနှုန်းသည် သုံးရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။ ထို့ပြင် ဆော်ဒီအာရေးဗျနိုင်ငံ စွမ်းအင်ဝန်ကြီးက ဆော်ဒီ၏ ရေနံထုတ်လုပ်မှုသည် ပုံမှန် ပြန်လည်ထုတ်လုပ်လာနိုင်ပြီဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက် ညပိုင်းတွင် သတင်းထုတ်ပြန်ပြီးနောက်ပိုင်းတွင် ရေနံဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၈၂ (၅ ဒသမ ၇၃ ရာခိုင်နှုန်း) ထိ ပြန်လည် ကျဆင်းခဲ့ကြောင်း သိရှိရသည်။

စင်ကာပူအနေဖြင့် ၎င်း၏ စုစုပေါင်းရေနံတင်သွင်းမှု၏ ၁၀ ရာခိုင်နှုန်းခန့်ကို ဆော်ဒီအာရေးဗျမှ တင်သွင်းလျက်ရှိသည်။ စင်ကာပူတွင်စက် သုံးဆီဈေးနှုန်း ၁၀ ရာခိုင်နှုန်းမြင့်တက်တိုင်း ငွေကြေးဖောင်းပွမှုနှုန်းသည် သုည ဒသမ ၃ ရာခိုင်နှုန်းခန့် တက်လာကြောင်း၊ ကာလရှည် ရေနံဈေးနှုန်းမြင့်တက်မှု မဟုတ်ပါက သယ်ယူပို့ဆောင်ရေးနှင့် လျှပ်စစ်စွမ်းအင် လုပ်ငန်းများအတွက် အသုံးစရိတ် မြင့်တက်မည်ဖြစ်သော်လည်း ရေနံသန့်စင်သည့်လုပ်ငန်း များအတွက် အကျိုးအမြတ်ရရှိနိုင်ကြောင်း၊ စင်ကာပူ၏ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ကဏ္ဍသည် GDP ၏ ခြောက်ရာခိုင်နှုန်းအထိ ကိုယ်စားပြုသောကြောင့် ယခင်ရေနံကုန်ကြမ်းလက်ကျန်များကို သန့်စင်ထုတ်လုပ်ပြီး ဈေးနှုန်း အမြင့်ဖြင့် ပြန်လည်ရောင်းချခြင်းသည် စင်ကာပူ၏ GDP တိုးတက်မှုအပေါ် အထောက်အကူပြုနိုင်ကြောင်း DBS ဘဏ် ၏ ဝါရင့်စီးပွားရေးပညာရှင် Irvin Seah က သုံးသပ်ထားသည်။

**Source : The Straits Times/ Gulf News**

**မြတ်နိုး၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

## Acacia Bagan Travels & Tours

ပြည်တွင်းပြည်ပ

ခရီးသွားဖို့ဆိုရင် အကေးရှားပုဂံကို သတိရလိုက်ပါ။

ဝန်ဆောင်မှုကောင်းရမယ်။

သတင်းအချက်အလက် မြန်မြန်ရမယ်။

ငွေပေးချေမှု အဆင်ပြေ လွယ်ကူစေတယ်။

အမှတ် ၃၊ မြေညီထပ်၊ စော်ဘွားလမ်း၊ ၉ မိုင်

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉ ၇၉၇၄၇၇၂၀၀၊ ၇၉၇၄၇၇၃၀၀

Email : resv.acaciabagan@gmail.com

Info.acaciabagan@gmail.com




## GLOBAL FIRE ALARM CO., LTD

No.870,MaharBawga Street, Ward-8, Mayangone Township, Yangon.
E-mail: info@globalfirealarm.com, Phone (+95) 925 925 5514, 978 003 2977

*Available Services*

- Material Supply
- Consultation Services
- Design Services
- Installation Services
- Maintenence Services
- Inspection Services



Fire Pumps



CONVENTIONAL & ADDRESSABLE FIRE ALARM EQUIPMENT



Sprinkler System

Hydrant, Dry Riser, Wet Riser, Hose Reel System



Grooved Fittings

Kitchen Hood

FM 200 & NOVEC 1230

Vesda System



Fire Protection is only what we belong to
MATERIALS SERVICES MANPOWER

## HTOO LWIN

Copiers sales and services





Chit Moe Oo Co.,Ltd
Reg No. 1872/2015-2016(NPW)(24-3)

Add : No. 312/313, Kantharyar St eet, Bamaraye Ward, Dawpon Township, Yangon.
Ph : 09764317894, 0943107894
Email : sales.htoolwin@gmail.com
Facebook : www.facebook.com/Htoo-Lwin-Copier-147693395905242.



ZEP®
Zaw Electrical & Electronic Production
Inverter & Regulator
(ရန်ကုန်)အရောင်းနှင့်ဆားဗစ်စင်တာ - အမှတ်(၂၀၈)၊ဗိုလ်ထွန်းပက်လမ်း(အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ဖုန်း - ၀၁ - ၂၅၃၆၆၇၊၃၈၁၃၆၉
(မန္တလေး)အရောင်းနှင့်ဆားဗစ်စင်တာ - အမှတ် (၂၉၃)၈၃ လမ်း(၃၀ - ၃၁လမ်းကြား)၊ချမ်းအေးသာဇံမြို့နယ်၊ဖုန်း - ၀၉ - ၅၀၂၈၄၀၀၊၀၉-၄၀၂၂၅၀၀၇၀၊ ၀၉-၇၇၂၀၉၄၆၆၁၊ ၀၉-၇၉၁၆၇၇၇၂၂
ပစ္စည်းအမှာစာလက်ခံရာဌာန - အမှတ် (၂၁)ဒီပဲယင်းဝန်ထောက်ဦးမြလမ်း၊ ဒဂုံအရှေ့ပိုင်းစက်မှုဇုံမြို့၊ဖုန်း ၀၁ ၂၅၈၅၁၀၆၊ ၂၅၈၅၄၁၉၊ ၂၅၈၅၄၁၆၊ ၀၀၁၀၅၈၄
စက်ရုံ(ရန်ကုန်) ဖုန်း - ၀၉ ၇၇၂၇၂၈၅၀၀၊ ၀၉ ၇၇၂၇၂၈၅၀၁၊ ၀၉ ၇၇၂၇၂၈၅၀၂၊ ၀၉ ၇၇၂၇၂၈၅၀၃၊ ၀၉ ၇၇၂၇၂၈၅၀၄၊ ၀၉ ၇၇၂၇၂၈၅၀၅၊ ၀၉ ၇၇၂၇၂၈၅၀၆၊ ၀၉ ၇၇၂၇၂၈၅၇




Korea No. 1 Multi Active Vitamins
အထ်တစ်ဗီတာမင်အားဆေး
ARONAMIN® Gold
ကျန်းမာခြင်းရဲ့ဟီးရိုး အချိန်မင်ကိုးဒေါ်
ပျော်ရွှင်ဖွယ် သီတင်းကျွတ် အခါသမယတွင်
လူကြီး၊ မိဘ၊ ဆရာသမားတို့အား
ကျန်းမာခြင်းလက်ဆောင်နှင့်အတူ ဂါရဝပြုလိုက်ပါ။
Hotline :
097 83 85 83 86
DIVINE DEW
PREMIUM STEAM HAIR PACK
ဆံသားပေါင်းတင်ဆေး
ဒီနှစ်သီတင်းကျွတ်မှာ
ပိုးသားလေးလို ဆံကေသာတွေဖြစ်ဖို့ဆိုရင် ...
Divine Dew Steam Hair Pack လေးက ပြောင်းလဲပေးမှာနော် ...
BRING INNER BEAUTY OUT
HOTLINE : 099 530 56 777
ASIA WINNER INDUSTRIAL LTD.
UniqueCare Pharmaceutical Co., Ltd.
No. 25 (AWI Building), 63rd Street, Botahtaung Tsp., Yangon, Myanmar.
☎ : (95-1) 397096, 397097, 9010237, 9010238 Ext (201), Fax : (95-1) 397101

COMMERCE
INTERNATIONAL




# (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ကျင်းပ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီး(ကျွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နန်နင်းမြို့တွင် (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ နှင့်(၁၆)ကြိမ်မြောက်တရုတ်-အာဆီယံစီးပွားရေး နှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့ကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက်ခဲ့သည်။

ယခုနှစ်သည်တရုတ်-အာဆီယံမဟာဗျူဟာ မြောက်မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှု အနာဂတ် မျှော်မှန်းချက်(၂၀၃၀)ကို အကောင်အထည်ဖော် သည့်ပထမဆုံးနှစ်ဖြစ်သည့်အပြင်တရုတ်-အာဆီယံ မီဒီယာဖလှယ်ရေးနှစ်လည်းဖြစ်သည်။ ဤထူးခြား သည့်နှစ်တွင်(၁၆)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ ဆောင်ပုဒ်မှာ 'ရပ်ဝန်းနှင့် ပိုးလမ်းမ တည်ဆောက်ခြင်းဖြင့် ကျွန်ုပ်တို့မျှော်မှန်း သည့် အနာဂတ်တွင် မျှဝေခံစားမည့် အသိုက် အဝန်းတစ်ရပ် ဖြစ်ပေါ်လာရန်'ဟူ၍ ဖြစ်သော ကြောင့် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ဘက်စုံ ကဏ္ဍစုံ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် အဆင့်မြင့်ဆွေးနွေးပွဲများ ပါဝင်ကြသည်။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် အမျိုး သားပြခန်းဆောင်၊ ကုန်စည်ပြခန်းဆောင်၊ ရင်းနှီး မြှုပ်နှံမှုပြခန်းဆောင်၊ ဝန်ဆောင်မှုပြခန်းဆောင်၊ အဆင့်မြင့်နည်းပညာပြခန်းဆောင် စသည်ဖြင့် ခွဲခြား ပြသထားသည်။ ယခုနှစ်အတွက် အလှည့် ကျသည့်ဂုဏ်ထူးဆောင်နိုင်ငံမှာ အင်ဒိုနီးရှားနိုင်ငံ ဖြစ်ပြီး အထူးမိတ်ဖက်နိုင်ငံမှာ ပိုလန်နိုင်ငံဖြစ် သည်။ မြန်မာနိုင်ငံက အမျိုးသားပြခန်းဆောင်နှင့် ကုန်စည်ပြခန်းဆောင်များတွင် ပါဝင်ပြသခဲ့ သည်။ ယခုနှစ်တွင် မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာ မြို့တော်အဖြစ် မကွေးတိုင်းဒေသကြီး မကွေးမြို့ကို ရွေးချယ်၍ ကိုယ်စားပြုသည့် အမျိုးသားပြခန်း ဆောင်ကို တည်ဆောက် ပြသခဲ့သည်။

ကုန်စည်ပြခန်းဆောင်တွင် စားသောက်ကုန် အမျိုးမျိုး၊ တန်ဖိုးမြင့် စိုက်ပျိုးရေးထွက်ကုန်များ၊ ကြိမ်ထည်၊ သစ်သား အနုပညာလက်ရာများ၊ သဘာဝဆိုးဆေးဖြင့် ရက်လုပ်ထားသော ချည် ထည်များ၊ အော်ဂဲနစ်စိုက်ပျိုးရေးထွက်ကုန်ပစ္စည်း များဖြစ်သည့်လက်ဖက်၊ ကော်ဖီ၊ အဖိုးတန်ကျောက် မျက်ရတနာများ စသည်တို့ကို ပြခန်းပေါင်း ၁၆၅ ခန်းဖြင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၉၃၇ သန်းဖိုး ပါဝင်ပြသထားသည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက် ရေး စားပွဲဝိုင်းဆွေးနွေးပွဲတွင်လည်း ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စား လှယ်အဖွဲ့က ပါဝင်ဆွေးနွေးခဲ့သည်။ ထို့နောက် အာဆီယံ စက်မှုဇုန်များ၏ မြှင့်တင်ရေးဆွေးနွေးပွဲ သို့ Kayin State Chamber of Commerce and Industry နှင့် i-Land Industrial Park တို့မှ ကိုယ် စားလှယ်များ ပါဝင်ဆွေးနွေးကြသည်။

အထက်ဖော်ပြပါ ဆွေးနွေးပွဲများအပြင် မြန်မာနိုင်ငံဆိုင်ရာ ကုန်သွယ်စီးပွားမြှင့်တင်ရေး ဆွေးနွေးပွဲကိုလည်းကျင်းပခဲ့ရာ မြန်မာဘက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၏ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် တရုတ် ဘက်မှ ကွမ်ရှီး(ကျွမ့်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ ပါတီ ကော်မတီဝင်နှင့် ဒုတိယညွှန်ကြားရေးမှူး Mr. Lu Xian Bian၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကိုယ်စား မြန်မာနိုင်ငံစက်မှုလုပ်ငန်း ရှင်များအသင်းမှ တွဲဖက်အထွေထွေ အတွင်းရေး မှူး ဦးထွန်းထွန်းတို့က အမှာစကားများ ပြောကြား ခဲ့ကြသည်။

ထို့နောက် i-Land Industrial Park မှ အကြံ ပေးပုဂ္ဂိုလ် ဦးမောင်မောင်လှက ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများအကြောင်း၊ အောင်နေလင်း ထွန်းကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာဦးငွေထွန်းက မြန်မာ့ကော်ဖီကဏ္ဍအကြောင်း၊ မြန်မာလက်ဖက် အသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမောင်လွင်က မြန်မာ့ လက်ဖက်အကြောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်မှ ဝါရင့်ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်စိန် က မြန်မာ့ငါးလုပ်ငန်းကဏ္ဍ အကြောင်းတို့ကို ရှင်း လင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါပွဲသို့ မြန်မာ နိုင်ငံနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများပြုလုပ်ရန် စိတ်ပါဝင်စားသည့် တရုတ်ဘက်က လုပ်ငန်းရှင်များလည်း တက် ရောက်ခဲ့သည်ကိုတွေ့ရသည်။

ယင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံသစ်သီး ဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ် လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ပင်းရှန် အပြည်ပြည်ဆိုင်ရာ သစ်သီးဝလံကူးသန်းရောင်း ဝယ်ရေးအသင်းတို့အကြား နားလည်မှုစာချွန်လွှာ တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၎င်းစာ ချွန်လွှာအရ ပင်းရှန်အပြည်ပြည်ဆိုင်ရာ သစ်သီး ဝလံ ကူးသန်းရောင်းဝယ်ရေးအသင်းက မြန်မာ နိုင်ငံမှ ငှက်ပျောသီး၊ ထောပတ်သီး၊ နာနတ်သီး၊ သရက်သီးနှင့် သခွားမွှေးတို့ကို ဝယ်ယူရန်စိတ် ပါဝင်စားပြီး မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်း ချသူများအသင်းက တရုတ်နိုင်ငံမှ ပန်းသီး၊ ပန်းသစ်တော်သီးနှင့် မက်မွန်သီးတို့ကိုဝယ် ယူရန် စိတ်ပါဝင်စားလျက်ရှိသည်။ နှစ်နိုင်ငံအကြား သီးနှံ ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်သွားရန်၊ တစ်နိုင်ငံချင်း၏ မူဝါဒနှင့် အညီ ဆောင်ရွက်သွားရန်၊ စားသုံးရန် ဘေးကင်း မှုရှိသော သစ်သီးဝလံများ ဖွံ့ဖြိုးလာစေရေးမြှင့် တင်သွားရန်၊ နှစ်နိုင်ငံလုံးမှ စားသုံးသူများအတွက် အရသာ အကောင်းဆုံးဖြစ်သည့် သစ်သီးဝလံ များကိုမိတ်ဆက်သွားရန်၊ လတ်ဆတ်သစ်သီးဝလံ ထုတ်လုပ်မှုလုပ်ငန်းတွင် သဘာဝပတ်ဝန်းကျင်၊ အရည်အသွေး ကြီးကြပ်ကွပ်ကဲမှု၊ ပိုးမွှားကင်းစင် မှုစမ်းသပ်စစ်ဆေးရေးတို့တွင် အပြည်ပြည်ဆိုင် ရာ စံချိန်စံညွှန်းများနှင့်အညီ တက်ကြွစွာဆောင် ရွက်သွားရန်အတွက် ပူးပေါင်းဆောင်ရွက်သွား ကြမည်ဖြစ်ကြောင်း အပြန်အလှန် သဘောတူခဲ့ ကြသည်။

ဤကဲ့သို့မြန်မာနိုင်ငံက တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင်(၁၆)ကြိမ်တိုင်တိုင် ပါဝင်ပြသခဲ့ ခြင်းကြောင့်တရုတ်နိုင်ငံ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ များနှင့်သာမက ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် ပါဝင်သောနိုင်ငံများနှင့်ပါ ခင်မင်ရင်းနှီးမှုတိုးမြှင့် ကာ ကူးသန်းရောင်းဝယ်မှုများကို တစ်နှစ်ထက် တစ်နှစ် တိုးတက်ဆောင်ရွက်လာနိုင်သည်ကို တွေ့ရှိရပါသည်။

အထူးသဖြင့် ယခုကျင်းပသည့် ပြပွဲကာလ အတွင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်း သီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချ သူများအသင်းမှ နားလည်မှုစာချွန်လွှာ တစ်ရပ် လက်မှတ်ရေးထိုးနိုင်ခဲ့မှုမှာ မြန်မာနိုင်ငံ၏ သစ်သီးဝလံကဏ္ဍနှင့် သစ်သီးဝလံ စိုက်ပျိုးထုတ် လုပ်သူများ၏ လူနေမှုဘဝမြှင့်တင်ရေးကိုများစွာ အထောက်အကူပြုပေးနိုင်မည်ဖြစ်သဖြင့် အကျိုး ရလဒ်များစွာရရှိသော ကုန်စည်ပြပွဲကြီးဖြစ် ကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**ဒေါက်တာရွှေစင်ကို**
**စီးပွားရေးသံမှူး (နန်နင်းမြို့)**

If you can't reuse it,refuse it
ပြန်လည်သုံးစွဲ၍မရပါက ထိုပစ္စည်းများ သုံးရန်ငြင်းဆန်ကြ။